
mgyoe.com

# သခင်ဖေလေးမောင်၏
# သခင်ဖေလေးမောင်



mgyoe.com

သခင်လေးမောင်၏သခင်လေးမောင်

စာမျက်နှာ ၂၂၁ မျက်နှာ၊ ၁၄ · ၅ စင်တီ x ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဧပြီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၃ ဥဒါန်းစာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# သခင်လေးမောင်၏
# သခင်လေးမောင်

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | အမှာစာ | က |
| ၁။ | ငယ်ရွယ်စဉ် | ၁ |
| ၂။ | အထက်တန်းကျောင်းသားဘဝနှင့် မြန်မာ့ယဉ်ကျေးမှုသြဇာ | ၇ |
| ၃။ | တက္ကသိုလ်နယ်မြေနိုင်ငံရေးနှင့် အမိမြန်မာနိုင်ငံရေးသို့ | ၁၉ |
| ၄။ | ရေနံချောင်းမြို့ ပထမအကြိမ်မြောက် တို့ဗမာ (သခင်) ညီလာခံ | ၃၆ |
| ၅။ | နယ်ချဲ့ဆန့်ကျင်တော်လှန်ရေးအသွင်ဆောင်သော ဒုတိယကြိမ်မြောက် သခင်ညီလာခံ | ၄၆ |
| ၆။ | ၁၃၀၀ – ပြည့်အရေးတော်ပုံနှင့် တို့ဗမာအစည်းအရုံး | ၅၅ |
| ၇။ | နယ်ချဲ့စနစ်ဆန့်ကျင်ရေး ပြည်သူ့တပ်ပေါင်းစု ပုံစံမကျသော နိုင်ငံရေးတိုက်ပွဲ | ၆၉ |
| ၈။ | ဖက်ဆစ်စနစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးတိုက်ပွဲ | ၈၁ |
| ၉။ | စစ်ပြီးစ ကက်(စ)ဘီခေတ် ဗြိတိသျှနယ်ချဲ့ပရိယာယ် | ၉၂ |
| ၁၀။ | ဗမာ့လွတ်လပ်ရေးတိုက်ပွဲနှင့် နယ်ချဲ့စေ့စပ်ရေးလမ်းစဉ် | ၁၀၀ |
| ၁၁။ | နယ်ချဲ့စနစ်နှင့် စေ့စပ်ခဲ့သော ဖောက်ပြန်ရေးခေတ် | ၁၀၈ |
| ၁၂။ | ကိုရီးယားစစ်ပွဲနှင့် ပါလီမန်ဒီမိုကရေစီ | ၁၁၈ |
| ၁၃။ | ပြည်တွင်းငြိမ်းချမ်းရေးပြဿနာနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး | ၁၂၈ |
| ၁၄။ | အာရှအာဖရိကသွေးစည်းရေးနှင့် နယ်ချဲ့စနစ်ဆန့်ကျင်ရေး | ၁၄၅ |


mgyoe.com

mgyoe.com
၁၅။ သပြေခက် ပန်ဆင်ခွင့်မရသောဇနီး ၁၆၃
၁၆။ ဗမာ့တော်လှန်ရေးအတွက် သင်ခန်းစာ ၂၁၁

▢

mgyoe.com

mgyoe.com

# အမှာစာ

နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ တစ်ဆက်တည်း ဆင်နွှဲလာခဲ့သည့် အတွေ့အကြုံများကား ခေတ်သစ်ကမ္ဘာ့လူသား အဆင့်မီရေး ပြန်လည်ချိတ်ဆက်ကြသည့် အမျိုးသား လှုပ်ရှားမှုကြီးတွင် အရေးပါသော ဗဟုသုတမှတ်တမ်းဟု ဆိုရမည်။ နိုင်ငံရေးကား နှစ်အဆက်ဆက် လူ့အသက်ပေါင်းများစွာ စတေးအရင်းတည်နိုင်ပါမှ အသင့်အတင့် တိုးတက်ပြောင်းလဲမှု ဖြစ်ပေါ်လာခဲ့ရာ ယနေ့ 'လွတ်လပ်ပြီ' ဆိုသော အခြေအနေ၌သည်ပင်လျှင် ပြည်သူလူထုများအဖို့ စိတ်ချကျေနပ်လောက်သည့် နိုင်ငံရေးမျိုး မဖွံ့ဖြိုးနိုင်သေးဘဲ ရှိနေခြင်းမှာ ကြီးမားသော လက်ငင်းအမျိုးသားပြဿနာ ဖြစ်လေသည်။

နိုင်ငံရေး တိုးတက်ပြောင်းလဲမှုဖြစ်စဉ်တွင် တစ်စတစ်စ (Evolution) ခေါ် ပြောင်းလဲခြင်းနှင့် အခြေခံမှစ၍ တစ်မုဟုတ်ချင်း ခုန်ပေါက်ပြောင်းလဲသည့် (Revolution) ခေါ် တော်လှန်ပြောင်းလဲခြင်းဟူ၍ နှစ်မျိုးရှိရာ ယခုအခါ မြန်မာပြည်တွင် အထွေထွေအရပ်ရပ် ပြည်တွင်းပြည်အခြေအနေ၏ တောင်းဆိုချက်အရ တော်လှန်ပြောင်းလဲသောနည်းဖြင့် ဆိုရှယ်လစ်နိုင်ငံ ထူထောင်နိုင်ကြလျှင် မျက်မှောက်ရင်ဆိုင်နေရသည့် အမျိုးသားပြဿနာများ ပြေလည်ရမည်ဟု တိုးတက်သော အယူအဆရှိသူတိုင်း သဘောပေါက် နားလည်ကြသည်။

ဓနရှင်နိုင်ငံများ၌ အသုံးပြုသော ပါလီမန်ဒီမိုကရေစီနည်းဖြင့် ပြုပြင်ပြောင်းလဲခြင်းမျိုးမှာ မြန်မာပြည်တွင် လက်တွေ့အကျိုးဖြစ်ထွန်းမှုမပေးဘဲ ဗြူရိုကရက်တစ် ဓနရှင် စီးပွားရေးစနစ်ကိုသာ အားပေးလျက် တိုင်းခြားနယ်ချဲ့ဓနရှင်ဩဇာကို ဝင်ထိုးဖောက်ရန်

mgyoe.com

mgyoe.com


ညှော်ခံသကဲ့သို့ ဖြစ်စေပြီး ခေတ်သစ်အမျိုးသားသွေးစည်းမှု၊ လူမျိုးစုံချစ်ကြည်မှု ပျက်ပြား စေကာ တော်လှန်ရေးခေါင်းဆောင် အလုပ်သမားလူတန်းစားပါတီများ ကွဲပြားမှုကိုသာ ဖန်တီးခဲ့သည်။ ထို့ကြောင့် ဝိဇ္ဇာနည်းကျသော ဆိုရှယ်လစ်တော်လှန်ရေး ကျင့်သုံးဆောက် တည်ကြရန် အာသီသဖြစ်ပေါ်လာခြင်းကို ကြိုဆိုလျက် တစ်ချိန်တည်းမှာ မရေမတွက်နိုင် သော တိုင်းပြည်အတွက် အသက်ပေးသွားခဲ့ကြသည့် လူအများ မသိကြသော အာဇာနည် ပုဂ္ဂိုလ်များ၊ သခင်၊ သခင်မများ၊ ရဲဘော်ရဲဘက်များ၊ ရဲနီ၊ ရဲမေများနှင့် ကွယ်လွန်သွားကြသူ ဘဘကြီး ဘသိုက်၊ မနုလားဘနုလားမေးရန် အမှုုးပြုသော မိဘနှစ်ပါး၊ ဇနီးသည် အပါအဝင် အစ်ကိုအစ်မများ၊ တူ၊ တူမများ၊ ညီ၊ ညီမများအား လေးစားသတိတရဖြင့် ဤကိုယ်ရေးသမိုင်းစာစောင်ကို ထုတ်ဝေလိုက်သည်ဖြစ်ရာ စစ်မှန်သော ဆိုရှယ်လစ် တော်လှန်ရေး၊ ဒီမိုကရေစီရေးနှင့် ပြည်တွင်းပြည်ပ ထာဝစဉ်ငြိမ်းချမ်းရေးတို့အတွက် အကျိုး ပြုပါစေသတည်း။

သခင်လေးမောင်

၅ - ၂ - ၆၃

□

mgyoe.com

mgyoe.com

# (၁)

# ငယ်ရွယ်စဉ်

၁၂၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့တစ်ချက်တီး (ခရစ်နှစ် ၁၉၀၈) စစ်ကိုင်းခရိုင် ချောင်းဦးနယ်၊ အမြင့်ရွာ၌ ရှစ်ပါးသီလစောင့် မိခင် ဒေါ်တင့်မှ မွေးဖွားရှိ ဖခင်ကား ဦးဘိုးထွန်းဖြစ်၏။ အမြင့်ကျေးရွာသည် လယ်ယာကိုင်းကျွန်းလုပ်ငန်း အမှီပြုလျက် (သလ္လာဝတီခေါ်) ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းပေါ် တည်ရှိခြင်းကြောင့် မြစ်ရိုးတစ်လျှောက် အထက်အောက်ကုန်သွယ်ဖလှယ်မှုအတွက် ကောင်း၏။ ရှေးအင်းဝ ခေတ်ကမူ အမြင့်မြို့စား မင်းသား နန်းစိုက်ခဲ့ပြီးနောက် မြန်မာမင်းအဆက်ဆက် အမြင့်ဝန်၊ ငါးမြို့စားစစ်ကဲ စသည်တို့ ရုံးစိုက်ခဲ့ရာမြို့ဖြစ်သဖြင့် ကျောင်းကန်ဘုရား ပေါများပြီး ခေတ်ဟောင်း မြန်မာ့ယဉ်ကျေးမှု အခြေခံလက်ရာများ ယနေ့ထိ ကျန်ကြွင်းနေသေး၍ မြင်တွေ့နိုင်၏။

မိဘများကား လယ်လုပ်၊ ကုန်သွယ်မှုဖြင့် မူလဥ္စ ချောင်လည်စွာ အသက်မွေးစား ကြသူ လူလတ်တန်းစားများ ဖြစ်သည်။ ပထမကမ္ဘာစစ်ပြီးနောက် ကမ္ဘာ့ရိက္ခာရှားပါးမှု ကြောင့် ဆန်စပါး၊ ပဲ၊ ပြောင်း ဈေးကောင်းကြ၍ အသင့်အတင့် အကျိုးခံစားကြရသော် လည်း မတည်ငြိမ်သော ဈေးနှုန်းအခြေအနေတွင် နောင်ခေတ်များ၌ အကျပ်အတည်းများ နှင့်သာ အခြားလူလတ်တန်းစားနည်းတူ ကြုံတွေ့ကြရသည်။ အမြင့်ကျေးရွာ လောကဓာတ် စာသင်ကျောင်း သုံးတန်း၌ ရောက်သည့်အချိန်မှစ၍ မိဘများ၏ စီးပွားရေးအခြေအနေမှာ မြင့်တုံနိမ့်တုံ မတည်ငြိမ်ဘဲ ဖြစ်ခဲ့၏။ စစ်ကိုင်းမြို့ အစိုးရ အင်္ဂလိပ်မြန်မာ အထက်တန်း

mgyoe.com

mgyoe.com

ကျောင်းသို့ ၁၉၂၀ ခုနှစ် ဆက်လက်တက်ရောက် ပညာသင်ကြားခွင့်ကိုပင် ကျေးရွာလောကဓာတ်ကျောင်း လေးတန်းစကောလားရှစ်ဆိုသည့် ပညာသင်ဆုငွေ ငါးနှစ် အကူအညီ ရရှိခဲ့ခြင်းကြောင့် ဖြစ်သည်။

စစ်ကိုင်းမြို့သည် ဧရာဝတီမြစ်အကွေ့ မြစ်ငယ်မြစ်ဆုံရာ အင်းဝမြို့ဟောင်းနှင့် မျက်နှာချင်းဆိုင် တစ်ဖက်စီတည်ရှိလျက် မန္တလေး၊ အမရပူရမြို့ဟောင်း စသော မြန်မာ့မြို့တော်ဟောင်းများနှင့်လည်း နီးပြီး သမိုင်းဝင် ကောင်းမှုတော်ဘုရား၊ ထူပါရုံဘုရား၊ ငါးထပ်ကြီးဘုရား၊ ဆင်များရှင်ဘုရား၊ စစ်ကိုင်းတောင် ဆွမ်းဦးပုညရှင်ဘုရားများအပြင် ကိုလိုနီခေတ် ဧရာဝတီမြစ်ကူးဖြတ်သည့် အင်းဝမီးရထား တံတားကြီးတို့ကြောင့် နာမည်ကျော် စိတ်ဝင်စားစရာ ရှေးမြန်မာမြို့ကြီးတစ်မြို့ ဖြစ်၏။ ဗြိတိသျှခေတ်မှ ယခုခေတ်အထိ တိုင်းမင်းကြီးနှင့် အရေးပိုင် (ခရိုင်ဝန်) ရုံးစိုက်ရာမြို့ဖြစ်ပြီး ခေတ်မီမြို့အင်္ဂါ မစုံလင့်ကစား မြန်မာ့ရိုးရာ အိမ်တွင်းလက်မှု ရက်ကန်းလုပ်ငန်း၊ သီးပင်ပန်းပင်ခြံလုပ်ငန်းများဖြင့် စိမ်းလန်းစိုပြည်သည့် မြို့တစ်မြို့ဟု ဆိုရမည်။ မင်းဝံတောင်တန်း အစိတ်အပိုင်း၊ စစ်ကိုင်းတောင်ရိုးချောင်များတစ်လျှောက် သီတင်းသုံးကာ ပရိယတ္တိ၊ ပဋိပတ္တိ စောင့်ထိန်းလေ့ကျင့်ကြသူ ရဟန်းနှင့် သီလရှင်များ သီတင်းသုံးနေထိုင်ကြရာ သာသနာ့ရိပ်သာတစ်ခုလည်း ဖြစ်သဖြင့် စစ်ကိုင်းမြို့နှင့် စစ်ကိုင်းတောင်မှာ မြန်မာပြည်တွင် မသိသူရှား၏။

တစ်ဆယ့်သုံးနှစ်သားအရွယ် အမြင့်ကျေးလက် လောကဓာတ် မြန်မာစာသင်ကျောင်းမှ စစ်ကိုင်းမြို့ အစိုးရအင်္ဂလိပ်မြန်မာ အထက်တန်းကျောင်းသို့ ကူးပြောင်းပညာသင်ယူရသော လူငယ်တစ်ဦးအဖို့ အရပ်ရပ်ပတ်ဝန်းကျင် အခြေအနေသစ်များနှင့် ရင်ဆိုင်ကာ မိဘဆွေမျိုး အုပ်ထိန်းမှုမှ လွတ်ထွက်လာလျက် ကျောင်းအိပ်ကျောင်းစား၊ အစုအဝေးနှင့် တစ်အိမ်တည်းနေ၊ တစုတပေါင်းတည်းစား၊ တစ်ကျောင်းတည်း၌ စည်းကမ်းစနစ်ကျနစွာ အုပ်ထိန်းသူ လူသစ်များအောက် ခေတ်ပညာသင်ကြားရခြင်းကား ဘဝသစ်တစ်ခုသို့ ကူးပြောင်းလာရခြင်း အမှန်ပင်ဖြစ်၏။

အစိုးရအထက်တန်းကျောင်းဖြစ်သည်နှင့်အညီ မြို့ပေါ်မှ နေ့ကျောင်းသားများအပြင် အစိုးရအထောက်အပံ့ခံ ပညာတော်သင်များ စစ်ကိုင်းတိုင်းအတွင်း ချင်းတောင်ဒေသမှလည်းကောင်း၊ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးကုတ်မြို့များမှလည်းကောင်း၊ ရှမ်းပြည်မှလည်းကောင်း အသီးသီးရောက်ရှိနေထိုင် သင်ကြားကြရာ ကျောင်းသားဘဝ ဆက်ဆံရေးမှာ မမျှော်လင့်သော ကျယ်ဝန်းတိုးတက် ဖြစ်ပေါ်လာမှုကြောင့် ခေတ်သစ်ကျောင်းသားအစုအဝေး အမြုတေသရုပ်ဆောင်၏။

mgyoe.com

mgyoe.com


ကျောင်းအုပ်ဆရာကြီးမှာ မစ္စတာဖလေဆင်ခေါ် မျက်နှာဖြူလူမျိုးဖြစ်၏။ ဆရာကြီးသည် စည်းကမ်းထိန်းသိမ်း ကွပ်ကဲရာ၌ စေ့စပ်တိကျခြင်း၊ အထက်တန်းအင်္ဂလိပ်စာ သင်ကြားပို့ချမှု၌ ကျင်လည်ခြင်း၊ ကျောင်းသားများနှင့် ဆက်ဆံရာတွင် တည်ကြည်ခြင်း အရည်အချင်းများရှိ၏။ တနင်္လာနေ့နံနက်တိုင်း ၈ နာရီခန့် အချိန်မှန်မှန် ကျောင်းအိပ်ကျောင်းစား ဘော်ဒါဆောင်သို့ (အင်စဖက်ရှင်) တက်ရောက်စစ်ဆေးမှု ပြုလုပ်သည့်အခါ မော်နီတာကျောင်းသားခေါင်းဆောင်၏ နှိုးဆော်မှုဖြင့် ဘော်ဒါကျောင်းသားများက ခန်းဆောင်တစ်ခုလုံး ခုတင်အိပ်ရာ၊ အိပ်ခင်းများပါမကျန် စနစ်တကျ သပ်ရပ်စွာ သန့်ရှင်းမှု ပြုလုပ်ကြရလျက် မိမိကိုယ်ကိုလည်း ကျောင်းတက်ရန်အသင့်ဖြစ်သော ရေမိုးချိုးဖြီးလိမ်း ဝတ်စားဆင်ယင်မှု အနေအထားဖြင့် ကျောင်းအုပ်ဆရာကြီးအလာ သက်ဆိုင်ရာခုတင်များ တည့်တည့်စိ၌ မတ်တတ်ရပ် အလေးပြုခဲ့ကြခြင်းများ ယနေ့တိုင် သတိရသေး၏။

ဤမျှ စည်းကမ်းသေဝပ် ပြေပြစ်စွာ ပညာသင်ခံယူ သင်ကြားပို့ချနေသော ကျောင်းသားစုစုပေါင်း သုံးရာကျော်လောက်မှာ ဗြိတိသျှအစိုးရတို့ တန်ခိုးသြဇာကြီးနေခိုက် သိပ်သည်းသော အမှုထမ်းအရာထမ်းဖြစ်ရေး၊ ကိုလိုနီပညာရေးစနစ်မှာ ကျွန်ခံရလှသည်ဟု အပေါ်ယံကြည့်က ထင်မြင်စရာရှိသော်လည်း အကယ်စင်စစ် ခိုင်မာနက်နဲ သိပ်သည်းသော လူ့အဆောက်အအုံတစ်ခုမဟုတ်ကြောင်း ကျွန်ုပ်စတင်သင်ကြားသည့် ၁၉၂၀ ပြည့်နှစ်၌ပင် လျှင် ပြည်လုံးကျွတ်အမျိုးသား နိုင်ငံရေးလှုပ်ရှားမှု ဂယက်အတွင်း ကိုလိုနီကျွန်ပညာဆန့်ကျင်ရေး ယူနီဗာစီတီကျောင်းသားသပိတ် လှုပ်ရှားမှုကြီးဖြစ်လာစဉ် ထင်ရှားစွာ တွေ့ကြုံသိရှိခဲ့ရသည်။ ဘော်ဒါကျောင်းသားကြီးများက ခေါင်းဆောင်၍ ကျွန်ုပ်အပါအဝင် ကျောင်းအိပ်ကျောင်းစား ငါးဆယ်ကျော်သည် ဒီဇင်ဘာလ၏ နေ့တစ်နေ့ ချမ်းအေးသော ညနေစောင်းအချိန် တစုတပေါင်းတည်း လှည်းများဖြင့် စစ်ကိုင်းတောင်ခြေ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ ထိုမှတစ်ဆင့် ငါးထပ်ကြီးဘုရားလမ်း ဆင်နင်း ဘုန်းတော်ကြီးကျောင်းတို့သို့ ချီတက်သွားကြရသည်မှာ စစ်ကိုင်းအစိုးရ အထက်တန်း ကျောင်းသားသပိတ်၏ ပထမခြေလှမ်းပင် ဖြစ်တော့သည်။

သပိတ်၏ ဒုတိယနေ့ရောက်မှ ကျောင်းသားခေါင်းဆောင်ကြီးများ၏ ရှင်းလင်းဟောပြောမှုကြောင့် ကျွန်ုပ်တို့ကား ယူနီဗာစီတီ အက်ဥပဒေဆန့်ကျင်၍ အမျိုးသားပညာရေး ထူထောင်မှု သပိတ်တိုက်ပွဲတွင် စစ်ကိုင်းမှနေ၍ ပါဝင်ဆင်နွှဲနေကြရကြောင်း သိကြရ၏။ မြို့တွင်းရှိ ဝံသာနုမျိုးချစ်ပုဂ္ဂိုလ်အသီးသီးကလည်း ကျွန်ုပ်တို့အဖို့ လိုအပ်သည့် အစားအစာများ လာရောက်ပေးပို့ကြသည်မှာ မကုန်မခန်းနိုင်အောင် ဖြစ်၏။ ထိုနေ့က ကျောင်းသား

mgyoe.com

သုံးရာကျော်ရှိသော အစိုးရကျောင်းမှာ ကျောင်းသားနှစ်ရာကျော် မတက်ရောက်၍ ကျောင်းပိတ်လိုက်ရသဖြင့် ကျောင်းစည်းကမ်းပျက်ရကာ အရှက်တကွဲဖြစ်ရသည်မှာ အုပ်စိုးသူများအဖို့ သံဝေဂရစရာပင်။

ကျောင်းသားသပိတ်တိုက်ပွဲမှာ ဗြိတိသျှကုန်ပစ္စည်းသပိတ်တိုက်ပွဲ၊ ဗြိတိသျှယဉ်ကျေးမှု ဆန့်ကျင်ရေးတိုက်ပွဲများဖြစ်ကြသော တိုင်းရင်းဖြစ် ပင်နီ ပင်ဖြူ ဝတ်ဆင်ရေး၊ အမျိုးသားအချင်းချင်း ရိုင်းပင်းကူညီစောင့်ရှောက်ရေး၊ ဗိုလ်ဆံတောက်အစား ခေါင်းတုံးထားကြရေး စသည့် ဝံသာနုလှုပ်ရှားမှု တိုက်ပွဲများဖြင့် ဖြည့်စွက်အားတင်းပေးရင်း တစ်ချိန်တည်းမှာ အခလွတ်ကျောင်းများ ဖွင့်လှစ်သင်ကြားပေးမှုကို ကျောင်းသားကြီးများက ကိုယ်ကျိုးစွန့်လွှတ် အနစ်နာခံဆောင်ရွက်ကြခြင်းဖြင့် တစ်ပြည်လုံး အမျိုးသားကျောင်းပညာဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားမှု တစ်မုဟုတ်ချင်း ဖြစ်ပေါ်၍လာတော့၏။

ရန်ကုန်မြို့တွင် သပိတ်ကျောင်းသားခေါင်းဆောင်များနှင့် ရာဇဝင်ဆရာကြီး ဦးလွန်း (ယနေ့ဆရာကြီး သခင်ကိုယ်တော်မှိုင်း)၊ ဒီးဒုတ်ဦးဘချို (ကွယ်လွန်သူ)၊ ဦးဖိုးကျား (ကွယ်လွန်သူ)၊ အစရှိသော ပုဂ္ဂိုလ်များ၏ စေတနာ့ဝန်ထမ်းအကူအညီဖြင့် ဗဟန်းရပ်ကွက်၌ အမျိုးသားကောလိပ်ဖွင့်လှစ်ကြလျက် အခြားမြို့များတွင် အမျိုးသားအထက်တန်း၊ အလယ်တန်းကျောင်းများလည်း အသီးသီး အမျိုးသားပြည်သူ့စေတနာ ပြင်းပြမှု လက်တွေ့လုပ်ရပ်များကြောင့် အပုံ့အနှံ့ ပေါ်ထွက်၍လာရတော့၏။

ငယ်ရွယ်သော ကျောင်းသားတစ်ဦးအဖို့ သပိတ်သည် အမျိုးသားပညာရေးအတွက် ဗြိတိသျှအစိုးရအား ဆန့်ကျင်တိုက်ခိုက်ပွဲဖြစ်ကြောင်း ယေဘုယျသာနားလည်ပြီး အခြေအနေ၏ တွန်းပို့ရာ နောက်ဆုံး ယင်းအစိုးရကျောင်းသို့သာ အခြားလူငယ်ကျောင်းသားအများနှင့်အတူ ပြန်လည်တက်ရောက်သင်ကြားကြရသော်လည်း သပိတ်ခေါင်းဆောင်ကျောင်းသားကြီးများကား ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက် တစ်ဆက်တည်း သပိတ်တိုက်ပွဲဆင်နွှဲလျက် အမျိုးသားကျောင်းဆရာများအဖြစ် မိမိတို့လုပ်အားကို စတေးသွားကြသည်မှာ ချီးကျူးလေးစားအပ်သော စွန့်စားမှုတစ်ရပ်ဟူ၍ မှတ်တမ်းတင်ရပါမည်။

ဤသို့နှင့် ကျွန်တော်သည် အခြားကျောင်းသားများနှင့်အတူ သပိတ်လှန်၍ ပညာဆက်လက်သင်ကြားရင်း မိမိ၏ မိခင်စာပေမဟုတ်သော အင်္ဂလိပ်စာများ အပတ်တကုတ်ကြိုးစားနေရစဉ် မန္တလေး၌ နဝမမြောက် ဂျီ-စီ-ဘီ-အေ (ဝံသာနုအဖွဲ့ချုပ်) ကွန်ဖရင့်ကြီးများ ကျင်းပကြသည့်အခါ ကျောင်းသားများ၏ သပိတ်စတင်တိုက်ပွဲနေ့၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်ကို အမျိုးသားနေ့ဟူ၍ အသိအမှတ်ပြုကြောင်း ဆုံးဖြတ်သံကြား၍

mgyoe.com

mgyoe.com

ဝမ်းသာသလိုဖြစ်မိ၏။ တစ်ချိန်တည်းမှာ အမျိုးသားပညာရေးအစစ်အမှန် ထွန်းတောက်မှုမှ လမ်းလွှဲပေးရန် မြန်မာအလိုတော်ရိတစ်စုနှင့် ဗြိတိသျှနယ်ချဲ့တို့ ပူးပေါင်းကာ (ဒိုင်အာခီ) အုပ်ချုပ်ရေး တီထွင်လျက် ဗြိတိသျှအစေအပါး မြန်မာရုပ်သေးပညာရေး ငါးထောင်စား ဝန်ကြီးတစ်ဦး စစ်ကိုင်းမြို့သို့ တိုင်းခန်းလှည့်အလာ မြင်တွေ့ရသည့်အခါ ဝမ်းနည်း မကျေမနပ်ဖြစ်မိ၏။

ဤသည်တို့ကား ငယ်ရွယ်စဉ်အခါ စစ်ကိုင်းမြို့၌ ငါးနှစ်တာမျှ ပညာသင်ကြားရစဉ် တွေ့ကြုံခံစားခဲ့ရသော နနယ်သေးသည့် ကျောင်းသားတစ်ဦး၏ နိုင်ငံရေးရာ အတွေ့အကြုံများဖြစ်၏။ ယင်းတို့အား ယခုအခါ ပြန်လည်ဝေဖန် စစ်ဆေးကြည့်က ပြောင်းလဲလာသော လူနေမှုပတ်ဝန်းကျင်အတွင်း လူငယ်၏ ဘဝကြမ္မာ၊ လူငယ်၏ မျိုးရိုးအစဉ်အလာ ဇာတိမာန်၊ လူငယ်၏ ခေတ်သစ် ကျောင်းသားဆက်ဆံရေး စည်းကမ်းစနစ်၊ လူငယ်၏ အမျိုးသားယဉ်ကျေးမှု အမြော်အမြင်များကား မည်သို့ရှိခဲ့ပြီး ယင်းမြော်မြင်ယူဆချက်များကို မည်သည့်အရာများက ဖိနှိပ်ချုပ်ချယ်ထားကြသည်၊ မည်သည့်စနစ်များက လမ်းလွှဲအောင် ဖန်တီးနေကြသည်ကို တွေ့မြင်နိုင်၏။ လူငယ်၏ တိုးတက်မှုဖြစ်စဉ်၌ မိဘသားချင်းတို့၏ စီးပွားရေးအခြေအနေသည်လည်းကောင်း၊ ပတ်ဝန်းကျင်ကျေးရွာနယ်ပယ်၏ အခြေအနေ သည်လည်းကောင်း၊ အစိုးရပညာရေးစနစ်တစ်ခုလုံး၏ ကောင်းကျိုးဆိုးကျိုးသည် လည်းကောင်း၊ တစ်မျိုးသားလုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုရေးသည်လည်းကောင်း မည်မျှ စိမ့်ခြယ်လှယ်နေကြကြောင်းကိုလည်း တွေ့မြင်နိုင်၏။ တစ်ချိန်တည်းမှာ လူငယ် အပေါင်း၏ တိုးတက်ရေးလမ်းစဉ်ကား စီးပွားရေးအဟန့်အတား၊ ပညာရေးအဟန့်အတား၊ နိုင်ငံရေးအဟန့်အတား၊ လူမျိုးကွဲနယ်ချဲ့အစိုးရ၏ အရပ်ရပ်ခြယ်လှယ်မှု စနစ်အဟန့် အတားများအောက် ရုန်းကန်ဆန့်ကျင် တိုက်ပွဲဝင်ရသော လမ်းကြမ်းကြီးသာဖြစ်ကြောင်း မြင်တွေ့နိုင်၏။

ဒိုင်အာခီအုပ်ချုပ်ရေးကား ထိုစဉ်အခါ ကျောင်းသားအမြင်ဖြင့် ကျောင်းသား၏ ထိတွေ့ခံစားမှုအရ အမျိုးသားနိုးကြားရေး၊ အမျိုးသားညီညွတ်ရေး၊ အမျိုးသားပညာရေး ဆန့်ကျင်သော အုပ်ချုပ်ရေးတစ်ခုသာဖြစ်ကြောင်း ယေဘုယျသာ သိနားလည်သည်။ ၎င်း၏ ဆိုးဝါးနက်နဲသော တစ်မျိုးသားလုံး သွေးခွဲဖိနှိပ်သော နိုင်ငံရေးပရိယာယ်ကိုမူ ကောင်းစွာ မသိနားမလည်ပေ။

ထိုစဉ်က မြန်မာအမျိုးသား အထူးသဖြင့် အင်္ဂလိပ်ခေတ် ပညာတတ်တစ်စု၏ နိုင်ငံရေးရည်မှန်းချက်မှာ မြန်မာ့အစဉ်အလာနှင့် တိုက်ဆိုင်ညီညွတ်သော လုံးဝလွတ်လပ်ရေး

mgyoe.com

mgyoe.com


မဟုတ်။ ဗြိတိသျှနယ်ချဲ့အောက် ကိုယ်ပိုင်အုပ်ချုပ်မှု အခွင့်အရေးအတွက်သာ ဖြစ်သဖြင့် ဒိုင်အာခီအုပ်ချုပ်ရေးမှာ မြန်မာများအား ကိုယ်ပိုင်အုပ်ချုပ်တတ်အောင် သင်ကြားခံယူခွင့် ပေးသဖြင့် လက်ခံအပ်သည်ဟု ပြုပြင်ရေး (အချောင်သမား) ရွှေတောင်ကြားပါတီနှင့် ၂၁–ဦးပါတီတို့က ဝါဒဖြန့်ခဲ့ကြ၏။ ဆိုလိုသည်မှာ နှစ်ပေါင်းတစ်ထောင်ကျော် ကိုယ့်ပြည် ကိုယ် အုပ်ချုပ်လာခဲ့သူများအား အုပ်ချုပ်ရေးမတတ်သဖြင့် ဗြိတိသျှအောက် ခံယူသင်ကြား လျက် ဆက်လက်ကျွန်ခံရေးပင်ဖြစ်ရာ ၎င်းမှာ ဇာတိမျိုးရိုးရှိ မြန်မာအများက လက်မခံ နိုင်ကြပေ။ ထို့ကြောင့်လည်း ကျောင်းသား၏ သဘာဝအမြင်တင်မက ဝံသာနုမြန်မာအများ ကပင် ယင်းအုပ်ချုပ်ရေးကို ပြတ်ပြတ်သားသား သပိတ်မှောက်ခဲ့ကြခြင်းဖြစ်ကြောင်း သမိုင်း မှတ်တမ်းတွင် တွေ့ရလေသည်။

❐

mgyoe.com

mgyoe.com

## အခန်း (၂)

## အထက်တန်းကျောင်းသားဘဝနှင့် မြန်မာ့ယဉ်ကျေးမှုသြဇာ

စစ်ကိုင်းကျောင်းမှ ၈ တန်းအောင်မြင်ပြီးနောက် ၁၉၂၆ ခုနှစ်တွင် မန္တလေး အမေရိကန်သာသနာပြု (ကဲလီ) ကျောင်းသို့ အစ်ကိုကြီးတစ်ယောက်၏ အထောက်အကူဖြင့် ၉ တန်း ကျောင်းအိပ်ကျောင်းစားအဖြစ် ပညာဆက်လက်သင်ကြားခွင့် ရသည့်အခါ အခြေအနေမှာ တစ်ဆင့်တိုးတက်ပြောင်းလဲလာ၏။ ကျောင်းအိပ်ကျောင်းစားဦးရေ တစ်ရာကျော်နှင့် ကျောင်းသားစုစုပေါင်း ၇၀၀ မျှ ခရစ်ယာန်သာသနာပြု အဆောက်အအုံ တစ်ခုအတွင်း ပညာသင်ကြားရသည်မှာ အင်္ဂလိပ်စာတတ်မြောက်ရေးသက်သက်အတွက်သာ အကျိုးရှိပြီး ပတ်ဝန်းကျင်ပေါင်းသင်းဆက်ဆံရေးအဖို့ စစ်ကိုင်းမှာထက် ကျယ်ဝန်းလာသော်လည်း ကျောင်းသား၏ တိုးတက်မှုအလားအလာမှာ ကောင်းလှသည်မဟုတ်ပေ။

သို့ရာတွင် အနှစ်လေးဆယ်မျှလောက်က မြန်မာပြည်၏ နောက်ဆုံးဘုရင် သီပေါမင်း ထီးနန်းကို စွန့်ခွာသွားခဲ့သော ရတနာပုံမန်းနေပြည်တော်၏ အဆောင်အယောင်၊ ပတ်ဝန်းကျင်အတွင်း အထက်တန်းကျောင်းသားအဆင့်ဖြင့် အရွယ်ရောက်စ သူငယ်တစ်ယောက်အဖို့ တွေ့ထိလေ့လာရန် အကွက်အလက်များနှင့် တပ်မက်ဖွယ်၊ အားကျဖွယ် အချက်အလက်များအပြင် အာရုံသစ်၊ အမြင်သစ်ဖြင့် ရှုကြည့်တွေးဆစရာအဖြာဖြာနှင့် စုံလင်လှသည်ဟု ဆိုရမည်။ မြန်မာ့အချုပ်အခြာအာဏာ ပျောက်ကွယ်သွားရပြီးနောက် ရတ်တရက် ပျောက်ကွယ်မသွားနိုင်သည့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ထုံးတမ်းဓလေ့၊ မြန်မာ့ စက်မှုလက်မှုအတတ်ပညာနှင့်တကွ မြို့ကြီးသားမြန်မာတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊

mgyoe.com

 mgyoe.com 

နေထိုင်လုပ်ကိုင် ဆက်ဆံမှုအရပ်ရပ်တို့ကို လေ့လာနိုင်ရန် မန္တလေးမြို့မှာထက် ကောင်းမွန်သောမြို့ကား မြန်မာပြည်တွင် မရှိနိုင်ပေ။

ထို့ကြောင့် ခေတ်ပညာ တစ်ဆင့်တက်သင်ကြားရင်း မန္တလေးမြို့သို့ ရောက်လာသည့်အခါ မြို့၏ စနစ်တကျ အကွက်ရိုက်ကာ နန်းတော်မြို့ရိုး၊ ပြအိုးတန်ဆောင်း၊ သူရဲခိုကျုံးမြောင်း၊ ခံတပ်များမှစ၍ အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင်ဟူ၍ လေးပြင်လေးရပ်မြို့များ ခွဲခြားသတ်မှတ်ကာ တည်ထားခဲ့ကြပုံ၊ ရသေ့ဦးခန္တီ လုံ့လဝီရိယဖြင့် မွမ်းမံတည်ဆောက်လာခဲ့သော မန္တလေးတောင်တော်၊ ဘိုးတော်ဘုရားလက်ထက် ရခိုင်ပြည်မှ ပင့်ဆောင်လာခဲ့သော မဟာမြတ်မုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်အပြင် ဘုရင်အဆက်ဆက် တည်ခဲ့ကြသော ကျောက်တော်ကြီး၊ အိမ်တော်ရာသကျသီဟ၊ ရွှေကြီးမြင့် ဘုရားနှီ အစရှိသည့် ဘုရားပုထိုးများ၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၏ စာသင်တိုက်ကြီးများမှာကား လေ့လာဖူးမြော်မဆုံး ဖြစ်ရသည်။

ဤသို့ အထိုက်အလျောက် သိတတ်သောဘဝ၌ တစ်ခုတည်းသော မမှားနိုင်သည့် ငါ၏လမ်းစဉ်မှာ ကျောင်းနေခိုက် စာမေးပွဲအောင်ရေးသာ အဓိကဖြစ်ရမည်။ ရိုးရိုးကျဉ်းကျဉ်း ယုံကြည်ချက်နှင့် အတန်းစာပေများ အထူးကြိုးစားအားထုတ်ရင်း အချိန်ကုန်စေခဲ့၏။ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် မြို့တွင်းလှည့်လည် ဗဟုသုတရှာဖွေမှု မပြုလုပ်နိုင်အောင် အနှောင့်အယှက်ကြီးကား နံနက် ၇ နာရီမှစ၍ နေ့လယ် ၂ နာရီအထိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတက်ရခြင်း၊ ကျမ်းစာသင်တန်းတက်ရခြင်းတို့ပင် ဖြစ်၏။ သာသနာပြုဘုန်းကြီးများသည် နုနယ်သော ကျောင်းသားများအား ထိုနေ့၌ သူတို့၏ သာသနာ့ဘောင်အတွင်း သွတ်သွင်းရေးတရားဓမ္မ ဟောပြောဝါဒဖြန့်ကြရာတွင် လူငယ်များ ပျော်ရွှင်စိတ်ပါဝင်စားစေရန် အားလပ်ချိန်၌ အကျွေးအမွေးများဖြင့် ဧည့်ခံခြင်း၊ ဘုရားဝတ်ကျောင်းတက်ရောက်သီချင်း သီဆိုကြရာတွင် (အေ–ဘီအင်) အမျိုးသမီးကျောင်းသူအပေါင်းနှင့် ယှဉ်တွဲသီချင်းဆိုစေခြင်းအမှု ပြုလုပ်ကြသဖြင့် အချို့သော အရွယ်ရောက် ကျောင်းသားများကမူ ထိုတနင်္ဂနွေနေ့မှာ ဖိမမိတ်ဆုံပျော်ရွှင်ပွဲ၊ ပိုးပန်းပွဲနေ့ကြီးကဲ့သို့ သဘောထား တက်ရောက်ကြ၏။ ကျွန်ုပ်နှင့်တကွ ကိုယ်ပိုင်တွေးဆတတ်သူ အရွယ်ရောက်ကျောင်းသားများကား ထိုနေ့၌ နောက်တန်းမှ ဟန်ဆောင်ဘုရားရှိခိုးပွဲတက်ပြပြီး ၁၅ မိနစ်မျှအကြာ ဣန္ဒြေရှိစွာဖြင့် နောက်သို့ ဆုတ်ခွာထွက်လာကြလျက် မရောက်ဖူးသေးသော ဘုရားပုထိုးများရှိရာသို့မဟုတ် ဈေးချိုတော် သို့မဟုတ် ရုပ်ရှင် စသည်တို့သို့ အပန်းဖြေရင်း သွားရောက်အချိန်ဖြုန်းတတ်ကြ၏။ ဤသို့နှင့် အိမ်တော်ရာဘုရားဝင်းအတွင်း မြန်မာ မလိုင်ပေါက်စီ

mgyoe.com

စားလျက် လက်ဖက်ရည်ကြမ်းသောက်ကာ သူငယ်ချင်းကျောင်းသားများနှင့် အားလပ်ချိန် ဖျော်ဖြေခဲ့ပုံ၊ ထိုဝန်းအတွင်း နာမည်ကျော် မြန်မာခြင်းလုံးကစားပွဲ ကြည့်ရှုဖျော်ဖြေခဲ့ပုံ၊ မဟာမြတ်မုနိဘုရား လိပ်ကန်များ၌ အချိန်ဖြုန်းခဲ့ကြရပုံများကို ယနေ့တိုင် သတိတရ မေ့မရနိုင် ဖြစ်နေမိ၏။

ကဲလီမှာ အမေရိကန်သာသနာပြု ဒေါက်တာကဲလီကို အမှူးပြု၍ နာမည်တပ်ထားသော ကျောင်းဖြစ်၏။ ထိုစဉ်က မန္တလေး၌ အခြားခရစ်ယာန်သာသနာပြုကျောင်းများ ဖြစ်ကြသည့် ဝက်စလီယံ၊ စိန့်ပီတာ၊ ဖာသာရ်လဖုံးကျောင်း စသော ဗြိတိသျှ၊ ပြင်သစ်၊ အီတလီ သာသနာပြုကျောင်းများနှင့် အပြိုင်အဆိုင် အနောက်နိုင်ငံ ယဉ်ကျေးမှုများကိုပါ သွတ်သွင်းဝါဒဖြန့်နေကြသော တိုင်းခြားအဆောက်အအုံကြီးများလည်း ရှိကြ၏။ မြန်မာ တက်လူငယ်များအား မြန်မာ့သဘာဝ အလေ့အထ အစဉ်အလာလိုအပ်ချက်နှင့် ကိုက်ညီ မညီ မသိနားမလည်၊ ဂရုလည်းမစိုက်ပေ။ သူတို့ ပုံသွင်းလိုသည့်အတိုင်းသာလျှင် အင်္ဂလိပ်စာ သင်ပေးခြင်း၊ ဝတ်စားနေထိုင်ဆက်ဆံမှု စည်းကမ်းသတ်မှတ်ခြင်း၊ ပြင်ပလောကနှင့် ဆက်ဆံမှု တင်းကျပ်စွာ ကန့်သတ်ချုပ်ချယ်ခြင်း၊ တိုင်းပြည်နိုင်ငံ အမျိုးသားရေးရာ ပြဿနာ များအပေါ် ထင်မြင်အယူအဆများ တိုးတက်ဗဟုသုတပွားများမှုအတွက် ဘာတစ်ခုမျှ ကြပ်မတ်ဆောင်ရွက်ပေးမှုမရှိခြင်းတို့ဖြင့် စည်းကမ်းကြီးလှသော ကျောင်းများဟူ၍ နာမည် ကောင်းရခဲ့၏။ ၎င်းကျောင်းများနှင့် တပြိုင်၍ ဝံသာနုမြန်မာမျိုးချစ်အပေါင်း နိုးကြားလှုပ်ရှား မှုဖြင့် ထူထောင်လာခဲ့ကြသည့် ဗုဒ္ဓဘာသာ အင်္ဂလိပ်မြန်မာ အထက်တန်းကျောင်းနှင့် အမျိုးသားအထက်တန်းကျောင်းများ ရှိကြသော်လည်း မြန်မာတက်လုံ့များအဖို့ ထူးခြား အကျိုးပြုနိုင်သည် မဟုတ်ပေ။ ကျောင်းများအားလုံးမှာ မှုထမ်းရာထမ်း၊ စာရေးစာချီ၊ မြို့အုပ်၊ ဝန်ထောက် ဖြစ်နိုင်ရေးတစ်ခုတည်းသာ အစိုးရပညာရေးစနစ်အောက် ၇ တန်း၊ ၁၀ တန်း၊ အိုင်အေ၊ ဘီအေ၊ ဘီအက်စ်အောင်ရန် ဖွင့်လှစ်သင်ကြားပေးကြရသည်သာ ဖြစ်၏။ ထို့ကြောင့် ကျောင်းသားအများ၏ အမြော်အမြင်နှင့် ဘဝရည်မှန်းချက်မှာ ယေဘု ယျအားဖြင့် ကျဉ်းမြောင်းသည့် လခစားအမှုထမ်း၊ ရာထမ်းဖြစ်ရေး (ဝါ) ဗြိတိသျှအစိုးရ လက်အောက် ကျိုးနွံစွာ အမှုထမ်းရင်း ရာထူးကြီးများ ရသမျှလောက်သာ ရည်မှန်းချက် ရှိကြ၏။

ဤသို့သော ပညာရေးစနစ် အသိုင်းအဝိုင်းအတွင်း ကြီးပြင်းရပ်တည်ရသော်လည်း အဆင့်ဆင့် ဘဝအတွေ့အကြုံဖြင့် မြန်မာ့လူမှုရေး၊ မြန်မာ့ရိုးရာ အသက်မွေးဝမ်းကျောင်း အတတ်ပညာနှင့် မြန်မာ့ယဉ်ကျေးမှု သြဇာများ၏ တန်ပြန်ဂယက်များကား အထူးသဖြင့်

mgyoe.com

 mgyoe.com


ရတနာပုံ မန္တလေးနေပြည်တော်ကဲ့သို့ မကြာသေးမီကမှ ဗြိတိသျှနယ်ချဲ့စစ်တပ်များ မြန်မာဘုရင်အား ဖမ်းဆီးနန်းချ သိမ်းယူထားသောမြို့မျိုး၌ ဝင်ရောက်ရိုက်ခတ်နိုင်ရန် လွယ်ကူပေသည်။ အမှန်စင်စစ် ဗြိတိသျှတို့က မကြာသေးမီ အားသစ်လောင်းကာ ပေါ်ထွက်လာသော အမျိုးသားလွတ်လပ်ရေး ဝံသာနုလှုပ်ရှားမှုကို *ဘေဒဥပါယ်ဆင်၍ အကြမ်းဖက် ရိုက်ချိုးပစ်ခဲ့သည်မှာ ဤမြို့၏ ကျောက်သွေးတန်းလမ်းမကြီးပေါ် ဝံသာနုဆရာတော် ဦးဥတ္တမကြိုဆိုပွဲ ကျင်းပကြစဉ်အခါက အမှတ်တရမဟုတ်ပါလော။

ထိုစဉ်က မြန်မာဝံသာနုဘုန်းတော်ကြီးတစ်ပါးဖြစ်သော ခေတ်ပညာတတ် မြန်မာ့နိုင်ငံရေး ပြန်လည်နိုးကြားလှုပ်ရှားရန် ရှေ့တန်းမှ ရဲရဲရင့်ရင့် ဦးဆောင်လှုံ့ဆော်လာသည့် ဆရာတော် ဦးဥတ္တမကို နယ်ချဲ့တို့က လုံးဝ မရှုဆိတ်နိုင်ကြပေ။ တိုင်းရင်းသား မွန်မြန်မာ အပေါင်းကမူ နှစ်ထောင်းအားရ လက်ခံကြိုဆိုကြ၏။ မန္တလေးနေပြည်တော်လူထုနှင့် နယ်ချဲ့အစိုးရ ပဋိပက္ခကား ကြီးမားနက်ရှိုင်းလှကြောင်း သိသာ၏။ လူထုဟုဆိုရာ၌ အမှန်တရားကို ရဲရင့်စွာ ထုတ်ဖော်ဆန္ဒမပြဝံ့သည့် အထက်အလွှာ ဓနရှင်ပေါက်စ အသိုက်အဝန်းမှနည်းလျက် လက်လုပ်လက်စား အတတ်ပညာသည်ဆိုင်ရှင်ကလေးများ၊ ဈေးသည်များ၊ ယင်းတို့နှင့်ဆက်စပ်သည့် ရဟန်းသံဃာများ၊ လူငယ်များသာ ဖြစ်ကြသည်။ ထိုစဉ်က မန္တလေးမြို့၏ တကယ်သစ်စ အမျိုးသားဝံသာနုလှုပ်ရှားမှု၊ လူထုနိုးကြားပုံအခြေအနေမှာ မည်သို့ရှိကြောင်း အကြမ်းအားဖြင့် ခန့်မှန်းနိုင်၏။ မြန်မာဘုရင်ခေတ်ကတည်းက မြန်မာ့အိမ်တွင်း လက်မှုအတတ်ပညာအရပ်ရပ်ဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်စားသောက်ကြသူများ၊ မြန်မာ့စားသုံး ကုန်စည်ပစ္စည်းအရပ်ရပ် လက်တွေ့ထုတ်လုပ် ရောင်းဝယ်ဖောက်ကားကြသူများ၊ မြန်မာ့ယဉ်ကျေးမှုအနုပညာဖြင့် အသက်မွေးဝမ်းကျောင်း အမှီပြုနေထိုင်လုပ်ကိုင်စားကြသူများကား ဗြိတိသျှနယ်ချဲ့စိုးမိုးသည့်ခေတ်ရောက်အလာ တိုင်းခြားယဉ်ကျေးမှုနှင့် တိုင်းခြားဓနရှင် စက်မှုပစ္စည်းများ၏ လက်ဝါးကြီးအုပ် ခြယ်လှယ်သွေးစုပ်ခြင်း စနစ်ဒဏ်အခံရဆုံး လူ့အထပ်လွှာများ ဖြစ်လာကြသည့် ယင်းလူထုများမှာ နေပြည်တော်သား မျိုးရိုးဇာတိမာန်လည်း မီးခဲပြာဖုံးသဘောသာ ရှိသေးသည်ကတစ်ကြောင်း၊ ဘဝတွေ့ထိခံစားချက်အရ စီးပွားရေးကျပ်တည်းလာခြင်း ရင်ဆိုင်ရသည်ကတစ်ကြောင်းတို့ကြောင့် အမျိုးသားအချင်းချင်း ရိုင်းပင်းကူညီစောင့်ရှောက်ရေး၊ တိုင်းရင်းဖြစ်ပစ္စည်း အားပေးရေး ခေတ်မီအမျိုးသားဝံသာနုလှုပ်ရှားမှု ပေါ်ထွက်လာသည့်အခါ အဘယ်မှာလျှင် အား

---

* ဘေဒဥပါယ = ဘေဒဥပါယ် = ပျက်စီးခြင်းအကြောင်း

mgyoe.com

mgyoe.com


တက်သရော မကူညီ မထောက်ခံဘဲနေပါအံ့နည်း။ မြို့တော်အတွင်း လေးပြင်လေးရပ်ရှိ မြန်မာ့လက်မှုအတတ်ပညာသည်အပေါင်း နေထိုင်ကြရာ ရွှေချည်ထိုးရပ်၊ ရသာတန်း၊ သေတ္တာတန်း၊ ဝါးတန်း၊ ထီးတန်း၊ ယိုင်တန်း၊ ပန်းဘဲတန်း၊ ယွန်းတန်း၊ ပန်းထိမ်တန်း၊ သံဖြူတန်း၊ ရက်ကန်းတန်း၊ ကျောက်ဆစ်တန်း၊ ဆိုင်းတန်း၊ ဓားတန်း စသည်တို့မှာ ယခင်ကကဲ့သို့ စိုပြည်ဖွံ့ဖြိုးမှု မရှိရတော့ဘဲ ဈေးချိုတော်ဗဟိုပြကာ နိုင်ငံခြားစနေရှင်ပစ္စည်းများ၏ တုပြိုင်ခြယ်လှယ်ရောင်းချမှုအောက် ဖိနှိပ်ခံကြရစဉ် ယင်းမှ လွတ်မြောက်ရန် နည်းလမ်းနှင့် အကွက်ကောင်းရှာကြရသူများအဖို့ ဝံသာနုလှုပ်ရှားမှုသည် လမ်းစတစ်ခု သဖွယ် ဖြစ်ခဲ့၏။

ဤဖော်ပြပါမြို့၏ ယေဘုယျအခြေအနေနှင့် မြန်မာတက်လူငယ်များ၏ ပညာရေး ခံယူသင်ကြားမှု အခြေအနေနှစ်ရပ်ကား တစ်ခုကိုတစ်ခု ပဋိပက္ခဆန့်ကျင်ဖြစ်ပေါ်နေကြ၏။ ကျွန်ုပ်နှင့်တကွ အခြား မြန်မာကျောင်းသားများအဖို့ အထိုက်အလျောက် တွေးဆဆင်ခြင်မိတိုင်း ရင်လေးစရာ ဖြစ်ရ၏။

ငယ်ရွယ်သေးသည့်အလျောက် သူတစ်ပါးစာပေ တတ်မြောက်ပြီး သူတစ်ပါး အကြောင်း ပို၍ သိမြင်သဘောပေါက်ရန် ကြိုးစားဖို့ မိမိ၌ တာဝန်ရှိသည်ကို သတိမလစ်စေဘဲ စာသင်လာခဲ့ရင်း ကျောင်းပိတ်ရက်ကြီးများဖြစ်သည့် သီတင်းကျွတ်၊ ပြာသို၊ တပေါင်း၊ တန်ခူးလများတွင် မိမိရပ်ရွာပြန်၍ အနားယူသည့် လူငယ်သဘာဝ စိတ်သက်သာ ပျော်ရွှင်မှုလည်းရပြီး မိဘဆွေမျိုးသားချင်းနှင့် ရပ်ရွာမိတ်ဆွေသင်္ဂဟများအား ပြန်လည်တွေ့ဆုံရခြင်းဖြင့် ခြားနားသော မြို့၏ ခလေ့အစဉ်အလာ တည်နေပုံနှင့် တောကျေးရွာတစ်ခု၏ တည်နေပုံတို့ ပဋိပက္ခအား ကြည့်ရှုလေ့လာရပြန်လျှင်လည်း တစ်မျိုးတစ်ဖုံ တွေးတောကြံဆမှုနယ်ကို ကျယ်ပြန့်စေခဲ့၏။ ရံဖန်ရံခါ မိမိကိုယ်ကို မြို့မှ အင်္ဂလိပ်ကျောင်းသားတစ်ဦး အဖြစ် ခနရှင်ပေါက်စ ဘဝင်မြင့်စိတ်ထားနှင့် တော၏ အနေအထားကို အပေါ်စီးမှ ရှုကြည့်တတ်ခဲ့၏။ တောသူတောင်သား လယ်သမားများကို အထင်သေး၊ အမြင်သေးစိတ် ပေါ်ခဲ့တတ်၏။ သို့သော်လည်း တောရောက်သည့်အခါ လယ်သမားများ မောင်းနှင်သည့် နွားလှည်းစီးလျက် သူတို့ပင် စိုက်ပျိုးကြသော ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ အသီးအရွက်များ ကို အရသာရှိစွာ ချက်ပြုတ်ကြော်လှော် ဖုတ်ကင်စားရသည်မှာ တစ်အင်တစ်အားပင် ဖြစ်စေကြောင်း သတိရတိုင်း ရံဖန်ရံခါ ခနရှင်ပေါက်စ မြို့ကြီးသားယဉ်ကျေးမှုမှိုင်းကား မိမိအပေါ် အတော်ပင် ဩဇာသက်ရောက်ခဲ့ပုံကို ပြန်ပြောင်းစစ်ဆေးတွေ့ရှိရ၏။ ဒီဇင်ဘာ ကျောင်းပိတ်ရက်များ၌ ညနေစောင်းအချိန် ချင်းတွင်းမြစ်နဖူးရှိ ရွာ၏ မြောက်ဘက် ယာခင်း

mgyoe.com

mgyoe.com


များဆီသို့ ခြေကျင်လှည့်လည်လျက် မြေနုကျွန်းပေါ် ဒေသအလျောက် စိမ်းလန်းစိုပြည် ဝေဆာစွာ အစီအရီ စိုက်ပျိုးထားသော ဆေးခင်း၊ ပဲခင်းနှင့် ယင်းအခင်းများအကြား ကွက်လပ်ငယ်များမှ အထက်သို့ စူးစိုက်ကာ ရွက်တံ့ရှည်အနည်းငယ်ခြံရံ၍ ချွန်တက်ဖူးပွင့် နေကြသည့် ပြောင်းဖူးပင်ရှည်များ ရှုကြည့်ရသည်မှာ အမှန်အစစ် စိတ်ကြည်နူးနှစ်သိမ့်ဖွယ် ကောင်းလှ၏။ လတ်ဆတ်အောင်မြင်သည့် ပြောင်းဖူးအချို့ ဆွတ်ခူးလျက် သဲမြေအေးပေါ် တည်ဆောက်ထားသော ယာခင်း ထန်းလက်တဲအတွင်း မီးဖိုဌ် ဖုတ်ကင်၍လည်းကောင်း၊ ရေနှင့် ပြုတ်၍လည်းကောင်း ချက်စားရသော အရသာသည် မြို့ပေါ်မှ မည်သည့်အရသာ နှင့်မျှ ပြိုင်နိုင်မည်မဟုတ်ပေ။ ထို့ပြင် နံနက်ခင်းအချိန် ရွာတွင်းဆိုင်မှ ပူပူနွေးနွေး ဘူးသီး ငါးပေါင်းကြော်နှင့် မုန့်ပေါင်းဝယ်ကာ လက်ဖက်ရည်ကြမ်းဖြင့် သောက်ရသည်မှာ နံနက်စာ အခြား စားစရာမလိုသလောက် ခရီးရောက်တာသွား၏။ ညနေစောင်းရောက်လျှင် ရွာအနီး ရှေးလူကြီးများ စိုက်ပျိုးခဲ့ကြသည့် ထန်းတောများသို့ လှည့်လည်လျက် ထန်းရည်ချို၊ ထန်းရည်ခါး သောက်ကြရသည်မှာလည်း လူငယ်များအဖို့ ပျော်ရွှင်စရာတစ်နည်း၊ အားအင် ဖြည့်တင်းရာတစ်ဖုံ ဖြစ်စေသည်။ ထန်းတောများကား ထူထပ်လှ၏။ ထန်းတောထွက် ပစ္စည်းများသည်လည်း အမျိုးစုံလှ၏။ ထန်းရည်ကျိုချက်ခြင်းဖြင့် အဆင့်ဆင့် လူ့စားကုန် သောက်ကုန်များ ထုတ်လုပ်နိုင်သည်မှာ စိတ်ဝင်စားစရာ ကောင်းလှ၏။ ထန်းလျက်သကာ ရည်၊ တင်လဲရည်၊ ပေါက်ပေါက်ဆုပ်၊ ကပ်စေးနှဲ၊ ချက်အရက် စသည့် လူစားသုံးကုန်များ အပြင် ထန်းပင်မှ ထန်းလက်သည်လည်းကောင်း၊ ထန်းလက်ကြိုး (ထန်းလျှော်)သည်လည်း ကောင်း၊ ထန်းရွက်သည်လည်းကောင်း၊ ထန်းသီးသည်လည်းကောင်း၊ ပင်စည်ပင်မသည် လည်းကောင်း တောသူတောသားများအဖို့ အသက်ရှင် နေထိုင်လုပ်ကိုင်မှုအတွက် ဘဝပေး အခြေအနေအရ မရှိမဖြစ် အသုံးလည်းဝင်လှသည့် ပစ္စည်းများ ဖြစ်ပေသည်။ ထန်းသမား အသက်မွေးဝမ်းကျောင်းကား စွန့်စားရသလောက် အကျိုးခံစားခွင့်တွင်မူ လွန်စွာ နည်းပါး လှ၏။

ဟင်းသီးဟင်းရွက်မှာ အခါအလိုက် သူ့လနှင့်သူ သက်ဆိုင်ရာ ထွက်နေသဖြင့် လိုသလောက် ရာသီအသီးအရွက်များ၊ အဖူးအပွင့်များ ရနိုင်လျက် သားငါးအတွက်မူ အထူး သဖြင့် မြစ်ကမ်းပါးတွင် တည်ရှိသောရွာ ဖြစ်နေသည့်အလျောက် အောက်မြန်မာပြည်၌ မရနိုင်သော ရေချိုငါးကြင်း၊ ငါးသိုင်း၊ ငါးတန်၊ ငါးပတ်၊ ငါးမြင်း စသဖြင့် အသီးသီး လတ်လတ်ဆတ်ဆတ် ဝယ်ယူချက်ပြုတ် စားသောက်နိုင်သည်ဖြစ်ရာ ကျွန်ုပ်သည် အရွယ် ရောက်၍ ရွာအကြောင်းစဉ်းစားတိုင်း ထိုထိုသော လယ်ယာသမားကြီးများ၊ ထန်းသမား

mgyoe.com

mgyoe.com


ကြီးများ၊ ခြံသမားကြီးများ၊ ငါးဖမ်းသည်များ ချက်ပြုတ်ယုယစောင့်ရှောက်ကြသူ သားချင်းဆွေမျိုးများကို သတိတရ ကျေးဇူးတင်မိခဲ့၏။ ကျောင်းဖွင့်ရက်နီး၍ မြို့သို့ ပြန်ရသည့်အခါတိုင်း၊ ၆ မိုင်ကွာဝေးသော မီးရထားဘူတာတည်ရှိရာ ချောင်းဦးမြို့လေးသို့ လှည်းဖြင့် ခရီးဆက်ရတိုင်း လယ်ခင်းများ၊ ယာခင်းများ၊ ထန်းတောများ၊ ချောင်းမြောင်းများ၊ တံတားများ အသွယ်သွယ်ဖြတ်ကျော်လျက် အနီးအနားရှိ ဆူးလေကုန်း၊ ကုလားကြီး၊ ကံဆီး၊ ကင်မွန်းတော်ရွာများ၏ တောင်သူလယ်သမားများ လုပ်ရပ်အဖြာဖြာကို ကြည့်ရှုလေ့လာခွင့်ရသည့်အခါ ယင်းတို့၏ သဘာဝတိုက်ခိုက်မှုစွမ်းအင် ခွန်အားနှင့်ဘဝကား လှည်းနွားနှင့် ကိုယ်အား အခြေပြုရငြားလည်း သေးနုပ်သည်မဟုတ်၊ ခရီးရောက် ကျယ်ဝန်းနက်နဲသော သီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် အချက်အချာကျလှကြောင်း ပို၍ သဘောပေါက် နှလုံးပိုက်မိခဲ့ရ၏။

မန္တလေး ကဲလီကျောင်း ဒုတိယနှစ်ကား ဆယ်တန်းစာမေးပွဲ ဖြေဆိုရေးအတွက် ပြင်ဆင်လေ့ကျက်ရသောနှစ် ဖြစ်၏။ အထူးပင် ကျောင်းစာပေများနှင့် အတွက်အချက်များကို လေ့လာအားထုတ်ရင်း အချိန်ကုန်၏။ သာမန်ကျောင်းအတွင်း ကစားခုန်စား အလေ့အထကိုလည်း ယခင်ကလို မပြုလုပ်နိုင်တော့ပေ။ အနယ်နယ်အရပ်ရပ်မှ ကျောင်းသားများ စုဝေးကြရာ နာမည်ကြီးအထက်တန်းကျောင်းတစ်ခု ဖြစ်ပါလျက် ကျောင်းသားအချင်းချင်း သဟာယဆိုရှယ် ဆက်ဆံရေး၊ မိတ်ဆုံစည်းဝေးပွဲ၊ အထွေထွေဗဟုသုတဆွေးနွေးပွဲ၊ အချေအတင်စကားဟောပြောပွဲ စသည်တို့ကို လုံးဝအားမပေးသည်မှာ မည်သည့်အတွက်ကြောင့်ဟူ၍ နားမလည်။ အထက်တန်းကျောင်းဖြစ်သည့်အလျောက် ကျွန်ုပ်ကဲ့သို့ အရွယ်အားဖြင့် ၁၇–၁၈ နှစ်ရှိ ကျောင်းသားများအဖို့ လူငယ်ဘာဝ သိချင်၊ မြင်ချင်၊ ကြားချင်တတ်သည့် အာသီသကို လေးစားဂရုမပြုသည်မှာ ပညာရေးအာဏာပိုင်များနှင့် သာသနာပြုများက မြန်မာလူငယ်များကို သူတို့အလိုအရ ကျိုးနွံရှိသေသော တပည့်များ၊ ထားရာနေ စေရာသွားရမည့် နောက်လိုက်များ၊ ပဒေသရာဇ်ကျေးကျွန်များအဖြစ်သာ အတင်းပုံသွင်းလို၍ ဖြစ်ရပေမည်။

*

## ဥပစာကောလိပ်သို့ ဆက်လက်နေခြင်း

ဆယ်တန်းကို အထူးပင် ကြိုးစားအားထုတ်သဖြင့် အောင်မြင်ခြင်းဆုရသည့်အခါ ကောလိပ်သို့ ဆက်လက်ပညာသင်ရန် စရိတ်အတွက် မိဘသားချင်းများ၌ အကျပ်အတည်း

mgyoe.com

mgyoe.com

ထဲမှ အတန်ပင် ခက်ခက်ခဲခဲ ရှာကြံပေးကြရ၏။ သို့နှင့် မန္တလေးမြို့၌ပင် ၂ နှစ်ကျော်က စတင်ဖွင့်လှစ်ခဲ့သော ဥပစာကောလိပ် ဓာတုဗေဒ၊ ရူပဗေဒနှင့် အတွက်အချက် အလေးပေး သင်ယူရသည့် အိုင်အက်စီတန်း၌ ကျောင်းအိပ်ကျောင်းစားအဖြစ် ပညာသင်ခွင့်ရ၏။

ဥပစာကောလိပ်ရောက်လျှင် ကျောင်းသားကြီးလောကအလယ် အဆင့်မြင့် ဦးကုလား မြန်မာရာဇဝင်ကို ပညာရှိဆရာကြီးဦးဖေ၏ ပို့ချသင်ကြားပေးမှုအောက် လေ့လာခွင့်ရခြင်း သည်လည်းကောင်း၊ ကထိကဆရာ ဦးလှအောင်၏ မြန်မာစာပေညွှန့်ပေါင်းကျမ်း ပို့ချမှု ခံယူသင်ကြားရခြင်းသည်လည်းကောင်း၊ ကျွန်ုပ်အဖို့ အသစ်ဖြစ်သော ဓာတုဗေဒနှင့် ရူပဗေဒ ပညာရပ်များကို တိုင်းခြားဆရာကြီးများထံမှ သဘောတရားရော လက်တွေ့ပါ စတင်သင်ကြားခွင့် ရခြင်းသည်လည်းကောင်း၊ ထို့ပြင် ဗြိတိသျှလူမျိုး ပါမောက္ခ ကျောင်း အုပ်ဆရာကြီး အေဒီမာရှယ်၏ အဆင့်မြင့် အင်္ဂလိပ်စာပေ သင်ကြားပို့ချမှု ခံယူခွင့်ရခြင်း သည်လည်းကောင်း ကျောင်းသားကြီးဘဝကူးဝင်စ လူငယ်တစ်ဦးအတွက် လူ့ဘဝ၏ အမြင်သစ် အတွေးသစ်များကို စတင်ဖော်ထုတ် မြင်သိခွင့်ပေးလိုက်ခြင်း အဓိပ္ပာယ်ရောက် သဖြင့် နှစ်သက်အားရစရာ ဖြစ်ပါသည်။

ဥပစာကောလိပ်ကျောင်းသားကြီးများဘဝကား ယခင် ခရစ်ယာန်သာသနာပြု ကျောင်းသားများဘဝနှင့်မတူ။ လွတ်လပ်ခြင်း၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရှိခြင်း၊ စည်းမျဉ်း ဥပဒေအခြေအနေသစ်များအောက် ကြီးထွားကြရသဖြင့် ကျောင်းသားအများမှာ အစစ အရာရာ သိက္ခာရှိမှု၊ တည်ငြိမ်ယဉ်ကျေးမှု၊ အချင်းချင်းဆက်ဆံရာ၌ ကိုယ်ချင်းစာတရား လက်ကိုင်ထား၊ ကြင်နာစွာ ဆက်ဆံမှုရှိကြသည်။ ကျောင်းအိပ်ကျောင်းစား ဘော်ဒါများမှာ လယ်ယာစိုက်ပျိုးရေးသိပ္ပံ ကျောင်းသားများနှင့်အတူ တစ်ခုတည်းသော ကျောင်းဆောင်တွင် နေထိုင်စားသောက်ကြကာ ရင်းနှီးမှု၊ သဟာယမိတ်ဆွေဖြစ်မှု အကျိုးကျေးဇူးကိုပါ တိုးပွား ရရှိကြသဖြင့် ကျောင်းသားဘဝသာယာရေးကား အဆိုပါဥပစာနှင့် သိပ္ပံကျောင်း ဘော်ဒါ ဆောင်အတွင်း၌ လက်ငင်းတွေ့ထိ ခံစားနေကြရသည်ဟု ဆိုနိုင်ပါ၏။ လယ်ယာစိုက်ပျိုး ရေး သိပ္ပံအဆောက်အဦမှာ ထိုစဉ်အခါက တစ်ခုတည်းသော မြန်မာပြည်၏ အကြီးဆုံး စိုက်ပျိုးရေး သုတေသနစမ်းသပ်မှု ပြုလုပ်ရာနှင့် စိုက်ပျိုးရေးအရာရှိ ထုတ်လုပ်ပညာပေးရာ အဆောက်အအုံကြီး ဖြစ်သည်။ မြေဧက တစ်ရာကျော်ရှိ လယ်ကွင်းကြီးများအလယ် ခေတ်မီ သုံးထပ်အုတ်တိုက်ကြီးအတွင်း နိုင်ငံခြားပါရဂူများ အကူအညီဖြင့် စိုက်ပျိုးရေး သုတေသနအရပ်ရပ် လေ့လာစစ်ဆေး စမ်းသပ်ခြင်း၊ လယ်ယာကွင်းများအတွင်း ဆည် တော်ကြီးမှ သွယ်ဖောက်ထားသော ဆည်ရေအသုံးပြု လက်တွေ့ထွန်ယက် စမ်းသပ်

mgyoe.com

စိုက်ပျိုးခြင်း၊ တောင်သူလယ်သမားများသို့ စပါး၊ ပဲ၊ ပြောင်း၊ မျိုးစေ့ကောင်း မျိုးစေ့သန့် ဖြန့်ဝေနိုင်ရန် မျိုးစေ့အခင်းများ စိုက်ပျိုးလုပ်ကိုင်ခြင်း၊ နို့စားနွား မွေးမြူခြင်း၊ ခေတ်မီ ကြက်၊ ဘဲ မွေးမြူခြင်းအပြင် လယ်ထွန်ကိရိယာပစ္စည်း ထုတ်လုပ်ခြင်း၊ ထွန်စက်များဖြင့် ယွန်ယက်ပြသခြင်း၊ အခြားစိုက်ပျိုးမှု သုတေသနပြုခြင်း စသော အရပ်ရပ် ခေတ်မီစိုက်ပျိုး မွေးမြူရေးပညာ ဗဟုသုတကား စုံလင်လှပေရာ သင်ကြားခံယူ လေ့လာလိုသူများအဖို့ ထိုခေတ် မြန်မာပြည်အခြေအနေတွင် အကောင်းဆုံးဒေသတစ်ခု ဖြစ်ပေသည်။

ဥပစာကောလိပ်မှာ သီးခြားအဆောက်အဦမရှိသေး၍ ဆိုခဲ့သော စိုက်ပျိုးရေးသိပ္ပံ အဆောက်အအုံ အဝန်းအဝိုင်းအတွင်း ယာယီတည်ရှိနေပေရာ တစ်နည်းအားဖြင့် မြို့နှင့် ဝေးသော ဆိတ်ငြိမ်ဒေသတွင် မြန်မာပြည်သူအပေါင်း၏ အချက်အချာ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ သုတေသနပြုလုပ်ရာဌာနချုပ်နှင့် ရင်းနှီးဆက်သွယ်ရခြင်းကြောင့် ကောင်းမြတ်သော အနေအထားတစ်ရပ်ဟု ဆိုရမည်။ ရှေးမြန်မာမင်းများလက်ထက်ကစ၍ မန္တလေးနယ်တစ်ဝိုက် လယ်ယာလုပ်ကိုင်စားသောက်ကြသူများ အချိန်မီ လိုသရွေ့ ရေများ ရနိုင်ရန် မတ္တရာအနီး အရှေ့ရိုးမတောင်တန်းများ၏ မြင့်မားသည့် တောင်ကြီးများကြားရှိ ဆည်တော်ကြီးရေတံခါးမှနေ၍ ဆည်မြောင်းဌာနက အဖွင့်အပိတ် အုပ်ထိန်းပေးမှုဖြင့် ကျွန်တော်တို့ ဥပစာသိပ္ပံကျောင်းဝန်းများအပါအဝင် တစ်သောင်းကျော်ဧကရှိ လယ်ကွင်း လယ်တောအားလုံး စနစ်တကျ ရေပေးဆည်မြောင်းများ ဖောက်လုပ်ထားခြင်းကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ နွေရာသီကျောင်းပိတ်ရက်မှလွဲ၍ အမြဲမပြတ် စိမ်းလန်းစိုပြည်နေ လျက်ရှိ၏။ ထို့ကြောင့် အောက်သူအောက်သားများက ရတနာပုံနေပူ ဖုတ်ထူထူဟူ၍ အမည်ပေးခဲ့သော မန္တလေးမြို့မှာ ဥပစာသိပ္ပံရပ်ကွက်များအတွက် မမှန်ကန်ပေ။ ထို ရပ်ကွက်များကား အမှန်စင်စစ် နောင်ခေတ် မြန်မာ့တိုးတက် ပြန်လည်ဖွံ့ဖြိုးရေးလမ်းစကို တီထွင်ဖောက်လုပ်ပေးနေသည့် စံပြအေးငြိမ်းရွှင်ပျော်ဖွယ် စိုက်ပျိုးရေးရိပ်သာများ ဖြစ်ပေ သည်။

ဤသို့ ထူးခြားစွာ တစ်ဆင့်တိုးတက်ပြောင်းလဲသော ပညာသင်ကြားမှုအခြေအနေ၊ ကျောင်းသားအချင်းချင်း ဆက်ဆံပေါင်းသင်းမှု အခြေအနေ၊ ပတ်ဝန်းကျင်သဘာဝနှင့် စိုက်ပျိုးခင်း၊ ကန်ချောင်းဆည်မြောင်း အခြေအနေများအောက် လွတ်လပ်မှုအရသာခံစားရင်း တစ်နေ့ပြီးတစ်နေ့ ကြီးပြင်းလာခဲ့ရသည့် ကျောင်းသားများကား ကျောင်းသင်တန်းအတွင်း ခံယူသင်ကြားခြင်း ဗဟုသုတအပြင် ကျောင်းသားသဟာယ မိတ်ဆုံမှုဖြင့်လည်းကောင်း၊ ကျောင်းသားစာကြည့်တိုက် ပိဋကတ်တိုက်ခန်းရှိ အခြား စာပေဝတ္ထု၊ မဂ္ဂဇင်း၊ သတင်းစာ၊

mgyoe.com


ဂျာနယ် စသည်များဖြင့်လည်းကောင်း၊ အားလပ်ချိန် မြို့တွင်းလှည့်လည်ရင်း တိုးတက်သိမြင်လာသည့် အမြင်သစ်ဖြင့် မန္တလေးမြို့၏ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်း အနုပညာအမွေအနှစ်များဖြစ်ကြသည့် နန်းတော်ကြီးနှင့် ကျုံးမြောင်း မြို့ရိုး၊ ပြအိုး၊ ပြာသာဒ်များ၊ ဘုရားပုထိုးများ၊ ပန်းချီပန်းပု အနုပညာလက်ရာများ၊ ဆည်မြောင်းများ၊ ဘုန်းတော်ကြီးကျောင်းတိုက်များ၊ မန္တလေးတောင်ပေါ်ဘုရားများ၊ ရန်ကင်းတောင်၊ ရေတံခွန်တောင် စသည့်သာယာဖွယ် တောတောင်စခန်းများအား ရှုကြည့်ဝေဖန် လေ့လာခဲ့သည်များထက် ပို၍တန်ဖိုးရှိနက်နဲသည့် အမျိုးသားသိမှုအကျိုး ဖြစ်စေပါသည်။ မန္တလေးအနီး မြို့ဟောင်းအမရပူရခေါ် ရှေးမြို့ကြီးနေရာ၌ မြန်မာပြည်တွင် ယနေ့အထိ ခေတ်ဆန်းပိုးထည်၊ ချည်ထည် ရက်လုပ်တီထွင်ရာ ပထမတန်းစား ရက်ကန်းလုပ်ငန်းများကိုလည်းကောင်း၊ အနောက်ပြင်သစ်စက် ဆန်စက်များကိုလည်းကောင်း၊ အိမ်တော်ရာဘုရား အနီးတစ်ဝိုက် ထီး၊ ဖိနပ်ချုပ်လုပ်မှု အလုပ်ခွင်များကိုလည်းကောင်း အမြင်သစ်နှင့် ရှုကြည့်ရသည့်အခါ မြန်မာ့ရိုးရာအတတ်ပညာများကား ကာလဒေသ ပယောဂအလိုက် ခိုင်ခံ့နက်နဲ သင့်လျော်လျောက်ပတ်သည့် ပြည်သူ့အကျိုးဆောင်အခန်းမှ ပါဝင်အမှုထမ်းနေကြကြောင်း တွေးဆ သဘောပေါက်မိ၏။

မန္တလေးမြို့ကား မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ် (ခရစ်နှစ် ၁၈၅၃ ခုနှစ်၊ မင်းတုန်းဘုရင်လက်ထက် ပြင်သစ်မြို့ပြရေးရာ ဗိသုကာပါရဂူများ အကူအညီဖြင့် ခေတ်မီ စနစ်တကျ ပုံစံရေးဆွဲတည်ဆောက်ခဲ့သော မြန်မာမင်းများ၏ နောက်ဆုံးမြို့ဖြစ်၏။ ထိုမြို့အားလေယာဉ်ခရီးမှ ရှုမျှော်ကြည့်မည်ဆိုလျှင် အနောက်ဘက်တွင် ဧရာဝတီမြစ်၊ အရှေ့ဘက်တွင် မန္တလေးတောင်၊ ယင်းတို့အကြား မြေပြန့်ပေါ်တွင် စနစ်တကျ အကွက်ရိုက် တည်ဆောက်ထားသည့် လေးတိုင်ပတ်လည် နန်းတော်အုတ်ရိုးတံတိုင်းများ၊ နန်းတော်ကြီးအားလေးဖက်လေးတန် အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင်ဟူ၍ လူနေရပ်ကွက်များအဖြစ် စနစ်တကျ အကွက်ညီညာရိုက်လျက် လမ်းဆုံး၊ လမ်းမ၊ လမ်းသွယ်များအပြင်ရေ၊ မိလ္လာ၊ မီးအလင်းရောင်၊ လေဝင်လေထွက်စသဖြင့် လူမှုလိုအပ်ချက်များနှင့်အညီခေတ်မီဆက်သွယ်ရေးတို့ပါ စီစဉ်ပြုခဲ့သည်မှာ ရှေးမြန်မာ မြို့ပြ ဗိသုကာပညာ အခြေအနေအရ ဂုဏ်ယူစရာကောင်းပေသည်။

မြန်မာတို့သည် ပျော်တတ်ကြသူများဟူ၍ နိုင်ငံခြားသားများက ယေဘုယျသာသိကြ၏။ နက်နဲသော မြန်မာ့ပျော်ရွှင်မှု အလေ့အထကား ဗုဒ္ဓဘာသာယဉ်ကျေးမှု ကျင့်ဝတ်တရားများနှင့် ယှဉ်ဖြစ်ပေါ်တီထွင်ခဲ့ရာ ယင်းတို့အကြောင်း သိနားလည်ရန် မန္တလေးလူထု

mgyoe.com

mgyoe.com


၏ ၁၂ လရာသီ လစဉ်ပွဲတော်များ လေ့လာကြဖို့လို၏။ ကျွန်ုပ်တို့မှာ လွတ်လပ်သော ကျောင်းသားကြီးများ ဖြစ်ကြသည့်အတိုင်း ဥပမာ–စာမေးပွဲမနီးသေးသည့် ဝါဆို၊ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလ ဥတ်ကထိန်ပွဲတော်အခါ ညတိုင်းလိုပင် ရပ်ကွက်အသီးသီး ဆင်ယင်ကျင်းပနေကြသည့် ဥတ်ခင်းပွဲ၊ သို့မဟုတ် တန်ဆောင်တိုင်ပွဲဟူ၍ ခေါ်ဆိုသော သီတင်းဝါလကျွတ်အခါ ရဟန်းသံဃာများအား ပစ္စည်းလေးပါး ကပ်လှူပူဇော်ပွဲများတို့သို့ လှည့်ပတ် မအိပ်မနေ ကြည့်ရှုခွင့်ရခဲ့၏။ အစဉ်အဆက် ဥတ်ကထိန်ပွဲများမှာ မြန်မာ့ယဉ်ကျေးမှု သုခုမအငြိမ့်၊ ဇာတ်၊ ရုပ်သေး စသည့် ဖျော်ဖြေခန်းများ မပါမပြီးပေ။ ယင်း အနုပညာသည် ကုန်းဘောင်ခေတ်အစမှ အရှိန်ပြင်းစွာ တိုးတက်ဖွံ့ဖြိုးလာခဲ့ရာ နောက်ဆုံး မန္တလေးမင်းဆက်များဖြစ်ကြသော မင်းတုန်းနှင့် သီပေါ အုပ်စိုးစဉ်အခါ အထွတ်အထိပ် ရောက်၏။ မြန်မာတို့ကား နိုင်ငံရေးအချုပ်အခြာအာဏာကို ဗြိတိသျှနယ်ချဲ့က လက်နက်အားကိုး အတင်းလုယူခံရစေကာမူ အစဉ်အလာ ယဉ်ကျေးမှုဓလေ့များကို ရင်ဝယ်ပိုက်ထွေး လျက် အမျိုးဆက်တည်နေသမျှ ကျား မ မရွေး၊ ကြီးငယ်မရွေး ထိန်းသိမ်းတတ်ကြောင်း အဆိုပါ အငြိမ့် ဇာတ်၊ ရုပ်သေး၊ ပွဲသဘင်များတို့သို့ သွားရောက်ကြည့်ရှုခြင်းအားဖြင့် ပို၍ သိသာ၏။ အနုသုခုမပညာ၏ ယဉ်ကျေးသိမ်မွေ့ ခက်ခဲနက်နဲပုံ၊ ၎င်းအား လူထုများ အာရုံစူးစိုက်ကြပုံ၊ ၎င်း၌ လူမျိုးစည်းရုံးညီညွတ်မှု၊ စည်းကမ်းထိန်းသိမ်းထားနိုင်စွမ်း ရှိပုံများမှာ အံ့ဩဖွယ်ရာ အရေးပါလှကြောင်း ကျွန်ုပ်တို့အတွက် ကိုယ်တွေ့ဖြစ်ကြရသည်။ မြန်မာ့လောကတွင် မန္တလေးနေပြည်တော် ဆိုင်းဝိုင်းဆရာ စိန်ဗေဒါ နာမည်ကြီးလှသည်မှာ ကြီးရလောက်အောင် ဆိုင်းဝိုင်းတီးတွင် တစ်မျိုးသားလုံး ဂုဏ်ယူစရာ မည်သူမျှ ဘက်ပြိုင် အံတုမစွမ်းသည့် ဆိုင်းတီးအရည်အချင်း ကြီးမားထက်မြက်လှသောကြောင့်သာ ဖြစ်ပေသည်။ အလားတူပင် ထိုစဉ်က အငြိမ့်မင်းသမီး လေဘာတီ မြရင်၊ ဥက္ကလာအေးကြည်နှင့် ဒေါ်ငွေမြိုင် စသည့် အနုပညာကျော်များသည်လည်းကောင်း၊ ရုပ်သေးမင်းသား ဦးဖုန်းမို၊ ယောကျ်ားမင်းသမီး ဦးဖူးညိုတို့သည်လည်းကောင်း၊ သီချင်းရေးဆရာ နန်းတော်ရှေ့ဆရာတင်နှင့် ဝိုင်–အမ်–ဘီ ဆရာတင်တို့သည်လည်းကောင်း အမှန်ပင် လူထုကြိုက် အမျိုးသား အနုပညာမြောက် ပုဂ္ဂိုလ်ကျော်များ ဖြစ်ကြ၍သာ ၎င်းတို့အား မမေ့နိုင်ဖြစ်နေကြရသည်ဟု ယူဆပါသည်။

ဤ၍ဤမျှ မြို့တော်အတွင်းအပြင် မြန်မာ့ယဉ်ကျေးမှု ဗဟုသုတများ စုဆောင်းရရှိ တီးခေါက်မိ၍ ကျောင်းဆောင်အတွင်း မြန်မာ့နိုင်ငံရေးရာ၊ ကမ္ဘာ့ရေးရာအဖြာဖြာ အထိုက် အလျောက် ဆည်းပူးကြဲဆနိုင်ရင်း လူလားမြောက်စ တက်လူဘဝသို့ ကူးဝင်လာသည့်

mgyoe.com

mgyoe.com

အခါ လူမျိုးရေးမခံချင်စိတ်၊ သူများနည်းတူ တိုးတက်လိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာ၏။ မြန်မာအမျိုးသား ဇာတိမာန်ကိုလည်း တက်ကြွစေပါသည်။ ပို၍သိမှုဖြင့် ဇာတိမာန် တက်ကြွစေအောင် လှုံ့ဆော်ပေးသည့် အနှစ်သာရရှိစာပေများမှာ ကျောင်းအိပ်ဆောင် ပိဋကတ်တိုက်တွင် အသင့်ဖတ်ရှုခွင့်ရသော အိန္ဒိယပြည် ကာလကတ္တားမှ ခေတ်သစ်နိုင်ငံရေး ခေါင်းဆောင်အချို့က ထုတ်ဝေဖြန့်ချိသည့် 'အိန်ဒီရင်ရီးဗျူး' မဂ္ဂဇင်းနှင့် 'မော်ဒင်ရီဗျူး' မဂ္ဂဇင်းများပင် ဖြစ်သည်။

ယင်းသိမှုအဖြာဖြာနှင့် ကျောင်းပိတ်ရက် ဟောလီးဒေးကာလ ရပ်ရွာသို့ ပြန်လည်အနားယူသည့်အခါများတွင် ငယ်ရွယ်စဉ်နှင့်မတူ သိမြင်မှု ပြောင်းလဲနေသူအား မိဘသားချင်းနှင့် အပေါင်းအဖော်တစ်စုက ကောလိပ်ကျောင်းသားတစ်ဦးအဖြစ် အထင်ကြီး လေးစားသမှု ပြုလုပ်ကြငြားလည်း မိမိတွင် ဂုဏ်မယူနိုင်ပေ။ အမှန်စင်စစ် ဂုဏ်ယူစရာလည်း မရှိပေ။ ကွဲပြားခြားနားသည့် အောက်တန်းကျ တောရွာဒေသ ဘဝအခြေအနေနှင့် နယ်ချဲ့သြဇာ ထိုးဖောက်ကျက်စားနေပြီဖြစ်သော မန်းမြို့တော်အခြေအနေတို့၏ ပဋိပက္ခ မျက်မှောက်အမျိုးသားတစ်ရပ်လုံး ဗြိတိသျှကျေးကျွန်ဘဝ ရောက်နေရခြင်းနှင့် ၎င်းမှ အသို့လွတ်မြောက်ရပါမည်နည်း။ လမ်းစမဖော်ထုတ်နိုင်သော မိမိဘဝ၊ ရပ်ရွာနယ်ပယ် အကျိုးစွမ်းဆောင်မှု လမ်းမညွှန်နိုင်သည့် မိမိအတတ်ပညာတို့၏ ပဋိပက္ခမှာ ကိုယ်တိုင် အဖြေထုတ်ခြင်းငှာ မစွမ်းသည့် ပဋိပက္ခပြဿနာကြီး ဖြစ်၍လာသည်။ သို့နှင့် ယင်းအကျပ်အတည်းအား စိတ်၌ သိုသိပ်ထားလျက် တစ်ရွာတည်းနေ အင်္ဂလိပ်ကျောင်းနေဖက် သူငယ်ချင်းများနှင့် တိုင်ပင်ဆွေးနွေးကာ ရပ်ရွာလူငယ်များ အခြေခံတိုင်းပြည်အရေး၊ မြို့ရွာအရေး၊ စီးပွားရေး၊ လူမျိုးအရေး ဗဟုသုတရရှိမှု ကူညီသောသဘောဖြင့် စာဖတ်သင်းထောင်စာကြည့်ခန်းဖွင့်ကြရန် ကြိုးစားကြပြန်သည့်အခါ ပူးပေါင်းဆောင်ရွက်မှု လိုသလောက်မရ၍ အကျိုးသက်မှု များစွာ မတွေ့ရသည့်အခါ အနည်းငယ် စိတ်ထိခိုက်ရပြန်၏။

□

mgyoe.com

mgyoe.com

## အခန်း (၃)

## တက္ကသိုလ်နယ်မြေနိုင်ငံရေးနှင့် အမိမြန်မာနိုင်ငံရေးသို့

မန္တလေးသို့ စာသင်ရောက်၍ ငါးနှစ်မြောက်လျှင် ဥပစာအထက်တန်းကို ဓာတုဗေဒ၊ ရူပဗေဒဘာသာရပ်များတွင် အမှတ်များများနှင့် အောင်မြင်သဖြင့် ယင်းဘာသာတစ်ခုခုအတွက် ဂုဏ်ထူးဘွဲ့ဆွတ်ခူးနိုင်ရန် စိတ်ထက်သန်သည့်အလျောက် ရန်ကုန်တက္ကသိုလ်သို့ဆင်း၊ ပညာဆက်လက်သင်ဖို့ကိစ္စ ပေါ်လာ၏။ မိဘဆွေမျိုးများမှာ ယခင်အတိုင်း ချောင်လည်သည်မရှိကြားလည်း သားသမီးပညာရေး ထူထောင်ပေးရန်တာဝန်ကို သိစွာ ရှိသမျှပစ္စည်း ရောင်းချပေါင်နှံကာ ထောက်ကူပေးကြခြင်းကြောင့် ၁၉၃၀ ခုနှစ်၊ ဇွန်လ ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင်ရန် အခွင့်ရခဲ့၏။

ကျွန်တော် ရန်ကုန်ရောက်သောအချိန်ကား ပဲခူးတွင် မြေငလျင်လှုပ်၍ အကြီးအကျယ်ပျက်စီးပြီး ရန်ကုန်၌ ကုလား–မြန်မာ၊ တရုတ်–မြန်မာ အဓိကရုဏ်းကြီးများ ဖြစ်ပြီးစအချိန်ဖြစ်၍ အတန်ပင် လူမျိုးရေး၊ နိုင်ငံရေး တုန်လှုပ်ချောက်ချားနေချိန် ဖြစ်ပါသည်။ လမ်းခရီး၌လည်းကောင်း၊ သတင်းစာများထဲ၌လည်းကောင်း ရန်ကုန်ရောက်၍ မိတ်ဆွေများနှင့် ဆုံစည်းကြရာ၌လည်းကောင်း ယင်းလူမျိုးရေးပဋိပက္ခများ အကြောင်းခြင်းရာနှင့် ဖြစ်ပျက်ကြရပုံများကိုသာ မကြာခဏ ဖတ်ရ၊ ကြားရပါသည်။ ဆွေးနွေးပွဲအချို့တွင် ကုလားကို မြန်မာက ဘယ်လိုရိုက်သတ်ပုံ၊ ကုလားဘယ်သို့ ခုခံတန်ပြန်ပုံ၊ ပုလိပ်ကမည်သို့မည်ပုံ အရေးယူပုံ စသည့် ရိုက်ပွဲများအကြောင်း အားတက်သရော ပြောကြပြီး ဘယ်အတွက် ကုလားမြန်မာ ရိုက်ပွဲဖြစ်လာခဲ့ရသည့် အကြောင်းရင်းများကို တွက်ဆ

mgyoe.com

စစ်ဆေး ဆွေးနွေးကြသည်က နည်းပါသည်။ ကျွန်တော်လည်း ရန်ကုန်ရောက်စ၌ ကောင်းစွာ မတွက်ချက်တတ်၊ အခြေအနေအရပ်ရပ် စုံစေ့စွာလည်း လေ့လာခွင့်မရသေး၍ စိတ်ဝင်စားစွာ စနည်းနာလျက်သာ ရှိခဲ့၏။ ယင်းဖြစ်ရပ်ကား ကုလားက မိုက်မဲ၍လည်းကောင်း၊ သို့မဟုတ် မြန်မာက အပေါ်စီးအနိုင်ကျင့်လို၍လည်းကောင်း၊ သို့တည်းမဟုတ် အုပ်စိုးခြယ်လှယ်သူ ဗြိတိသျှအစိုးရကိုယ်တိုင်က ကြီးမားသော ဘေဒဥပါယ်ဖြစ်သည့် ကုလား–မြန်မာ မုန်းတီးရေးလှုံ့ဆော်ပေးလျက် အချင်းချင်းအားနည်းလာချိန် နှစ်ဖက်စလုံးအား ဖိနှိပ်ထားကာ မိမိတို့၏ စိုးမိုးရေးအာဏာ ထိန်းသိမ်းလို၍လည်းကောင်း အမျိုးမျိုး တွေးဆစရာပင်။ အမှန်စင်စစ် ဤအသက်များစွာ စတေး၍ ဖြစ်ပေါ်ခဲ့ရသော လူမျိုးရေး အဓိကရုဏ်းကို အုပ်စိုးသူလူတန်းစားက မိမိအကျိုးအတွက် ဖန်တီးခဲ့သည်ဆိုစေဦး၊ ပြည်သူလူထုအဖို့ကား အထူးသဖြင့် လူမှုရေး၊ နိုင်ငံရေးအစစ်အမှန်တရား လေ့လာအားထုတ်နေကြသူများအဖို့ကား ဇာစ်မြစ်ကြောင်းကျိုးဖြစ်ရပ်ကို စနစ်တကျ တွေးဆတွက်ချက်ကြရန် အရေးကြီး၍လာသည်။ အုပ်စိုးသူအသိုင်းအဝန်းကမူ မိမိတို့အား ပြည်သူက အပြစ်မြင်မလာစေရန် တက္ကဗေဒနည်းအရ ကုလားက စီးပွားရေးခြယ်လှယ်လွန်းသဖြင့် မြန်မာများ မခံမရပ်ဖြစ် အကြမ်းဖက်ကြရာမှ အဓိကရုဏ်းပေါ်ပေါက်ရသလိုလို၊ ကုလား ကူလီခေါင်းကန်ထရိုက်နှင့် မြန်မာကူလီခေါင်း ကန်ထရိုက်တို့ ဗြိတိသျှကုမ္ပဏီများအောက် အလုပ်ရရေး လုယက်ပြိုင်ဆိုင်ကြရာမှ ဖြစ်ပေါ်ခဲ့ရသလိုလို အမျိုးမျိုး ဝါဒဖြန့် မှိုင်းတိုက်ကြ၏။ ဤသို့ အကြောင်းပြချက်များကား ရုတ်တရက်ကြည့်က မှန်သလိုလိုရှိသော်လည်း ဇာစ်မြစ် အခြေခံမကျပေ။ နိုင်ငံရေးရာ လေ့လာလိုက်စားသူများက တွက်ချက်ပြကြသည်မှာ ယင်းအဓိကရုဏ်းများကား ဗြိတိသျှလက်ဝါးကြီးအုပ် ဓနရှင်စနစ်၏ လက်ချက်သက်သက်သာ ဖြစ်ရမည်။ ထိုစဉ်က ဗြိတိသျှနယ်ချဲ့ ဓနရှင်အသိုင်းအဝိုင်းတစ်ခုလုံးမှာ မိမိတို့ပင် ဖန်တီးခဲ့သော အမြတ်ကြီးစား လက်ဝါးကြီးအုပ် ဓနရှင်ပုံစံဖြင့် ကုန်ထုတ်အား တိုးတက်ထွက်ရှိလာမှုကို ကုန်ဝယ်ယူသုံးစွဲအားဖြစ်သော လုပ်သားပြည်သူဝင်ငွေ မြှင့်တင်ပေးခြင်းဖြင့် ရောင်းကုန်ဖလှယ်ရေး ပြေပြစ်အောင် ပြုပြင်ပေးရမည့်အစား လုပ်သားပြည်သူအား ဝင်ငွေနည်းအောင် အလုပ်လက်မဲ့ဖြစ်ရအောင် ကြံဆောင်ကြရင်း ဓနရှင်လောကအတွင်း နာမည်ကျော် ကမ္ဘာ့စီးပွားပျက်ကပ် (၁၉၂၉–၃၀) ကို ဆောင်ယူခဲ့ကြသည်။ ယင်းကပ်ကြီး၏ဒဏ်ကို နယ်ချဲ့ဓနရှင်များက လက်အောက်ခံကိုလိုနီ ပြည်သူလူထုပခုံးအပေါ် လွှဲပြောင်းခံစားစေရန် အကောက်ဉာဏ်ဖြင့် တစ်ဖက်တွင် ကိုလိုနီစိုးမိုးရေးစရိတ်သက်သာစေရင်း အခြားတစ်ဖက်၌ ကိုလိုနီပြည်သူ့ဝင်ငွေများ နှိမ့်ချပစ်ရန် စီမံကိန်းစနစ်သစ် ပြုလုပ်ကြရသည်။ ဤသို့နှင့်

mgyoe.com

mgyoe.com

လက်အောက်ခံနိုင်ငံများတွင် ကုလား–မြန်မာ မုန်းတီးရေး၊ တရုတ်–မြန်မာ မုန်းတီးရေး၊ ဟိန္ဒူ–မွတ်ဆလင်မုန်းတီးရေး သွေးခွဲမှု ပရိယာယ်လမ်းစဉ်ကို နယ်ချဲ့တို့အတွက် တစ်ချက်ခုတ် ဆယ်ချက်ပြတ်လမ်းစဉ်အဖြစ် သူတို့၏ စီးပွားပျက်ကပ် အကျပ်အတည်းမှ ထွက်ပေါက်ရှာစီမံကိန်းအား အကျိုးပြုသော နည်းပရိယာယ်တစ်ခုအနေဖြင့် အသုံးချလာကြသည်။ ထို့ကြောင့် ကုလား–မြန်မာ အဓိကရုဏ်း၏ သဲလွန်စအကြောင်းရင်းမှာ အုပ်စိုးသူ ဗြိတိသျှနယ်ချဲ့၏ ဖောက်ပြန်သော သွေးခွဲဖိနှိပ်ချယ်လှယ် အမြတ်ထုတ်စိုးမိုးရေး စီမံကိန်းတွင်သာ တွေ့ရှိရမည်။ ကုလား–မြန်မာ ကူလီအလုပ်သမားအချင်းချင်း ရိုက်ပွဲစတင်ဖြစ်ပွားရသည်မှာ အသက်တစ်ချောင်းတည်ရေး နေ့လုပ်နေ့စား၊ ညလုပ်ညစား ကုလား–မြန်မာ ဆင်းရဲသားဘဝရပ်တည်မှု ခြိမ်းခြောက်လာသည့် ကူလီခ နှိမ့်ချပေးရေး၊ အလုပ်လက်မဲ့ဖြစ်ရေး ဘေးအန္တရာယ်ကြီးကို သူတို့နည်းဖြင့် သူတို့ခုခံကြရင်း ဖြစ်ပွားပေါ်ပေါက်ရခြင်းဖြစ်၏။ ကုလား–မြန်မာ ရိုက်သတ်ပွဲ၏ မိုက်မဲခြင်းကား အကြောင်းတရားရင်းခံမဟုတ်နိုင်။ မိုက်မဲမှု လှုံ့ဆော်ဖန်တီးပေးကြသည့် ဓနရှင်အကျိုးပြု ကူလီခေါင်းကန်ထရိုက်မှအစ စကီဗီဒိုများ၊ ဗြိတိသျှကုန်တိုက်များ၊ ဘဏ်တိုက်များ၊ သင်္ဘောကုမ္ပဏီများနှင့် ဗြိတိသျှဗျူရိုကရက် ပုလိပ်အရာရှိများအပါအဝင် ဓနရှင်နယ်ချဲ့သွေးစုပ်စနစ်သာလျှင် တရားခံအစစ်ဖြစ်ကြောင်း တွက်ချက်ပြကြရာ ယုတ္တိရှိလှသည်။ နက်နဲကျယ်ဝန်း မှန်ကန်စနစ်ကျနသော စစ်ဆေးသုံးသပ်ချက် ပီသလှသည်ဟု မိမိဒ္ဓ သဘောပေါက်မိ၏။

တက္ကသိုလ်အသိုင်းအဝန်းကား မန္တလေးကောလိပ် အသိုင်းအဝန်းနှင့် နှိုင်းစာလျှင် လွန်စွာကျယ်ဝန်း၍ လွန်စွာကွဲပြားခြားနားသော စိတ်ဝင်စားမှုအမျိုးမျိုး၊ အာရုံအမျိုးမျိုးဖြင့် လူတန်းစားအမျိုးမျိုး၏ သားသမီးများ စုဝေးသင်ကြားရာဒေသကြီးဖြစ်လျက် အနောက်နိုင်ငံ ယဉ်ကျေးမှုသြဇာ အဝင်ရောက်နိုင်ဆုံး ဌာနကြီးလည်း ဖြစ်၏။ ဆရာအများ၊ အထူးသဖြင့် ပါမောက္ခများမှာ မြန်မာစာနှင့် ပါဠိပါမောက္ခမှလွဲ၍ ဗြိတိသျှလူမျိုး၊ ကုလားလူမျိုးများ ဖြစ်ကြပြီး ကျောင်းသားသုံးထောင်ကျော်အတွင်း တစ်ထောင်နီးပါးတို့မှာ ကုလား၊ အင်္ဂလိပ်ကပြား၊ တရုတ်၊ တရုတ်ကပြား၊ ကုလားကပြား စသည်တို့ ဖြစ်ကြသည်။ ကျန် ကျောင်းသားများမှာ မြန်မာ၊ ရခိုင်၊ မွန်၊ ကရင်၊ ရှမ်း စသည့် တိုင်းရင်းသားများ ဖြစ်ကြ၏။ လွတ်လပ်သော အထက်တန်းပညာရပ်သာတွင် လွတ်လပ်စွာ အစဉ်အလာယဉ်ကျေးမှု လူမှုရေးထိန်းသိမ်းစောင့်ရှောက်ကြရန် လူမျိုးရေးကျောင်းသားအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ကစားခုန်စား အဖွဲ့အစည်းများ၊ ဘောလုံးအသင်း၊ လှေလှော်အသင်း၊ တင်းနစ်အသင်း၊ ယူတီအိုတို့အပြင် သဟာယစာကြည့်သင်းများ၊ တီးမှုတ်ကခုန်သင်းများ၊

mgyoe.com

 mgyoe.com 

ဆိုရှယ်စုဝေးပွဲများ၊ ဒေသဆိုင်ရာ ကျောင်းသားအစုအဝေးများ၊ သင်ကြားခံယူသည့် ဘာသာဆိုင်ရာ ကျောင်းသားအစုအအုပ် အဖွဲ့အစည်းများ စသည်တို့ များပြားသလောက် များပြားသည့် အစုအအုပ် လှုပ်ရှားရေးများမှာလည်း ပညာခံယူပို့ချချိန်၏ အခြားမဲ့ကာလများ၌ သူ့အစုနှင့်သူ နေ့စဉ် အလုပ်ရှုပ်၍သာ နေကြ၏။

ကျွန်တော်သည် အခြားအင်္ဂလိပ်ကပြား ၂ ဦး၊ ကပြားအမျိုးသမီး ၂ ဦး၊ ကုလား ၂ ဦး၊ ရခိုင်တစ်ဦး၊ မြန်မာတစ်ဦးနှင့်အတူ စုစုပေါင်း ၉ ဦးအထဲ၌ တစ်ဦးအဖြစ် ပါမောက္ခ ဒေါက်တာပီးကောက်၏လက်အောက် ဓာတုဗေဒဂုဏ်ထူး ပထမနှစ်အတန်း၌ ဝင်ရောက်သင်ကြားရစဉ် သစ်လွင်လေးလံသည့် ခေတ်လောကဓာတ်ဝိဇ္ဇာပညာ၏ နက်နဲခက်ခဲခြင်း၊ စူးစိုက်သောအာရုံဖြင့် မှတ်စုမှတ်ဉာဏ် အထူးလိုအပ်ခြင်းအပြင် လက်တွေ့နှင့် သဘောတရားယှဉ်၍ လေ့လာစူးစမ်းမှု လိုအပ်ခြင်းတို့ကို ကောင်းစွာသိရှိရ၏။ တစ်ချိန်တည်းမှာ စာသင်စန်းပြင်ဘက်၌ ကျွန်တော်၏ အာရုံများနေခြင်းကား အကြောင်းမဲ့မဟုတ်၊ ကျောင်းသားဘဝအဆက်ဆက် တွေ့ရှိခံစားရယူခဲ့သော သိမှုများ၊ ပတ်ဝန်းကျင် မြန်မာ့လူနေမှုစနစ်သစ်အတွင်း နေ့စဉ် တွေ့ထိခံစားရယူချက်များကြောင့်သာ ဖြစ်ပေသည်။ ထို့ကြောင့်လည်း လေးလံသော ဓာတုဗေဒဂုဏ်ထူးသင်တန်း တက်ရောက်သင်ကြားမှုကို မလစ်ဟင်းစေဘဲ အခြားအချိန်များ၌ ကျောင်းအိပ်ဆောင်အတွင်း သဟာယစာကြည့်သင်းအား ထောက်ခံအားပေးရင်း ကျန်းမာရေး၊ မိတ်ဆွေဖြစ်ရေးအတွက် တင်းနစ်ကလပ်ဝင်ခြင်း၊ လှေလှော်သင်းဝင်ခြင်းအပြင် စစ်ပညာအတတ် ရရှိထားကလည်း မမှားနိုင်ဟု ယူဆကာ တက္ကသိုလ် စစ်ပညာသင် (ယူ–တီ–အို) အဖွဲ့သို့လည်း ဝင်ရောက်စစ်ပညာ လက်တွေ့လေ့ကျင့် ခံယူလိုက်သေး၏။ သို့ရာတွင် ယင်းကစားခုန်စားနှင့် စစ်ပညာသင်ခြင်းများမှာ ပြောင်မြောက်သည့် တတ်ကျွမ်းသူအဖြစ်ကို မပေးနိုင်ပါ။ အဘယ်ကြောင့်မူ ကျွန်တော်၏ အာရုံကို လွှမ်းမိုးခြယ်လှယ်နေသည်များမှာ ထိုစဉ်က ကျောင်းသားအထွေထွေအရေး၊ နိုင်ငံရေးနှင့် အမျိုးသားရေးတို့သာ ဖြစ်နေသည့်အတွက်ပင်တည်း။

ရန်ကုန်တက္ကသိုလ်ရပ်ကွက်နှင့် အဆောက်အဦသစ်များမှာ ဗြိတိသျှအစိုးရက မိမိအလိုကျ မြန်မာလူငယ်များ၏ ပညာရေးအား ပုံသွင်းပေးနိုင်ရန် အကြံအစည်နှင့် ပြည်သူတို့ထံမှ တက္ကသိုလ်တည်ဆောက်ရေးရန်ပုံငွေများ ဗြိတိသျှဘုရင်ခံကိုယ်တိုင် ကြပ်မတ်ကာ လောင်းကစားပွဲ (အာဝါဒေး) ပွဲများဖွင့်၍ ကောက်ခံပြုလုပ်ခဲ့ခြင်း ဖြစ်၏။ ယင်းအကြောင်း အနည်းငယ်ပြည့်စုံစွာ နောင်လာနောက်သားတို့ သိဖို့လို၏။ ဗြိတိသျှနယ်ချဲ့၏ ကိုလိုနီစိုးမိုးရေးစနစ် အခြေချရာ၌ ကိုလိုနီပညာရေးစနစ်တစ်ရပ် ထူထောင်

mgyoe.com

ပေးရန် လွန်စွာ အရေးကြီးပေသည်။ နောင်ဖြစ်ပေါ်လာမည့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားပြည်သူ့လှုပ်ရှားမှုအား နယ်ချဲ့တို့က ထိရောက်စွာ ဟန့်တားဖျက်ဆီးနိုင်ရန် အကောင်းဆုံး၊ အသိမ်မွေ့ဆုံးလက်နက်မှာ ခေတ်မီအဆင့်အတန်းမြင့် ယူနီဗာစီတီပညာ သင်ပေးမည်ဆိုသော ဟန်ဆောင်အကျိုးပြုကြွေးကြော်သံဖြင့် တက်လူငယ်များအား မှိုင်းတိုက်၍ စစ်ဆင်ခြင်းပင် ဖြစ်သည်။ ယင်းအစီအစဉ်ကို ၁၉၂၀ ခုနှစ်မှစ၍ ဝံသာနု ပြည်သူ့ကျောင်းသား ပြည်သူများက ကန့်ကွက်လာခဲ့ကြသော်လည်း လုံးဝဂရုမထားဘဲ တစ်ဇွတ်ထိုး ဆောင်ရွက်ကြ၏။ သို့နှင့် မသဒ္ဒါရေ သဒ္ဒါရေပေးကြရသော ပြည်သူ့ငွေကြေး ကုဋေကုဋာဖြင့် အတင်းအဓမ္မ သူတို့ကပင် တည်ဆောက်ပေးရသကဲ့သို့ ဟန်ရေးပြလျက် အကောင်အထည်ဖော်လာကြရင်း ရန်ကုန်အင်းလျားနယ်မြေ တက္ကသိုလ်ကျောင်းသစ်ကြီးများဟူ၍ ယခုကဲ့သို့ ပေါ်ပေါက်လာခဲ့ရခြင်း ဖြစ်၏။ ထိုအဆောက်အဦသစ်များအနက် တက္ကသိုလ်ကျောင်းသားများ၏ သမဂ္ဂလှုပ်ရှားမှုအတွက် သူဌေးဒေါက်တာညိုဂ၏ သီးသန့်အလှူငွေနှစ်သိန်းဖြင့် တည်ဆောက်ပေးခဲ့သော ကျောင်းသားသမဂ္ဂအဆောက်အဦတစ်ခုလည်း ပါရှိ၏။

ကျောင်းသားထုအပေါ်တွင် နယ်ချဲ့တို့ စေတနာမရိုးမဖြောင့် ကောက်ကျစ်ကြောင်း လက်တွေ့ ဦးစွာသဘောပေါက်စေခဲ့သည့်အရာမှာ အဆိုပါ ငွေနှစ်သိန်းကုန် သမဂ္ဂအဆောက်အဦကို ကျောင်းသားများများ စုဝေး၍မရနိုင်အောင် ကျဉ်းကျဉ်းကျပ်ကျပ် တည်ဆောက်ထားလိုက်ခြင်းပင် ဖြစ်၏။ သို့နှင့် အာဏာပိုင်များအား ကျောင်းသားက ပထမ ပြန်လည်တိုက်စစ်ကို ယင်းသမဂ္ဂအဆောက်အဦ တိုးချဲ့ပြုပြင်တည်ဆောက်ပေးရန် အရေးဆိုပွဲဖြင့်စတင်ကာ မလွှဲမရှောင်သာ ဆင်နွှဲကြရတော့၏။ ယင်းအရေးဆိုပွဲမှာ သဘာဝလည်းကျ၊ မှန်လည်းမှန်ကန်သဖြင့် အာဏာပိုင်များက လိုက်လျောရသည့်အခါ ကျောင်းသားများမှာ စိတ်အားပိုမိုထက်သန်လာလျက် သမဂ္ဂတိုးချဲ့စည်းရုံးရေး နှစ်သစ်သမဂ္ဂအမှုဆောင်အဖွဲ့အစည်းတို့တွင် ထူးထူးခြားခြား စိတ်ပါဝင်စားလာကြ၏။

အချိန်ကား ဘိလပ်တွင် ပျော့ညံ့သော မြန်မာနိုင်ငံရေးခေါင်းဆောင်အချို့ကို နယ်ချဲ့အာဏာပိုင်များက ဖိတ်ခေါ်၍ သူတို့၏ နာမည်ကျော် ဘောဒပရိယာယ်သစ်တစ်ရပ် အောင်မြင်စွာ ကျင့်သုံးနိုင်ရေးအတွက် ဆွေးနွေးနားချနေချိန် ဖြစ်၏။ ကုလား–မြန်မာ အဓိကရုဏ်းမှာ အမှန်စင်စစ် ကိုလိုနီစနစ်အောက်မှ လွတ်မြောက်ရေး၊ ကုလား–မြန်မာ လက်တွဲလှုပ်ရှား ချီတက်ကြမည့် အလားအလာကို ကြိုတင်ဟန့်တားဖျက်ဆီးနိုင်ရန် ပထမ အဆင့် ဗြိတိသျှနယ်ချဲ့ နိုင်ငံရေးပရိယာယ်၏ လက်ချက်တစ်ခုသာ ဖြစ်ပေသေးသည်။

mgyoe.com

ဒုတိယအဆင့်အားဖြင့် နယ်ချဲ့တို့ ရှေ့တစ်လှမ်းတက်ရန်အစီအစဉ်မှာ အလိုတော်ရိ မြန်မာခေါင်းဆောင်များကို ကုလားပြည်မှ မြန်မာပြည်ခွဲထွက်ခြင်းဖြင့် မည်သို့ အကျိုးဖြစ်စေကြောင်း နားချလှုံ့ဆော်လျက် ဒိုင်အာခီအုပ်ချုပ်ရေးအကြီးစား မြန်မာပြည်ခွဲရေး အုပ်ချုပ်မှုစနစ်တစ်ရပ်ဖြင့် လှည့်စားသွေးဆောင်ကာ ကုလားမြန်မာ ပိုမိုအစေးမကပ်နိုင်ကြရန်ပင် ဖြစ်၏။ လိုရင်းသဘောမှာ ကုလား–မြန်မာ အမျိုးသားလွတ်လပ်မှု လှုပ်ရှားခြင်း ဒီရေတက်နေချိန် အချင်းချင်း အယူအဆကွဲပြားစေကာ နယ်ချဲ့အား အပြတ်အသတ် စုပေါင်းဆန့်ကျင်လှုပ်ရှားတော်လှန်မှု မှေးမှိန်အားနည်းသွားစေရန် တကယ့်နိုင်ငံလွတ်လပ်မှုအစား ကုလားနှင့်မြန်မာ ခွဲခွာရေးပြဿနာအား လုပ်ကြံလီဆယ် တင်ပြလာခြင်းပင် ဖြစ်၏။ ထိုသို့သော အခြေအနေတွင် တက္ကသိုလ်ကျောင်းသားကြီးများက ဦးဆောင်၍ ကျောင်းသားထုအစည်းအဝေးပွဲတစ်ခု ယနေ့ တည်ဆဲ (ဂျုမနာဆီယင်) ခန်းဆောင်တွင် ကျင်းပကာ မြန်မာပြည်သူလူထုအပေါင်းကား ဗြိတိသျှခနေသဟာယ နယ်ပယ်အတွင်း လွတ်လပ်မှု အချုပ်အခြာအာဏာပိုင်သော တိုင်းပြည်တစ်ခုအဖြစ်နှင့် မနေကြရသမျှ ကာလပတ်လုံး မည်သည့်နည်းနှင့်မျှ ကျေနပ်နိုင်လိမ့်မည်မဟုတ်ကြောင်း ဆုံးဖြတ်လျက် ဘိလပ်ဆွေးနွေးပွဲသို့ ကြေးနန်းတစ်စောင် ပေးပို့လိုက်ကြ၏။ ဤသို့ဖြင့် တက္ကသိုလ်နယ်မြေ၏ နိုင်ငံရေးသိမှု အဆင့်မြင့်နိုင်သည်မှာ ထိုခေတ် ထိုအခြေအနေတွင် အားတက်ဝမ်းမြောက်ဖွယ်ပင် ဖြစ်ခဲ့ရ၏။ ဤသည်မှာ ကျောင်းသားထု၏ ပထမအဆင့် နိုင်ငံရေးလှုပ်ရှားမှုသာဖြစ်ပြီး ဒုတိယအဆင့်၊ တတိယအဆင့် စသည်အားဖြင့် ထိုနှစ်အတွင်း အဆင့်ဆင့် ဖြစ်ပေါ်လာခဲ့ခြင်းများ အကျယ်အကျယ်ရေတွက်ရှင်းပြရမည်ဆိုလျှင် ဆုံးနိုင်လိမ့်မည် မဟုတ်ပေ။

ကျောင်းသားထုက ဗြိတိသျှအင်ပါယာအတွင်း (ဒိုမီနီယန် ကိုယ်ပိုင်အုပ်ချုပ်ရေး) တောင်းဆိုချက်သည် ထိုစဉ်က အချောင်သမား နိုင်ငံရေးခေါင်းဆောင်များ တောင်းဆိုသည့် ခွဲရေးတွဲရေးထက် တိုးတက်သော တောင်းဆိုချက်ဖြစ်သော်လည်း မြန်မာ့တဝ အခြေခံသမိုင်းနှင့် တိုက်ဆိုင်ညီညွတ် ပြည့်ဝစုံလင်သော တောင်းဆိုချက်ကား မဟုတ်ပေ။ တော်လှန်ရေးတောင်းဆိုချက်လည်း မဟုတ်ပေ။ သို့ရာတွင် ၎င်းသည် ကိုလိုနီကျွန်ပညာရေးစနစ်အောက် ခံယူသင်ကြားနေရသည့် လူငယ်များ၏ နိုင်ငံရေးအမြင်ကား မည်သည့်အဆင့်၌ ရှိသေးကြောင်း၊ ကိုလိုနီအထက်တန်းဆိုသည့် တက္ကသိုလ်ပညာဩဇာကား ကျောင်းသားထု၏ နိုင်ငံရေးအသိပညာအပေါ် မည်၍မည်မျှ လွှမ်းမိုးခဲ့ကြောင်း သိရှိသတိပြုရန်သာ ဖြစ်ပေသည်။

မှတ်သားလောက်သော ကျောင်းသားထုအတွင်း နိုင်ငံရေးအသိဉာဏ်တိုးတက်စေ

mgyoe.com
ခဲ့သည့် လှုပ်ရှားမှုတစ်ရပ်မှာ ဘိလပ်မျက်နှာစုံညီအစည်းအဝေးမှ ပြန်လည်ရောက်ရှိလာကြသည့် ဦးဘဘော အစရှိသော ခွဲခွာရေးသမားတစ်စုနှင့် ခွဲခွာရေးဆန့်ကျင်ကြသူ လက်သစ်နိုင်ငံရေးသမား ဒေါက်တာဘမော်၊ ဝတ်လုံဦးကျော်မြင့်၊ ရမ်းဗြဲမောင်မောင် စသည်တို့၏ စကားစစ်ထိုးပွဲတစ်ရပ် တက္ကသိုလ်သမဂ္ဂတွင် ကျင်းပခြင်းပင် ဖြစ်၏။ ခွဲရေးတွဲရေးပြဿနာမှာ အမှန်စင်စစ် မြန်မာပြည်သူတို့၏ လက်ငင်းပြဿနာမဟုတ်၊ နယ်ချဲ့တို့က ပြည်သူ့စစ်မှန်တိုးတက်သော နိုင်ငံရေးလှုပ်ရှားမှု ဟန့်တားရန် လီဆယ်တင်သွင်းလာသည့် ပြဿနာဖြစ်ပါလျက် အချို့သော မြန်မာခေါင်းဆောင်တို့က သက်ဆိုင်ရာသတင်းစာများမှလည်းကောင်း၊ တရားဟောစင်မြင့်များမှလည်းကောင်း ကုလားနှင့်ခွဲက မြန်မာများ မည်သို့အကျိုးရှိနိုင်ကြောင်း အာပေါင်အာရင်းကျယ်လောင်စွာ ဟောပြောဝါဒဖြန့်နေကြရာ ဗြိတိသျှနယ်ချဲ့အကြိုက် ကုလားမြန်မာမုန်းတီးရေးမျှလောက် အကျိုးသက်ရောက်လျက် ရှိနေ၏။ ကျောင်းသားထုလောက၌လည်း နိုင်ငံရေးဗဟုသုတနည်းသူများအဖို့ ဝေခွဲမတတ် ဖြစ်နေကြစဉ် သမဂ္ဂအဆောက်အဦတွင် ယင်းခွဲရေးတွဲရေး စကားစစ်ထိုးပွဲကြီး ကျင်းပရန် စီစဉ်လိုက်သည်မှာ အခါကာလအားဖြင့် လွန်စွာ သင့်မြတ်နေပေသည်။

သို့နှင့် ဒီဇင်ဘာလ၏ တစ်ခုသောည ၈ နာရီအချိန် သမဂ္ဂလူထုစည်းဝေးခန်းမကြီးတွင် သမဂ္ဂဥက္ကဋ္ဌက စကားစစ်ထိုးပွဲခုံ သမာဓိပြုလုပ်လျက် ခွဲရေးတွဲရေးအချေအတင်ဆွေးနွေးပွဲ စကြသည့်အခါ တစ်ခန်းလုံး အပြည့်အနှက် တက်ရောက်နားထောင်လာကြသည့် ကျောင်းသားထု လက်ခုပ်သြဘာသံကြီးကား ပွဲတင်ထပ်မြည်ဟည်းလျက် သမဂ္ဂဆောင်တစ်ခုလုံး တုန်လှုပ်သွားမတတ် ဖြစ်ခဲ့၏။

ဦးဘဘောက စတင်၍ ခွဲရေးကောင်းကြောင်း အဆိုတင်သွင်း ဆွေးနွေးပြရာ၌ မြန်မာပြည်မှာ ဗြိတိသျှလက်အောက် ရောက်နေရုံမျှမက ကုလားစီးပွားရေးသမားများ၏ ခြယ်လှယ်သွေးစုပ်မှုကို ခံနေရကြောင်း၊ ကုလားခေတ် ပညာတတ်များကလည်း မြန်မာလူငယ် ပညာတတ်များနှင့်ပြိုင်၍ အစိုးရအလုပ်ဌာနများ၌ ဝင်ရောက်လုယက် အလုပ်လုပ်နေကြသဖြင့် မြန်မာများ၌ မည်မျှနစ်နာခံနေကြရကြောင်း စသည်တို့ကို အကျယ်ချဲ့တင်ပြ၏။ ခွဲရေးအောင်မြင်ပါက မြန်မာများ ကုလားစီးပွားရေး ခြယ်လှယ်မှုအောက်မှ လွတ်မြောက်နိုင်ပြီး မြန်မာပညာတတ်လူငယ်များ အစိုးရဌာနများ၌ အလုပ်ရရှိရန် လွယ်ကူလာလိမ့်မည်ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာများသည် ကိုယ်ပိုင်အုပ်ချုပ်ရေး အလေ့အထရရှိကာ ဗြိတိသျှနေသဟာယနယ်အတွင်း လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ ထူထောင်နိုင်ရန် အခြေအနေ ကောင်းလာလိမ့်မည်ဖြစ်ကြောင်း ပြောပြ၏။ ဦးဘဘော၏ အဆိုပြုချက်ကို ဝတ်လုံ
mgyoe.com

ဦးစိုးညွန့်နှင့် ဂဠုန်ဦးစောတို့က ထောက်ခံ၍ ပြောပြကြရာ အချို့ကျောင်းသားများက လက်ခုပ်တီး၍ ကောင်းချီးပေးကြ၏။ ထို့နောက် ခွဲရေးအတိုက်အခံခေါင်းဆောင် ဒေါက်တာဘမော်က အင်္ဂလိပ်လေသံဟန်ပါပါနှင့် ခွဲရေးကား အဓိကအရေးမဟုတ်ကြောင်း၊ လွတ်လပ်ရေးသာ အဓိကဖြစ်ကြောင်း၊ နယ်ချဲ့များသည် ကိုလိုနီနိုင်ငံများအား အမြဲမပြတ် မိမိတို့လက်အောက် ထားရှိနိုင်ရန် အခါကာလအားလျော်စွာ အမျိုးသားအချင်းချင်း စည်းရုံးမှုပျက်ပြားရေးအတွက် ဥပါယ်တံမျဉ်ဖြင့် ဤသို့သော ဝိဝါဒကွဲ အငြင်းပွားမှုများ ဖော်ထုတ်လှုံ့ဆော်ပေးတတ်ကြောင်း၊ ခွဲရေးတွဲရေးဖြင့် အငြင်းပွားအချိန်ကုန်နေကြမည်ဆိုလျှင် အဓိက အမျိုးသားလွတ်လပ်ရေးမှာ နှောင့်နှေးလျက် နယ်ချဲ့ပရိယာယ် ဝဲသြဃအတွင်းမှ လွတ်မြောက်ကြမည်မဟုတ်ကြောင်း၊ မြန်မာပညာတတ် တက်လူငယ်များ အစိုးရအမှုထမ်း၊ အရာထမ်းအလုပ် လွယ်ကူစွာ ရနိုင်ရေးထက် မြန်မာ့လွတ်လပ်ရေးအကျိုးပြု ခေတ်မီ အမျိုးသားစနစ်သစ်တစ်ခု တည်ထောင်ဖန်တီးကြရန်က ပို၍အရေးကြီးကြောင်း၊ ဦးဘဘော တို့ လူတစ်စုသည် ဗြိတိသျှနယ်ချဲ့ အလိုတော်ကို အနည်းစုအကျိုးအတွက် တိုင်းပြည်အား ရောင်းစားကြရန် လီဆယ်နေကြကြောင်း၊ နိုင်ငံရေးဆိုသည်မှာ တစ်နိုင်ငံလုံးအကျိုး အဓိကပြု တွက်ချက် ဆောင်ရွက်ကြရမည့်အရေးဖြစ်ကြောင်း၊ ကုလားစီးပွားရေးသမားများ၏ ခြယ် လှယ်သွေးစုပ်နေခြင်းများကိုသာ ဖော်ထုတ်ပြောပြလျက် တိုင်းပြည်တွင် ဗြိတိသျှစနရှင်ကြီး များ၏ လက်ဝါးကြီးအုပ် စီးပွားရေးခြယ်လှယ်ထားမှုများကို ဖော်ထုတ်ပြောပြခြင်း မရှိသည် မှာ မရိုးသားကြောင်း၊ စီးပွားနယ်ပယ်တွင် မြန်မာလူထုအား အဓိက သွေးစုပ်ခြယ်လှယ်နေ ကြသူများမှာ ဗြိတိသျှကုမ္ပဏီများ၊ ဘဏ်တိုက်သူဌေးများ၊ မီးရထား၊ မီးသင်္ဘောသူဌေးများ၊ သတ္တုတွင်း သူဌေးများသာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးခေါင်းဆောင်များသည် မိမိတို့ တစ်စု နယ်ချဲ့နှင့် စေ့စပ်လျက် ရာထူးယူရေးအတွက် ပြည်သူ့ဥစ္စာ အကျိုးယုတ်နစ်နာစေမည့် လီဆယ်လှည့်စားသော မဟုတ်မမှန် နိုင်ငံရေးဝိဝါဒကွဲမှု မဖန်တီးသင့်ကြောင်း စသဖြင့် အကျယ်တဝင့် ချေပတင်ပြရာ လက်ခုပ်သံတညံညံနှင့် ဆူပွက်ပွဲတင်ထပ်၍ သွား၏။ ဒေါက်တာဘမော်အား လေအေးအေးနှင့် ထောက်ခံပြောဆိုသွားသူမှာ ဝတ်လုံဦးကျော်မြင့် ပင်ဖြစ်၏။ ၎င်းက ကုလားမြန်မာ မုန်းတီးရေးလှုံ့ဆော်ပေးသည့် နိုင်ငံရေးလမ်းစဉ်မှာ လွတ်လပ်ရေးလမ်းစဉ်မဟုတ်၊ နယ်ချဲ့အကျိုးပြုလမ်းစဉ်သာဖြစ်ကြောင်း၊ ကုလားလည်း ဗြိတိသျှကျွန်၊ မြန်မာလည်း ဗြိတိသျှကျွန်များသာဖြစ်၍ ကျွန်ကျွန်ချင်း ပဋိပက္ခ ကြီးထွားစေမှုလမ်းစဉ်မှာ နယ်ချဲ့စိုးမိုးခြယ်လှယ်ရေးသြဇာကို မြေတောင်မြှောက်ပေးခြင်းဖြစ်၍ ကျွန် အချင်းချင်း လက်တွဲလှုပ်ရှား ချီတက်ကြခြင်းဖြင့် အသီးသီးလွတ်လပ်ရေး ဆွတ်ခူးကြရမည်

mgyoe.com

mgyoe.com


ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့က ဗြိတိသျှနယ်ချဲ့၏ ခွဲရေးနည်းပရိယာယ်ကို ဆန့်ကျင်ကြရမည်ဖြစ်ကြောင်း အကျယ်တင်ပြရာ ကျောင်းသားထုအဖို့ လေးနက်သည့် နိုင်ငံရေးတွေးဆတတ်မှု အရည်အချင်းများ အမှန်ပင် တိုးပွားစေခဲ့သည်။

တို့ဗမာအစည်းအရုံး ခေါင်းဆောင်ဖြစ်သူ ထိုစဉ်အခါ တက္ကသိုလ်ဂန္ထလောကစာစောင် ဘာသာပြန်မှူး သခင်ဘသောင်းကမူ ခွဲရေးလည်းမကောင်း၊ တွဲရေးသည်လည်းမကောင်း၊ လုံးဝလွတ်လပ်ရေးသာ ကောင်းကြောင်း တိုတိုတုတ်တုတ် လိုရင်းကို သမိုင်းအတွေ့အကြုံဖြစ်ရပ်တစ်ခုကို ကိုးကားလျက် အောက်ပါအတိုင်း တင်ပြ၏။ အမှန်စင်စစ် ခွဲရေးသည် ဗြိတိသျှနယ်ချဲ့က မြန်မာပြည်အား ကုလားပြည်မှ ခွဲထုတ်ကာ သူတို့၏ ခြေဖဝါးတစ်ဖက်အောက် တိုက်ရိုက်ထားရန် အရေးဖြစ်ပြီး တွဲရေးသည် သူတို့၏ အခြားခြေဖဝါးတစ်ခုအောက်၌ မြန်မာပြည်အား ဆက်လက်ထားရန်အရေးသာ ဖြစ်သည်။ မြန်မာများအဖို့ ဗြိတိသျှဘယ်ခြေအောက်၌လည်းကောင်း၊ ညာခြေအောက်၌လည်းကောင်း မနေနိုင်ကြကြောင်း၊ စကားပုံ ရိုင်းရိုင်းပြောပြရလျှင် အင်းဝပြည်ဘုရင်မင်းခေါင်လက်ထက်က ချုပ်နှောင်ခံရသော သူခိုးတကော်ပြားထုံး နှလုံးမူလျက် ဝမ်းဗိုက်အား ဖိုတံကျင်ထိုး အသတ်ခံရခြင်းကိုလည်း မလိုလားပါ၊ လည်လီးခေါင်းဖြတ် အသတ်ခံရခြင်းကိုလည်း မလိုလားနိုင်ပါ၊ ဘုရင်မင်းတရား အပါးတော်၌ ထိုင်လျက်ရှိသည့် မိဖုရားခေါင်ကြီးကိုသာ လိုလားပါသည်ဆိုသော တောင်းဆိုချက်မျိုးအတိုင်း ဗြိတိသျှအစိုးရမေးသော ခွဲရေးတွဲရေးမေးခွန်းကိုယင်းသဘောထားခံယူလျက် ခွဲရေးလည်း ဗြိတိသျှကျွန်ဖြစ်ပြီး တွဲရေးလည်း ဗြိတိသျှကျွန်သာဖြစ်၍ ၎င်းတို့နှစ်ဦးစလုံး အလိုမရှိ၊ နယ်ချဲ့စနစ်အောက်မှ ကိုယ့်မင်းကိုယ့်ချင်း လုံးဝလွတ်လပ်ရေးသာ အလိုရှိကြောင်း အဖြေပေးကြရန်သာရှိကြောင်း ဆွေးနွေးတင်ပြရာ ကျောင်းသားလူငယ်အပေါင်း၏ ဇာတိမာန်ကို နှိုးဆွလှုံ့ဆော်သကဲ့သို့ ဖြစ်စေပြီး ကြီးမားနက်နဲသော နိုင်ငံရေးသိမှုကို တစ်ဆင့် မြှင့်တင်လိုက်ပေသည်။ ဤစကားစစ်ထိုးပွဲကားကျွန်တော်နှင့်တကွ သခင်ဗစိန်၊ သခင်ဗတင် အစရှိသော ကျောင်းသားမျိုးချစ် တက်လူငယ်များအဖို့ နိုင်ငံရေးအမြင်သစ်၊ အတွေးသစ်များကို အမှန်အစစ် ဖော်ထုတ်ဖွင့်လှစ်လိုက်သည့် စကားစစ်ထိုးပွဲကြီးပင် ဖြစ်ပါတော့သည်။

*

## မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံး

ထိုနှစ်ကား ကမ္ဘာ့စီးပွားရေးပျက်ကပ်၏ ဂယက်ဖြင့် နိုင်ငံခြားဒေသများ၌ နိုင်ငံ

mgyoe.com

mgyoe.com


ရေးရာ ပြောင်းလဲမှုများ အထူးသဖြင့် ဥရောပရှိ ဖောက်ပြန်သော ဟစ်တလာ၏ ဖက်ဆစ် ပါတီ တန်ခိုးသြဇာကြီးမားလာမှု၊ ဂျပန်ဖက်ဆစ်များ တရုတ်ပိုင်မန်ချူးရီးယားကို သိမ်းပိုက် ကြမှုအပြင် ကျွန်ုပ်တို့ မြန်မာပြည်တွင်လည်း ကုလား–မြန်မာ အဓိကရုဏ်းပြီးစ စပါးဈေး မတန်တဆ ကျဆင်းသွားမှု ဂယက်ကြောင့် သိန်းပေါင်းများစွာသော တောင်သူလယ်သမား ၌ မကြုံစဖူး ထူးကဲသည့် စီးပွားရေးကျပ်တည်းမှုများနှင့် စတင်ရင်ဆိုင်ကြရသောနှစ် ဖြစ်၏။ ရန်ကုန် အစရှိသော မြို့ကြီးများ၌ တိုင်းရင်းသားမြန်မာအပေါင်း၏ နိုင်ငံရေး၊ လူမျိုးရေး နိုးကြားလာမှုအပြင် ဖိစီးလာသည့် စီးပွားရေးအကျပ်အတည်းများ၏ လှုံ့ဆော်မှုများကြောင့် အထွေထွေအမျိုးသားရေး အထူးနိုးကြားသည့်နှစ်ဟု ဆိုရမည်။ အမျိုးသားအချင်းချင်း ရိုင်းပင်းကူညီ စောင့်ရှောက်ရေး အမျိုးသားထမင်းဆိုင်၊ အမျိုးသားကုန်စုံဆိုင်၊ လက်ဖက် ရည်ဆိုင်၊ ဆံပင်ညှပ်ဆိုင်၊ ပင်မင်းဆိုင် စသည်တို့လည်း တိုးတက်ဖြစ်ပေါ်လာလျက် ဗြိတိသျှနယ်ချဲ့အစိုးရအား တစ်နည်းနည်း ဆန့်ကျင်တော်လှန်ရန် အထူးသဖြင့် တက် လူငယ်များလောက၌ စိတ်ဓာတ်များ ပြင်းထန်နေကြ၏။

ထို့ကြောင့် ရန်ကုန်မြို့မ နေရှင်နယ် ကျောင်းဆရာများ၊ ကျောင်းသားများနှင့် တက္ကသိုလ်ကျောင်းသားကြီးများ ဦးဆောင်၍ မြန်မာ့စီးပွားရေးအကျပ်အတည်းမှ သက်သာ ရေး၊ မြန်မာလူငယ်များ စည်းရုံးညီညွတ်ရေး၊ အမျိုးသားအချင်းချင်း ရိုင်းပင်းကြရေး စသည့် ရည်ရွယ်ချက်များဖြင့် ပြည်လုံးကျွတ်လူငယ်များ အစည်းအရုံး လှုံ့ဆော်ထူထောင် ရန်၊ မြို့လုံးကျွတ် လူငယ်ကျောင်းသား အစည်းအဝေးကြီးတစ်ရပ် ရွှေတိဂုံအလယ်ပစ္စယံ ဆရာတော် ဦးနာဂိန္ဒမဏ္ဍပ်၌ ကျင်းပကြရာ တစ်သောင်းနီးပါး မကြုံစဖူး ထူးခြားသော တက်လူငယ်နှင့် ကျောင်းသားအပေါင်း၏ နိုးကြားစုဝေးမှုကြီး မြင်တွေ့ရ၏။ ဦးဆောင် သူများ အသီးသီးရှင်းလင်းဟောပြောကြပြီးနောက် လက်ငင်းလူငယ်များ လုပ်ဆောင်ကြရ မည့် သက်သာချောင်ချိရေးလုပ်ငန်းဖြစ်သော နိုင်ငံခြားကုန် သပိတ်မှောက်ရေး၊ အမျိုးသား ဖြစ်ပစ္စည်း အားပေးရေး၊ အမျိုးသားရိုင်းပင်းကူညီရေးတို့ ပြည်လုံးကျွတ်အတိုင်းအတာဖြင့် ဆက်လက်လုပ်ဆောင်နိုင်ကြရန် မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များ အစည်းအရုံးဖြစ် မြောက်မှု ယာယီကော်မတီတစ်ရပ် ဖွဲ့စည်းကြေညာကြ၏။ ထိုနေ့ အစည်းအဝေးအပြီး ပထမလုပ်ငန်းစဉ်အဖြစ် ပါလာကြသော ဗြိတိသျှလုပ် စီးကရက်များအားလုံးကို ထုတ်ယူ ကြလျက် စုပုံကာ မီးတင်ရှို့ပြကြခြင်းမှာ လူငယ်ထုက ဗြိတိသျှနယ်ချဲ့တို့အား စီးပွားရေးသပိတ်စစ်ပွဲ ကြေညာလိုက်ရာရောက်၏။ စည်းရုံးရေးကော်မတီကို မြို့မကျောင်း ဆရာတင့် ဥက္ကဋ္ဌ၊ တက္ကသိုလ်ကျောင်းသား ကိုနု အတွင်းရေးမှူး၊ သခင်လေးမောင်၊

mgyoe.com

mgyoe.com
သခင်ဗစိန်၊ သခင်ဗသောင်း၊ သခင်ဗတင်၊ ကိုအုန်း၊ ဆရာဟိန်၊ ကိုစံသိန်း၊ သခင်လူထွန်းပင်ဖြူလှဖေ စသည်တို့က အမှုဆောင်များအဖြစ် ရွေးကောက်ဖွဲ့စည်းလျက် စီးကရက်အစရှိသည့် ဗြိတိသျှကုန် သပိတ်မှောက်ရေး တောင်းပန်လှုံ့ဆော်ပွဲ အစီအစဉ်များ ချက်ချင်းပြုလုပ်ကြ၏။ အပတ်စဉ် မြို့တွင်းသို့ အစုအဝေးဖြင့် လှည့်လည်တောင်းပန် စည်းရုံးလှုံ့ဆော်ကြရင်း ကြီးမားသော အောင်မြင်မှုများ ရရှိကြ၏။ သို့နှင့် မြန်မာဆေးလိပ်ခုံများ၊ မြန်မာထမင်းဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၏ စီးပွားဖွံ့ဖြိုးမှုအား သွယ်ဝိုက်အားပေးသကဲ့သို့ ဖြစ်စေသည့်အခါ လူငယ်များအစည်းအရုံးမှာ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကျေးဇူးဥပကာရပြုမှုကို ခံကြရ၏။

ကျောင်းသားများလောက၌လည်း တိုင်းရင်းဖြစ်သုံးစွဲမှု အားပေးခြင်းသာလျှင် အမျိုးသားပီသကြောင်း သဘောပေါက်လာကြ၏။ အမြို့မြို့အရွာရွာတွင်လည်း ဝံသာနုခေတ်စက ပင်နီချောနှင့် ယောထဘီများ လူကြိုက်များကြသလို ပြန်လည်၍ တစ်ပြည်လုံးအတိုင်းအတာနှင့်ချီ ခေတ်စားလာရ၏။ မြို့ကြီးများ၌ လူငယ်များအစည်းအရုံးခွဲများတည်ထောင်ဖွဲ့စည်းကာ အဆိုပါ အမျိုးသားရိုင်းပင်းကူညီလှုပ်ရှားမှုများ အပျံ့အနှံ့ လုပ်ဆောင်လာကြရင်း မျိုးချစ်လူငယ်ခေတ်သစ်ကြီး ဖြစ်ပေါ်စေခဲ့၏။

*

## တို့ဗမာသီချင်း

ဤသို့ အမျိုးသားရေး အထွေထွေနိုးကြားလာစဉ် ရှေးခေတ်လူမျိုး၏ ကြီးကျယ်မှုဖော်ပြလျက် ယခုခေတ် အမျိုးသား၏တာဝန်နှင့် ဇာတိမာန်လှုံ့ဆွဆော်ဩပေးရန် ပေါ်ပေါက်ခဲ့သော မြန်မာ့အယူအဆ တော်လှန်ပြောင်းလဲရေး၊ အနုသုခုမမြောက်သီချင်းတစ်ပုဒ်မှာ တို့ဗမာအစည်းအရုံးက တီထွင်သီဆိုပြသလိုက်သော ယနေ့အမျိုးသားသီချင်းဟူ၍အသိအမှတ်ပြုထားသည့် တို့ဗမာသီချင်းကြီးပင် ဖြစ်၏။ တို့ဗမာအစည်းအရုံးခေါင်းဆောင်များသည် ဤသီချင်းကို ကိုယ်ပိုင်တီးဝိုင်းအဖွဲ့နှင့် တစ်နေ့သော ဆောင်းဦးပေါက်စညတစ်ည တက္ကသိုလ်သထုံကျောင်းဆောင် သဟာယမျိုးချစ်လူငယ်တစ်စု၏ ဧည့်ခံမှုဖြင့်ယင်းအဆောင်သို့ လာရောက်သီဆိုတီးမှုတ်ကြသည့်အခါ ကျောင်းသားထုအပေါင်း စိတ်တွင် တက်ကြွ တုန်လှုပ်ထိခိုက်ခြင်းဖြစ်ကြကြောင်း ကိုယ်တိုင်မြင်သိခဲ့ရ၏။

*

mgyoe.com

mgyoe.com

## အမျိုးသားနေ့

ရန်ကုန်တက္ကသိုလ်ရောက်ကတည်းက မြားမြောင်လှသည့် ပြင်ပရှိ လူမျိုးရေး၊ စီးပွားရေး၊ ကျောင်းသားရေး၊ နိုင်ငံရေးပြဿနာများနှင့် လစဉ်လိုလိုဆက်ကာ ရင်ဆိုင်လှုပ်ရှားမှုများအတွင်း မပါမပြီး ဖြစ်နေရ၏။ လက်တွေ့နှင့် သဘောတရား တွဲဖက်ကာ အပတ်တကုတ် ခံယူသင်ကြားမှ တတ်မြောက်နိုင်သော ဂုဏ်ထူးတန်း ဓာတုဗေဒ ကျောင်းသားတစ်ဦးအဖို့ မည်သည့်နည်းနှင့်မျှ သင်ခန်းစာများကို အချိန်မီလိုက်နာခံယူရန် မဖြစ်နိုင်တော့ပေ။ ကျွန်တော်သည် မူလကြံရွယ်သည့် ဓာတုဗေဒဂုဏ်ထူးပညာကိုစွန့်၍ ဒုတိယနှစ်ရိုးရိုးဘီအက်စ်စီအောင်ရေးအတွက်သာ ဆက်ပညာသင်ရင်း ယမန်နှစ် တာဝန်ယူ လုပ်ကိုင်နေသော လူငယ်များစည်းရုံးရေး ကျောင်းသားများအရေး၌ လုပ်အားပေးရန် ဆုံးဖြတ်၏။ ကျောင်းပိတ်ရက် ရွာပြန်ရောက်သည့်အခါ သူငယ်ချင်း သခင်ဗစိန်က သူ၏နေရပ် ဟင်္သာတတွင် လူငယ်များအစည်းအရုံး ထောင်ပြီးပြီဖြစ်ကြောင်း ကြေညာချက်များနှင့်တကွ စာတစ်စောင် မိမိထံသို့ ပါးလိုက်သည့်အခါ အားတက်ရသော်လည်း မိမိရွာ၌ အလားတူလုပ်ရန် အခြေအနေမပေးသဖြင့် စည်းရုံးမှု မရနိုင်ခဲ့ပေ။ သို့ရာတွင် ကျောင်းသို့ ပြန်လည်ရောက်ကြသည့်အခါ အားသစ်လောင်း၍ မျိုးချစ်ကျောင်းသား တက်လူငယ်များ ပိုမိုစုစည်းလျက် အမျိုးသားရေးလုပ်ငန်း ဆက်လက်အားထုတ်လုပ်ကိုင်ကြခြင်းဖြင့် ထိုနှစ်တွင် လွန်ခဲ့သည့်ဆယ်နှစ်က ပြည်လုံးကျွတ် ကျောင်းသားထုလုပ်ရပ်ကြီးတစ်ခု၏ နှစ်လည် အထိမ်းအမှတ်ပွဲကို ပြန်လည်အမှတ်ရ ကျင်းပနိုင်ခဲ့သည့်အတွက် တက္ကသိုလ်ကျောင်းသားများမှာ မိမိတို့၏ ကျောင်းသားရာဇဝင်ကြွေး ဆပ်နိုင်ခဲ့ကြ၏။ ယင်းအထိမ်းအမှတ်ပွဲကား အခြားမဟုတ်၊ (တန်ဆောင်မုန်းလဆုတ် ၁၀ ရက်) ယူနီဗာစီတီကျောင်းသားသပိတ်နေ့ (အမျိုးသားနေ့) ကို ဆိုလိုခြင်းဖြစ်၏။

*

## ဆရာစံ တောင်သူလယ်သမား သူပုန်ထခြင်း

ထိုနှစ်မှာပင် ကမ္ဘာ့စီးပွားပျက်ကပ်၏ မြန်မာပြည်သို့ အထွတ်အထိပ် ဂယက်ရိုက်ခဲ့ပုံကား စပါးဈေးတင်းတစ်ရာလျှင် ငါးဆယ်ကျပ်အထိ ကျဆင်းစေခြင်းဖြင့် တောင်သူလယ်သမား ထောင်ပေါင်းများစွာ ဝေါ်ပြတ်မွဲတေ ကြွေးတလပေနှင့် အိုးအိမ်မဲ့၊ လယ်ယာမဲ့ ဘဝ ရောက်ကြရခြင်းပေတည်း။ ယင်းမှ သက်သာမှုရရှိရန် မြန်မာပြည် ခေတ္တဘုရင်ခံ ဆာဂျေအေမောင်ကြီးထံ လယ်သမားခေါင်းဆောင် ဆရာစံက အမတော်ကြေး ဆိုင်းငံ့ရေး၊

mgyoe.com

mgyoe.com


လယ်ခွန်လယ်ခ လျှော့ပစ်ရေး တောင်းဆိုသည့်အခါ မျှော်လင့်ချက်မရှိဟူသော စကားပြန်ကိုသာ ရသည်နှင့် လယ်သမားသူပုန်ကြီး စတင်ပေါက်ကွဲခဲ့၏။ ဗြိတိသျှအစိုးရမှာ အရှူးမီးဝိုင်း ဒေါင်ချာစိုင်းကာ ပရမ်းပတာ အကြမ်းဖက်၍ လယ်သမားသူပုန်များအား ပြောင်ကျကျ ဖိနှိပ်သတ်ဖြတ်ခြင်း ကျင့်သုံးခဲ့ရသဖြင့် ပြည်တွင်းပြည်ပ များစွာ သြဇာကျခဲ့၏။ ယင်း တောင်သူလယ်သမားများ၏ အရေးတော်ပုံ ဤမျှ ထုထည်ကြီးမား ပေါက်ကွဲလာရခြင်းကား နိုင်ငံရေးနိုးကြားလာသည့် ဝံသာနုလှုထုအရှိန်၊ စီးပွားပျက်ကပ် ဖိစီးခံရမှုဒဏ်အရှိန်အပြင် မြေယာပိုင်ဆိုင်မှု (ဝါ) မြေယာကိုယ်တိုင် လုပ်ကိုင်ခြင်းမရှိသောသူများက မြေဧကမြောက်မြားစွာ ပိုင်ဆိုင်ပြီး ဓားမဦးကျ နဖူးကချွေး ခြေမရောက် လုပ်ကိုင်သူများအဖို့ ပိုင်ဆိုင်ခွင့်မရှိရခြင်း စသော ချွတ်ယွင်းတစ်ဖက်သတ် အစမ္မဆန်သည့် စနစ်ဆိုးများကြောင့်လည်း ဖြစ်ရမည်ဟု စစ်ဆေးတွေးဆချက်များ ပေါ်ထွက်လာ၏။ ဤအရပ်ရပ် မသမာမှုဖြင့် ပေါ်ထွက်လာသော လယ်သမားသူပုန် အရေးအခင်းများကား နောက်ဆုံး ဆရာစံ သူပုန်ခေါင်းဆောင်နှင့် အခြား မြောက်မြားစွာသော သူပုန်များအား နယ်ချဲ့အစိုးရက သတ်ဖြတ်အရေးယူပြီးနောက် မြန်မာပြည်သူလောက၌ ဗြိတိသျှနယ်ချဲ့တို့အပေါ် အခဲမကျေ စိတ်နာမှုများ လှုံ့ဆော်ခဲ့ရာ ကျောင်းသားလောကအတွင်း၌လည်း အလားတူ အခဲမကျေစိတ်များ ပျံ့နှံ့စေခဲ့၏။ မြန်မာ့မြေယာပြဿနာများ၊ မြန်မာ့တောင်သူလယ်သမားပြဿနာမှာ ပြန်လည် လေ့လာစစ်ဆေးအဖြေထုတ်ရန် အရေးတကြီး ဖြစ်ပေါ်လာ၏။

ကိုလိုနီခေတ် မြန်မာ့မြေယာလုပ်ငန်းမှာ မြန်မာပဒေသရာဇ်ခေတ်ကထက် ဆယ်ဆမျှ တိုးတက်ကျယ်ဝန်းလာခဲ့သည်ကား မှန်၏။ ယင်းသို့ ကျယ်ဝန်းလာအောင် ဗြိတိသျှနယ်ချဲ့စနစ်က မြေယာထွက်ပစ္စည်းများ နိုင်ငံခြားသို့ အမြတ်ထုတ်ရောင်းချနိုင်ရေးအတွက် မြေယာတိုးချဲ့လုပ်ကိုင်မှုအားပေးသော စီမံကိန်း၊ ချစ်တီးဘဏ်များမှတစ်ဆင့် ငွေချေးသောစီမံကိန်း၊ စတီးဘလုပ်ဘရားသား စသည့် ဗြိတိသျှကုန်တိုက်ကြီးများမှ စပါး ဝယ်ယူကြိတ်ခွဲ၊ သိုလှောင်၊ ပို့ဆောင်ရောင်းချရေးစီမံကိန်း၊ တစ်ဖန် သူတို့တိုင်းပြည်များမှ စက်ဖြစ် အထည်အဝတ်နှင့် အခြားအသေးစားစက်ပစ္စည်းများ မြန်မာပြည်သို့ သွင်းယူရောင်းချ ဖြန့်ဝေရေးစီမံကိန်း စသည်တို့ကို ပြုလုပ်အကောင်အထည်ဖော်ခဲ့ကြသည်။

ယင်းသို့ လက်ဝါးကြီးအုပ် ဓနရှင်စနစ်အရ တစ်ဖက်တွင် အာဏာအသုံးပြုအကောင်အထည်ဖော်ခဲ့ကြခြင်းဖြင့် မြေယာဧက သန်း ၂၀ အထိ စိုက်ပျိုးထုတ်လုပ်ရေးကို တောင်သူလယ်သမား ဆယ်သန်းကျော်က လုပ်ကိုင်ပေးကြရလျက် ပထမတွင် မြန်မာ့မြေယာရှင်ကလေးများဦးရေ အတန်တိုးတက်ခဲ့ပြီး လူနေမှုအဆင့် မြင့်ကြရ၏။ သို့ရာတွင်

mgyoe.com

mgyoe.com


လက်ဝါးကြီးအုပ် ခနရှင်စနစ်ကြား အတိုးအမြတ်ရသည်ထက် ပို၍ရမှ တည်တံ့ကြီးထွားနိုင်သည့် သဘာဝကြောင့် ၁၉၃၀ ပြည့်နှစ်တွင် မြေယာလုပ်ကိုင်စားကြသူလက်တွင်းမှ မြေရှင်ကြီးများနှင့် ချစ်တီးများလက်တွင်းသို့ မြေယာထက်ဝက်ကျော်မျှ ကူးပြောင်းပိုင်ဆိုင်စေခဲ့ရင်း လယ်ယာမဲ့ကူလီများ၊ စာရင်းငှားများ၊ အလုပ်လက်မဲ့ လယ်သမားများဦးရေလည်း တိုးခဲ့၏။

ယင်းအခြေအနေကား ၁၉၃၀ ပြည့်နှစ်၊ ကမ္ဘာ့စီးပွားပျက်ကပ်ဆိုက်အလာ မြန်မာပြည်တွင် မကြုံစဖူးသော တောင်သူလယ်သမားထု အကျပ်အတည်းကြီးကို ဖြစ်ပေါ်စေခဲ့၏။ ထိုသို့သော အကျပ်အတည်းမှ ထွက်ပေါက်မှာ ခနရှင်မြေရှင်စနစ် ဆန့်ကျင်တိုက်ဖျက်တော်လှန်ရေးလမ်းစဉ်သာ ဖြစ်သည်။ နယ်ချဲ့တို့က ယင်းလမ်းကြောင်းနှင့် ဆန့်ကျင်စွာ အပြတ်အသတ် တောင်သူလယ်သမား ချေမှုန်းဖိနှိပ်ရေးလမ်းစဉ် ကျင့်သုံးခဲ့သည့်အတွက် ဥဒါန်းမကျေနိုင်သည့် ဆရာစံလယ်သမားသူပုန်ဖြင့် ခုခံတန်ပြန်မှု ရင်ဆိုင်ရခြင်း ဖြစ်၏။

တက္ကသိုလ်ကျောင်းသားလောက၌ ဆရာစံသူပုန်အတွက် မခံမရပ် ဖြစ်လာကြသည်။ လျှို့ဝှက်စွာ အင်္ဂလိပ်စာကြေညာချက်များဖြင့် နယ်ချဲ့ကောင် မျက်နှာဖြူတွေကို ခွေးကဲ့သို့ သတ်ပစ်ကြ၊ ငရဲမကြီးနိုင်၊ ပြည်သူ၌ အကျိုးသာဖြစ်ရမည် လှုံ့ဆော်မှုအထိ ရောက်လာသည်မှာ လွန်စွာ ပြင်းထန်နက်ရှိုင်းသော ဆန့်ကျင်မှုလက္ခဏာကို ဆောင်နေပေသည်။ အမျိုးသား ဒေါသမချုပ်တည်းနိုင်ဘဲ ဖြစ်လာကြသော အချို့ကျောင်းသားများကား အဓိပတိလမ်းထိပ် ဗြိတိသျှဘုရင်ခံ၏ ကြေးရုပ်အား ဖိနပ်များနှင့် သွားရောက်ပေါက်ကြ၏။ ယင်းကြေးရုပ်ဖွင့်ပွဲကိုလည်း သပိတ်မှောက်ကြ၏။

ဤသို့သော ပတ်ဝန်းကျင်အရပ်ရပ် အခြေအနေတွင် ကိုယ်တိုင် ကြီးမားလှသော နိုင်ငံရေး၊ လူမျိုးရေး၊ စီးပွားရေး၊ လယ်သမားရေး ပြဿနာကြီးများကို မလေ့လာ မဆည်းပူးဘဲ ယင်းတို့၏ အဖြေရှာရန်နည်းလမ်း သဘောတရား မထုတ်ဖော်နိုင်ဘဲ မျိုးချစ်မပီသနိုင်၊ အရွယ်ရောက်လာပြီဆိုသည့် မိမိတို့ကဲ့သို့သော ပုဂ္ဂိုလ်မျိုးက မှားယွင်းသည့် နိုင်ငံရေး၊ လူမျိုးရေး၊ စီးပွားရေးအမြင်အစား မှန်ကန်သည့် အမြင်များဖြင့် အစားထိုးနိုင်စွမ်းမရှိကမည်သူ့ကိုမျှ အကျိုးမပြုနိုင်ဘဲ အချည်းနှီး အသက်ရှည်နေခြင်းသာဖြစ်သည်ဟု ယူဆပြီး ယခင် ခပ်ပေါ့ပေါ့နှင့် ချဉ်းကပ်လေ့လာ အာရုံပြုချက်များ၊ ယခင် မျိုးရိုးအလိုက် ဘာသာရေးအတွေးအဆဖြင့် တွေးဆကျင့်ကြံခဲ့မှုများ ရပ်တန်းကရပ်လျက် လေးနက်သောခေတ်၏ နိုင်ငံရေးဗဟုသုတ သဘောတရားများကို ခံယူဆည်းပူးလျက် ဝိဇ္ဇာနည်းကျကျ သဘောတရားနှင့် လက်တွေ့ဟပ်စွာ နိုင်ငံရေးနယ်ထဲ ကိုယ်တိုင်ဆင်း စွန့်စားလုပ်ကိုင်မှ ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

mgyoe.com

mgyoe.com


နိုင်ငံရေးနယ်အတွင်း အချိန်ပြည့်ဆင်းလုပ်ရမည်မှာ အပြောကျယ်လှသည့် ပင်လယ်ပြင်အတွင်း လက်ပစ်ကူးရသကဲ့သို့ ခက်ခဲနက်နဲကျယ်ဝန်းလျက် ပူပင်သောကနှင့် ဒုက္ခအထွေထွေအလီလီ ရင်ဆိုင်ရလိမ့်မည်ဟု အတော်အတန် သိခဲ့ရ၏။ အီတလီပြည် တော်လှန်ရေးခေါင်းဆောင်တစ်ဦးဖြစ်သော ဂါရီဆော်(လ)တီပြောသည့် သင်၏အစားအစာ ကား ငတ်ပြတ်ခြင်း၊ သင်၏အိပ်ရာကား ရေခဲပြင်၊ သင်၏ဆုလာဘ်ကား သေခြင်းသာ ဖြစ်ရမည်ဟူသောစကားကို သတိပြုလျက် စတင်လက်တွေ့ရင်ဆိုင်ရသည့် ပထမနှစ်တွင် ခနရှင်ပေါက်စများ၊ ဗြူရိုကရက်အရာရှိသားသမီးများ နေထိုင်သင်ကြားရာ တက္ကသိုလ် အသိုင်းအဝန်းရှိ အများစုဖြစ်သော ကျောင်းသားများနှင့် ဆန့်ကျင်ရ၏။ ၎င်းနောက် ရင်းနှီးသော ကျောင်းသားသူငယ်ချင်းများနှင့် နိုင်ငံရေးအယူအဆကွဲမှုအကြောင်းပြု၍ မိတ်ဆွေပျက်ရ၏။ ထို့နောက် ရာထူးရာခံ မျှော်မှန်းအားကိုးလျက် စောင့်ရှောက်ကူညီလာခဲ့ ကြသော မိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် အကြီးအကျယ် စိတ်ဝမ်းကွဲရ၏။

သို့တစ်ဖက်တွင် မိတ်ဟောင်းဆွေဟောင်းများ၊ သားချင်းများနှင့် ကွဲကွာရသော် လည်း တခြားတစ်ဖက်တွင်မူ နိုင်ငံရေးအယူအဆတူ မိတ်သစ်ဆွေသစ်များ တက္ကသိုလ် အသိုင်းအဝန်း၌သာမဟုတ် ပြင်ပလောက၌ပါ တွေ့ကြုံစုစည်းနိုင်လျက် ရင်းနှီးသည့် နိုင်ငံရေးမိတ် ဖွဲ့စည်းခွင့်ရသည့်အခါ အကြံသစ်၊ အားသစ်များ တိုးပွားလာ၏။ ပြင်ပ လောက နိုင်ငံရေးမိတ်ဆွေများမှာ ထိုစဉ်က (ဂျီ–စီ–ဘီ–အေ) ဝံသာနုအဖွဲ့ချုပ် အမှုဆောင် လူကြီးများဖြစ်သော သမ္မတဦးစိုးသိန်း၊ သမ္မတဦးစု စသည်တို့နှင့် ဝံသာနုရဟန်းသံဃာများ ဖြစ်ကြ၏။

တစ်ချိန်တည်းမှာ နယ်ချဲ့ကွပ်မျက်၍ ကွယ်လွန်ရသူ ဆရာစံ၏ အထိမ်းအမှတ် အဖြစ် ဖွဲ့စည်းထားသည့် ကော်မတီက စုဆောင်းဝယ်ယူထားသော ဘိလပ်လက်ဝဲစာအုပ် အသင်းမှ စာအုပ်အချို့တို့အနက် ရုရှားပြည် ဆိုရှယ်လစ်တော်လှန်ရေးနှင့် စပ်ဆိုင်သော ရဲဘော်လီနင် ကိုယ်တိုင်ရေးသားသည့် စာအုပ်များ၊ ရုရှားဆိုရှယ်လစ်သမ္မတနိုင်ငံ အုပ်ချုပ် ရေးဥပဒေ၊ စတာလင်ခေတ် ပထမအကြိမ်မြောက် ဆိုရှယ်လစ်စီးပွားရေးစီမံကိန်း စသည်တို့ အပြင် ဘားနဒ်ရှော၊ လူဆို၊ ကာလ်မက္ခစ်–အိန်ဂျယ်လ်စ် စသည့် တော်လှန်ရေးစာရေးဆရာ ကြီးများ၏ စာပေများကို တစ်ဖက်၌ စူးစိုက် အပတ်တကုတ် ကြိုးစားလေ့လာခဲ့ရင်း အခြား တစ်ဖက်တွင် အတန်းစာမေးပွဲအောင်ရေး စာပေများကိုလည်း မလစ်ဟင်းခဲ့သဖြင့် ထိုနှစ် မိမိနှင့်ရင်းနှီးသူ အခြားသူငယ်ချင်း ရှိုးရှိုးအတန်း စာသင်သားသုံးဦးက စာမေးပွဲကျပြီး မိမိက အောင်မြင်မှုရှိသည့်အခါ အံ့ဩစရာ ဖြစ်ခဲ့၏။ စာမေးပွဲအောင်သော်လည်း ယင်း

mgyoe.com

mgyoe.com


အောင်လက်မှတ်ကိုမယူ၊ ဘဝင်မြင့် တုန်လှုပ်ခြင်းမရှိ၊ ရှေ့ဆက်ရမည့် မိမိဆုံးဖြတ်ထားသည့် နိုင်ငံရေးနယ်အတွင်း ဝင်ရောက်ရေးအာရုံက ဩဇာလွှမ်းနေသည်နှင့်အညီ ရန်ကုန်သို့ဆင်းကာ တို့ဗမာအစည်းအရုံးခေါင်းဆောင် သခင်ဘသောင်း၊ သခင်သိန်းမောင်တို့နှင့် တိုင်ပင်မှုပြုလုပ်ပြီး တို့ဗမာသတင်းစဉ်မှတ်တမ်း မကြာမီ ထုတ်ဝေရေး၌ ဝင်ရောက်ကူညီဆောင်ရွက်ပေးရန် ဆုံးဖြတ်လိုက်၏။

ထို့နောက် အားလပ်ရက်များအတွင်း ပုသိမ်မြို့ အစ်ကိုဝမ်းကွဲတော်စပ်သူ ပုလိပ်အရာရှိတစ်ဦးထံ အလည်အပတ်သွားရင်း ၎င်း၏သမီး ခင်ခင်ကြီးနှင့် အရွယ်ရောက်လူငယ်တို့ဘာဝ ချစ်ကြိုက်မှုဖြစ်ကြရာ သားချင်းအားလုံးကပင် သဘောမျှကြသော်လည်း မိမိအဖို့ ဘေးအန္တရာယ်များပြီး စွန့်စားရမည်။ နိုင်ငံရေးလုပ်ငန်းလမ်းခရီးကြမ်းတွင် ပုလိပ်တစ်ယောက်၏သမီးနှင့် လက်ထပ်ကာ အတူယှဉ်တွဲ အလုပ်လုပ်နိုင်ရန် လွန်စွာခက်ခဲမည့်အရေး တွေးမိပြန်ရာ ယင်းအိမ်ထောင်ရေးကား မဖြစ်နိုင်ဟု ဆုံးဖြတ်ပြီး အထက်အညာသို့ ခေတ္တပြန်အလာ စစ်ကိုင်းကောင်းမှုတော်ဒေသ၌ သက်ပန်းဆရာတော် ဂျီ–စီ–ဘီ–အေ (ဒေါက်တာဘမော်၊ ဗန္ဓုလဦးစိန်) တို့၏ ခွဲရေးဆန့်ကျင်ဘက် ဝံသာနု ပြည်လုံးကျွတ်အစည်းအဝေးသို့ ခေတ္တတက်ရောက် လေ့လာ၏။ ထိုစဉ်က (ဂျီ–စီ–ဘီ–အေ) ခေါ် မြန်မာအသင်းချုပ်များမှာ လေးကွဲမျှ ကွဲနေကြလျက် ဦးချစ်လှိုင်တို့က (လှိုင်ပုကျော်ဟူ၍) တစ်ကွဲ၊ ဦးစိုးသိန်း (မူလ ဂျီ–စီ–ဘီ–အေ ဟူ၍) တစ်ကွဲ၊ ဦးစုက တစ်ကွဲ၊ ဗန္ဓုလ ဦးစိန်က တစ်ကွဲ စသည်ဖြင့် သီးခြားစီ ဖြစ်တည်နေကြ၏။ ကျွန်တော်ကား ၎င်းတို့၌ စိတ်မဝင်စားပေ။ လေးနက်စစ်မှန်သော နယ်ချဲ့ဆန့်ကျင်ရေး ပြည်သူအပေါင်း၏ အမျိုးသားလှုပ်ရှားမှုအသစ် ပေါ်ပေါက်ရန်၌သာ စိတ်ဝင်စားနေသူ ဖြစ်သည့်အလျောက် ယင်းအတွက်ကြံဆအားထုတ်လိုစိတ်ဖြင့် မိမိနေရပ်ရွာသို့ ပြန်လာခဲ့၏။

၁၉၃၁ ခု၊ ဇွန်လကျောင်းများ ပြန်ဖွင့်ကြသည့်အခါ မိဘနှစ်ပါးက အတန်တန်တောင်းပန်သဖြင့် အနီးအနား မုံရွာမြို့ရှိ ဗုဒ္ဓဘာသာ အင်္ဂလိပ်–မြန်မာ အထက်တန်းကျောင်းဆရာတစ်ဦး လစ်လပ်နေသည့်နေရာတွင် ဝင်ရောက် ခေတ္တဆရာ လုပ်ပေးရသည့်အခါကျွန်တော့်မှာ အနေကျပ်အထိုင်ကျပ် ဖြစ်ရ၏။ သို့ရာတွင် အနည်းငယ်သက်သက်သာမှုရသည်မှာ ထိုမြို့လူငယ်များ ဖွဲ့စည်းထားသည့် ဗန္ဓုလစာကြည့်ကလပ်တွင် မိမိအား ဥက္ကဋ္ဌအဖြစ် စောင့်ရှောက်ဆောင်ရွက်ပေးရန် တိုက်တွန်းချက်အရ စိတ်ပြေလက်ပျောက်ဝင်ရောက်လုပ်ကိုင်ပေးရခြင်းကြောင့် ဖြစ်၏။ မုံရွာ ဗုဒ္ဓဘာသာကျောင်း အထက်တန်းဆရာဘဝသက်တမ်းမှာ သုံးလမျှအကြာ ကျောင်းအုပ်ချုပ်ရေးအဖွဲ့က ကျွန်တော်၏ ပြင်ပအသင်း

mgyoe.com

mgyoe.com
အဖွဲ့ရေးရာ နိုင်ငံရေးရာလုပ်ငန်းများ မကြိုက်မနှစ်သက်နိုင် ဖြစ်လာကြရင်း ကျွန်တော်လည်း ရန်ကုန်တွင် ကတိပေးထားခဲ့သော တို့ဗမာသတင်းစဉ်ထုတ်ဝေမှု ကူညီရန် အချိန်ရောက်သည်နှင့် ကျေကျေနပ်နပ် အလုပ်မှထွက်ခဲ့ရာ ဖခင်ကြီးခမျာမှာ ကျွန်တော် ကျောင်းမှထွက်ခြင်းကို လုံးဝသဘောမတူဘဲ မအောင့်မသက်သာ မျက်နှာငယ်ငယ်နှင့် မုံရွာဘူတာတွင် ကျန်ရစ်နေခဲ့ပုံ ယနေ့အထိ စိတ်ထဲ၌ မြင်မိပါသေးသည်။

အရွယ်ရောက်ကာ ကိုယ်ပိုင်ဉာဏ်အသုံးပြုလျက် မိမိကြမ္မာ မိမိဖန်တီးမည်သဘောထားဖြင့် ဤသို့ မိဘဆွေမျိုး အနှောင်အဖွဲ့ ဩဇာဖြတ်တောက်လျက် ယုံကြည်ချက်တစ်ခုအတွက် အလုပ်လုပ်ရတော့မည့် အချိန်မျိုးတွင် လွတ်လပ်မှု၏ အရသာမှာ ကြီးမားလှ၏။ ကျွန်တော်သည် ရန်ကုန်သို့ ဤအချိန်ဆင်းသည့်အခါ မီးရထားဖြင့်မဟုတ်ဘဲ ရေလမ်းတစ်လျှောက် မြန်မာ့မြို့ရွာများ အခြေအနေ လေ့လာဆည်းပူးနိုင်ရန် ဧရာဝတီမီးသင်္ဘောဖြင့် မန္တလေးမှ စတင်တက်ရောက် စုန်ဆင်းခဲ့သည်။ မြန်မာ့ယဉ်ကျေးမှု တိုးတက်ဖြစ်ပေါ်သည့်သမိုင်း၌ မြန်မာတို့၏ အစဉ်အလာ နေထိုင်လုပ်ကိုင်ကြပုံ၊ အချင်းချင်းဆက်သွယ်ကြပုံ၊ ဘုရားများ မြို့များတည်ကြပုံ၊ ထူထောင်ကြပုံ အရပ်ရပ်သိလိုလျှင် မြန်မာ့ယဉ်ကျေးမှု၏ ကျောရိုးဖြစ်သော ဧရာဝတီမြစ်အကြောင်းကိုကား မသိမဖြစ်ပေ။ မြန်မာ့သမိုင်းအစနှင့် အလယ်မြို့တော်များသည် ယင်းမြစ်ဆိပ်ကမ်းများပေါ်၌ တည်ဆောက်ခဲ့ကြရပြီး ယခုလည်း ယင်း၏ ကမ်းပါးတစ်လျှောက် မြန်မာ့အသက်သွေးခဲ ခေတ်မီရေနံ၊ ဓာတ်ဆီ၊ ဖယောင်း၊ ဘိလပ်မြေစသည့် စက်မှုထုတ်လုပ်ရေးစခန်းများ ဖွင့်နေကြရသည်မဟုတ်ပါလော။

❒

mgyoe.com

## အခန်း (၄)

## ရေနံချောင်းမြို့ ပထမအကြိမ်မြောက် တို့ဗမာ (သခင်) ညီလာခံ

ရန်ကုန်ရောက်လျှင် စတင်ထုတ်ဝေနေပြီဖြစ်သော တို့ဗမာသတင်းစဉ်လုပ်ငန်းများကို (ဘိလပ်ပြန်) သခင်သိန်းမောင်၊ သခင်ဘသောင်းတို့နှင့်အတူ အားတက်သရော ဝင်ရောက်လုပ်ကိုင်ရာ ပို၍ နိုင်ငံရေးအမြင် ကျယ်ခဲ့၏။ တို့ဗမာအစည်းအရုံးက ဒုတိယအကြိမ် ခွဲရေး မျက်နှာစုံညီ ဘိလပ်အစည်းအဝေးသို့ ဗြိတိသျှအလိုတော်ရိ မြန်မာခေါင်းဆောင်များ သွားရောက်ကြသည့်နေ့ ထုတ်ဝေခဲ့သော ကာတွန်းဆရာ ဦးဘကလေး၏ လက်ရာ (အမဲရိုးပြလျှင် လိုက်၍ဟပ်သောသူများ) ပုံပါ စာတန်းမှာ ဝံသာနုမျိုးချစ်များ လွန်စွာ နှစ်သက်ကြသဖြင့် တို့ဗမာအစည်းအရုံးက ဆက်ကာဆက်ကာ ရိုက်နှိပ်ထုတ်ဝေဖြန့်ချိနေရ၏။

တို့ဗမာသတင်းစဉ်၏ ဆောင်ပုဒ်မှာ လာမည့်ဘေး ပြေးတွေ့၊ ဗမာပြည်သည် တို့ပြည်၊ တို့ပြည်ကို ချစ်ပါ၊ ဗမာစကားသည် တို့စကား၊ တို့စကားကို လေးစားပါ၊ ဗမာစာသည် တို့စာ၊ တို့စာကို ချီးမြှင့်ပါ ဖြစ်သည်နှင့်အညီ ယင်းစာတန်းများကို သတင်းစဉ် မျက်နှာဖုံး၌ ခြောက်လိုင်းစာလုံးများဖြင့်စီ၍ ထိုစာတန်းများအပေါ် ခေတ်ဟောင်းခေတ်သစ် နောက်ခံကာ ရုပ်အတွင်း မီးတုတ်ထမ်းဗမာကြီးက ရှေ့မှဦးဆောင်လျက် နောက်မှ လူထုကြီးများက တူရွင်း၊ တံစဉ်၊ တူ၊ စသည့် လက်နက်များ ထမ်းလိုက်ကြပုံ ဘလောက်တံဆိပ် ရိုက်နှိပ်ရသည်ဖြစ်ရာ ယခင်ယခင်က ပေါ်ထွက်ခဲ့သော သတင်းဂျာနယ်များနှင့်မတူ ထူးခြား၍ တက်ကြွလှုံ့ဆော်သည့်ပုံသဏ္ဍာန်ဆောင်၏။

mgyoe.com

ထိုစဉ်က တို့ဗမာသတင်းစဉ်မှာ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားစိတ်လှုံ့ဆော်ပေးမှုနှင့် လက်ငင်းဖြစ်ပေါ်နေသော နိုင်ငံရေးပြဿနာများအပေါ် ဝေဖန်ရှုတ်ချ ထင်မြင်ချက်ပေးမှုအတွက် တိုးတက်သည့်စာစောင်တစ်ခု အမှန်ပင်ဖြစ်သော်လည်း တို့ဗမာအစည်းအရုံးကို မည်သည့်စနစ်အရ၊ မည်သည့်ဝါဒအခြေခံဖြင့် စည်းရုံးတည်ဆောက်ကြမည်ဖြစ်ကြောင်း၊ မြန်မာ့လွတ်လပ်ရေးအတွက် ပြုပြင်ရေးနည်းဖြင့် ဆောင်ရွက်ကြမည်လော သို့မဟုတ် တော်လှန်ရေးနည်းဖြင့် ဆောင်ရွက်ကြမည်လော၊ စသည်တို့ကို ကွဲပြားခြားနားပြတ်သားစွာ ဖော်ထုတ်တင်ပြနိုင်သည့် အရည်အချင်း မရှိခဲ့ပေ။ သို့ရာတွင် ဗြိတိသျှနယ်ချဲ့နှင့် ၎င်း၏ အလိုတော်ရိ တိုင်းရင်းသားခေါင်းဆောင်တို့၏ လုပ်ရပ်များ ဆန့်ကျင်သည့်စာစောင်ဖြစ်သည့်အလျောက် အဘက်ဘက်မှ ဖိနှိပ်ခံရရာ လူတစ်စု ထောက်ခံမှုမှလွဲ၍ လူထုစည်းရုံးရေးဖြင့် စနစ်တကျ ထောက်ကူမှု မရရှိသဖြင့် နောက်ဆုံး သုံးလမျှအကြာဆက်လက်ထုတ်ဝေရန် စရိတ်ကြေးငွေ မဖြည့်စွက်နိုင်ဘဲ ရပ်ဆိုင်းလိုက်ရ၏။

ထိုကဲ့သို့ မရှုမလှ ရပ်ဆိုင်းလိုက်ရခြင်းသည် ထောက်ခံအားပေးမည့် လူထုစနစ်တကျစည်းရုံးရေး လစ်ဟင်းခဲ့၍ ဖြစ်ရကြောင်း သင်ခန်းစာတစ်ခုယူကာ ကျွန်တော်သည် ယခင်က အတန်လှုပ်ရှားခဲ့လျက် ယခု ကောက်ရိုးမီးပမာ ငြိမ်သက်နေသည့် မိမိလည်းခေါင်းဆောင်တစ်ဦးအဖြစ် လှုပ်ရှားပါဝင်ခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံးကို ပြန်လည် အသက်သွင်းလှုပ်ရှားလာရန် အာရုံစူးစိုက်ရ၏။ အစည်းအရုံး အတွင်းရေးမှူး ကိုနု (ဝန်ကြီးချုပ်ဟောင်းဦးနု) မှာ တက္ကသိုလ်မှ ကျွန်တော်ကဲ့သို့ ထွက်ခွာသွားလျက် ပန်းတနော်အမျိုးသားကျောင်းဆရာလုပ်နေသဖြင့် ကျန်အမှုဆောင်ဟောင်းများအစည်းအဝေးကို ဥက္ကဋ္ဌဆရာတင့် သဘောတူချက်ယူလျက် ကျွန်တော်ကိုယ်တိုင် လှုံ့ဆော်ဖိတ်ကြား ခေါ်ဆိုကျင်းပပြီး လူငယ်များအစည်းအရုံး ပြန်လည်လှုပ်ရှားရေးကိစ္စများ ဆွေးနွေးကြသည်။ အချို့ အမှုဆောင်ဟောင်းများလည်း ဆက်လက်တာဝန်မယူနိုင်ကြသဖြင့် ကိုကျော်စိန် (ကွယ်လွန်သူ ဂုန်လျှော်စက်မန်နေဂျာ)၊ ကိုဘဆိုင်၊ ကိုလှဝေ စသော အမှုဆောင်သစ်များအပြင် ဦးဘသွင်၊ ဦးလှမောင် (ယခု ဗိုလ်မှူးကြီး) ဖြည့်စွက်ကာ ကျောင်းသားလောကအတွင်း ယခင်ကအတိုင်း ထိုးဖောက်စည်းရုံးကြရန် စီစဉ်ကြပါသည်။ အတွင်းရေးမှူးအဖြစ် ကျွန်တော့်မှာ ကျောင်းမှထွက်၍ လွတ်လပ်သူတစ်ဦး အခြေအနေ ရှိနေသည့်အလျောက် တာဝန်ယူဆောင်ရွက်သင့်သည်ဟု အများက အကြံပေးကြ၍ လက်ခံလိုက်၏။ သို့နှင့် ယင်းအမှုဆောင်ဟောင်းများသို့လည်း နှိုးဆော်စာများပို့ခြင်း၊ ယခင် အဆက်အသွယ်ပြုပြီး အဖွဲ့ခွဲများသို့ ဆက်သွယ်စာပို့ခြင်းအပြင် လူငယ်စည်းရုံးရေးလှုပ်ရှားမှု ဆော်ဩပြု

 mgyoe.com 

ကာ စာစောင်တစ်ခုလည်း ရိုက်နှိပ်ထုတ်ဝေ၍ အဖွဲ့ချုပ်တည်ရာဌာနကို သီးခြားအခန်းတစ်ခု ရန်ကုန် အလုံရပ်ကွက်၊ *ဆူပါပင်လမ်း အိမ်ခန်းတစ်ခန်း ငှားရမ်း၍ ဆိုင်းဘုတ်တင်လိုက်ကြခြင်းဖြင့် လူငယ်လုပ်ငန်းသစ်များ စတင်လုပ်ကိုင်ကြ၏။

အခြေအနေကား ယခင်နှစ်နှင့်မတူ၊ စည်းရုံးလှုပ်ရှားမှုအတွက် ထိုင်းမှိုင်းလေးကန်လှ၏။ ကျောင်းသားထုအတွင်း စည်းရုံးရေးမှာ အစုအအုပ်နှင့် နီးကြားထောက်ခံလာမှုမရှိ၊ တစ်ဦးချင်းသာ စည်းရုံး၍ရပြီး နယ်ပယ်တို့နှင့် ဆက်သွယ်ရေးများလည်း မန္တလေး၊ ပုသိမ်၊ ဟင်္သာတ စသည့် မြို့အနည်းငယ်မှအပ အခြားတို့နှင့် တုံ့ပြန်ဆက်သွယ်မှု ကောင်းစွာမရ။ သို့ရာတွင် ဘိလပ်ရှိ နယ်ချဲ့စနစ်ဆန့်ကျင်ရေးအဖွဲ့ချုပ် အတွင်းရေးမှူးဖြစ်သူ ရယ်ဂျီနယ်(လ်)ဘရစ်(ချ)မင်းထံမှ အားပေးစာများကိုမူ ရရှိ၏။ ၁၉၃၁ ခုနှစ်၊ ဒီဇင်ဘာ ကျောင်းပိတ်ရက်ကာလ ရောက်သည့်အခါ ကျွန်တော်သည် အစီအစဉ်အရ ပြည်လမ်းတစ်လျှောက် မြို့များရှိ လူငယ်များစည်းရုံးရေးအတွက် ပေါင်းတည်တက္ကသိုလ် ကျောင်းနေဖက် ကိုသီဟ၏ မိဘများအိမ် စတည်းချ၍ ထိုမြို့မှ ဇီးကုန်း၊ နတ်တလင်း၊ ကြို့ပင်ကောက်မြို့များသို့ တစ်နေ့ပြီးတစ်နေ့ အစီအစဉ်လုပ်ကာ လူငယ်ကျောင်းသား အစည်းအဝေးများတွင် တရားဟောပြောမှု ပြုလုပ်ခဲ့၏။ ပေါင်းတည်တွင် ကိုသီဟ (စစ်ဘက်အုပ်ချုပ်ရေးခေတ် ဝန်ကြီး)၏ အကူအညီဖြင့်ပင် လူငယ်ကျောင်းသား ဆွေးနွေးပွဲတစ်ရပ် မြို့လယ် ဘုရားဝင်းအတွင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ရာ ဤအရပ်ရပ် လူငယ်ရေးရာ ပြန်လည်လှုပ်ရှားမှုဖြစ်ပေါ်ခြင်းကား အားတက်စရာပင်။

ကျွန်တော်သည် ထိုသို့ လူငယ်လှုပ်ရှားမှုများ ပြုလုပ်နေစဉ် သခင်ဘသောင်း၊ သခင်သိန်းမောင်၊ သခင်ဗစိန်နှင့် သခင်ထွန်းရွှေတို့က ရွှေဘိုကြားရွေးကောက်ပွဲတစ်ခုတွင် တို့ဗမာဝါဒဖြန့်အဖြစ် သခင်ဘသောင်းအား အမတ်အရွေးခံစေရန် လှုံ့ဆော်ဟောပြောပွဲ စီစဉ်မှုကိစ္စနှင့် အလုပ်များနေကြ၏။ သူတို့သည် မည်ရွေ့မည်မျှ တို့ဗမာဝါဒကို ထိရောက်စွာဖြန့်ချိလှုံ့ဆော် ဟောပြောနိုင်ခဲ့ကြကြောင်း သူတို့အားလုံး ရွေးကောက်ပွဲအပြီး အနာပေါ်တုတ်ကျဖြစ်ရသော နယ်ချဲ့အစိုးရ၏ ဖမ်းဆီးထောင်ချခံရကြရခြင်းဖြင့် သိသာစရာ ဖြစ်ပါတော့သည်။ အကြောင်းမူ သူတို့၏ ဟောပြောချက်များမှာ ရွေးကောက်ပွဲ မဲရရန် အဓိကမဟုတ်၊ ရွှေဘိုအောင်မြေနင်းလျက် စတုတ္ထလွတ်လပ်သော မြန်မာနိုင်ငံတော်သစ် တည်ထောင်ရေး၊ ကိုယ့်မင်းကိုယ့်ချင်း ဆန္ဒရယူရန်အတွက် အဓိကဖြစ်ကြောင်း၊ ဗြိတိသျှအစိုးရအရာရှိများအား ကြောက်နေစရာမဟုတ်၊ ပြည်သူ့အစေခံများသာဖြစ်ပြီး ပြည်သူများသာလျှင် အခွန်ပေးနေကြသူ အရှင်သခင်များဖြစ်ကြကြောင်း၊ ခွဲရေးတွဲရေးမှာ ဗြိတိသျှ၏ လီဆယ်

mgyoe.com

ချက်သက်သက်ဖြစ်ကြောင်း၊ လုံးဝလွတ်လပ်ရေးသာ ဗမာ့နိုင်ငံရေးပန်းတိုင်ဖြစ်ကြောင်း၊ တို့ဗမာဟူ၍ အမည်တပ်ရခြင်းသည် ပျော့ညံ့နွံသံပါသော မြန်မာစာလုံးများအစား မာကျောဒေါင်ဒေါင်မြည် ဗမာကြီးများ၏ ဇာတိသွေးလှုံ့ဆော်ပေးရန်အတွက်ဖြစ်ကြောင်း စသည်ဖြင့်ဖြစ်ကြရာ ထိုစဉ်က ဗြိုရိုကရက် ဗြိတိသျှအရာရှိများအဖို့ ယင်း ဟောပြောချက်များမှာ သာမန်ရာဇဝတ်မှု ကျူးလွန်ခြင်းထက် အဆပေါင်းများစွာ အထူးပင် ပိုကဲကြောက်ရွံ့စိုးရိမ်မှုကို ဖြစ်စေခဲ့၏။ ထို့ကြောင့်လည်း မျက်နှာဖြူ ဗြိုရိုကရက်များကား သခင်ခေါင်းဆောင်များကို နုနယ်စဉ်အခါကစ၍ အညွန့်ချိုးထားရန် အကြံအစည်နှင့် ထောင်အတွင်း အကျဉ်းချစဉ်ကပင် ဥပဒေအပြင်ပ မတရားရက်စက်မှုဖြစ်သော မင်းနာမည် ဘယ်သူလဲမေး၍ သခင်ဘသောင်းဟုဆိုလျှင် ပါးကွက်အာဏာသားများက ဘာသခင်လဲ ဟု ပြောပြောဆိုဆို ရိုက်နှက်ညှဉ်းဆဲမှုအထိ ပြုကျင့်စေခဲ့ကြ၏။ သို့ မတရားပြုကျင့်ကြခြင်းကို ပြည်သူများ ကြားသိရလျှင် ပို၍ပင် ဗြိတိသျှလူမျိုးအပေါ် မုန်းတီးအခဲမကျေစိတ်ဖြစ်စေခဲ့ရင်း တို့ဗမာသခင်များမှာ ထိုစဉ်မှစ၍ တိုင်းပြည်၏ ကြင်နာလေးစားအားထားမှုကို ရကြ၏။ 'သခင်ပေါက်စ ထောင်ခြောက်လ'၊ 'အမေကမွေး ထောင်ကကျွေး' စကားများ ပေါ်ထွက်လာလျက် နိုင်ငံရေးလုပ်ကြရာ၌ ထောင်တန်း အကျခံရမည်ကြောက်က မဖြစ်နိုင်၊ စွန့်စားနိုင်မှ ဖြစ်နိုင်သည့် 'လာမည့်ဘေး ပြေးတွေ့' အယူအဆမှာ လူငယ်များလောက၌ ပျံ့နှံ့စေ၏။

ကျွန်တော်တို့သည် ရွှေဘိုတွင် သခင်ဘသောင်း၊ သခင်ဗစိန်၊ သခင်သိန်းမောင်၊ သခင်ထွန်းရွှေတို့အား အစိုးရက မတရားသက်သက် နှိပ်စက်မှုပြုလုပ်ကြောင်း ကြားရလျှင် ရန်ကုန်ရှိ လိုလားသူ ရဟန်းရှင်လူများ၏ အစည်းအဝေးတစ်ရပ်ကို ဝံသာနုဦးခင်းအိုအလုံရပ်ကွက် (ကွယ်လွန်သူ) အမှူးထား၍ ကျင်းပစေလျက် အစိုးရအား ရှုတ်ချကန့်ကွက်ခဲ့ကြ၏။ တစ်ချိန်တည်းမှာ တရားဥပဒေအရ ရန်ကုန်ဟိုက်ကုတ်ရုံး၌ ဓာတကတက်ရန် ဝတ်လုံဒေါက်တာဘဟန်နှင့် စီစဉ်ကြရင်း ကျွန်တော်ကိုယ်တိုင်လည်း ရွှေဘိုသို့ သွားရောက်လေ့လာခဲ့၏။ ထိုစဉ်အခါ တောင်ငူမှ သခင်လှမောင် (သခင်ထွန်းရွှေ၊ သခင်သိန်းမောင်တို့၏ ရဲဘော်) လည်း ရွှေဘိုသို့ ရောက်နေပြီဖြစ်သဖြင့် ကျွန်တော်နှင့်အတူ နိုင်ငံရေးအခြေအနေများ လေ့လာကြ၏။ သို့နှင့် ရွှေဘိုမှာ သခင်ဝါဒ စတင်အခြေချရာ အောင်မြေဖြစ်ခဲ့ရ၏။ သခင်လှမောင်မှာ ရွှေဘိုမှနေလျက် တောင်ငူသို့ စာရေးရာတွင် ဂျော့ဘုရင်တံဆိပ်ကို ခွေးခေါင်း ပြောင်းပြန်ကပ်ကာ စာထည့်လိုက်ကြောင်း ရေးသားခဲ့မှုကြောင့် အရေးယူထောင်ချခံရ၏။ ယခုအခါ ထိုရဲဘော်ကား စစ်ပြီးစ မသမာသူများလက်ချက်ဖြင့် ဆုံးပါး

mgyoe.com

 mgyoe.com 

သွားခဲ့ပေပြီ။

သခင်များ ပထမအကြိမ် ရွှေဘိုအာဏာဖီဆန်မှုမှာ နောက်ဆုံး ဟိုက်ကုတ်စာေဒကတတက်ရာ၌ အနိုင်ရခဲ့သဖြင့် အပြစ်ဒဏ် ၃ လမကုန်မီ အားလုံးလွတ်မြောက်လာကြ၏။

သခင်ဗစိန်သည် ဤသို့ ရွှေဘိုရွေးကောက်ပွဲအရေးအခင်းနှင့် စပ်လျဉ်း၍ ထောင်အချခံရပြီးနောက် တက္ကသိုလ်မှထွက်ကာ တို့ဗမာအစည်းအရုံးလုပ်ငန်းများကို အမြဲတမ်းအလုပ်သမားတစ်ဦးအဖြစ် လုပ်ဆောင်လာသည့်အခါ ကျွန်တော့်မှာ တစ်အားဖြစ်စေခဲ့၏။ သူသည် ဝံသာနုခေါင်းဆောင်အချို့နှင့် ရင်းနှီးသည့်အလျောက် ပထမဦးစွာ ဆရာတော်ဦးဥတ္တမ၏ ညီအရင်း စီရင်စုတိုင်းဆိုင်ရာ နိုင်ငံရေးသံဃအကျိုးဆောင်အဖွဲ့ဝင် (ထောင်ပြန်) ကိုရင်ကြီး ရှင်အရိယနှင့် ဆက်သွယ်ပေး၍ သိကျွမ်းမှုရခဲ့၏။ ထို့နောက် များမကြာမီပင် သူရော ရှင်အရိယပါ ကျွန်တော်နှင့်အတူ မြန်မာပြည်အဝန်း ခရီးရှည် လှည့်လည်၍ နိုင်ငံရေးတရား ဟောပြောရင်း စည်းရုံးရေးထွက်ကြရန် စီစဉ်ကြပါသည်။

သခင်ဗစိန်မှာ တို့ဗမာအစည်းအရုံးကိုယ်စားအဖြစ်လည်းကောင်း၊ ကျွန်တော်က လူငယ်များအစည်းအရုံးကိုယ်စားအဖြစ်လည်းကောင်း၊ ရှင်အရိယက သံဃအကျိုးဆောင်ဆရာတော်တစ်ပါးအဖြစ်လည်းကောင်း သာယာဝတီနယ်မှစ၍ အဆင့်ဆင့် အထက်အရပ်တို့သို့ စတင်ချီတက်ကြရာ သာယာဝတီမြို့၌ ဝတ်လုံဦးမြ (ကွယ်လွန်သူ ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌသခင်မြ) အိမ် တည်းခိုလျက် သခင်ခင်အောင်၊ သခင်တင်တို့အကူအညီဖြင့် သုံးဆယ်၊ လက်ပံတန်း၊ မင်းလှ၊ စစ်ကွင်း စသည်တို့သို့ နိုင်ငံရေးတရား လှည့်လည်ဟောပြောကြရာ ခေတ်ဟောင်းဝံသာနု ဦးကွာပိန္န အစရှိသော ဘုန်းတော်ကြီးများနှင့် သခင်ထွန်းဆိုင် အစရှိသော လယ်သမားကြီးများ၊ ခေတ်သစ်လူငယ်ကျောင်းသားများနှင့် ဆက်သွယ်မှုရရှိပြီး ဦးမြကိုယ်တိုင် သခင်အဖွဲ့သို့ ဝင်ရောက်စိတ်ဝင်စားမှု ဖြစ်စေခဲ့ပါသည်။ ထို့နောက် ကျွန်တော်တို့သည် စစ်ကွင်းဝံသာနုသခင်စောကြီးအိမ် ဝင်ကြလျက် ဇီးကုန်း၊ နတ်တလင်းတို့သို့ ခရီးဆက်ခဲ့ကြပြီး သခင်အေးကြည်၊ သခင်ချစ်လှိုင်၊ သခင်သန့် အစရှိသူတို့နှင့် ဆက်သွယ်မှုရကာ နိုင်ငံရေးတရားဟောပွဲများ ကျင်းပခဲ့ပြီး ပုတီးကုန်း၊ သဲကုန်းနယ် သခင်ပု၊ သခင်ထွန်းအုပ်တို့နှင့် ပထမဦးစွာ ဆုံစည်းကြရ၏။ ၎င်းတို့ စည်းရုံးခေါ်ဆိုပေးသည့် နိုင်ငံရေးလူထုတရားပွဲများ၌ ဟောပြောမှုလုပ်ကြရသည်မှာ အားတက်စဖွယ်ဖြစ်ခဲ့၏။ သခင်ထွန်းအုပ်မှာ ဝံသာနုတက်လူ အနွယ်တစ်ဦးဖြစ်ပြီး သီဟိုဠ်၌ ပညာသင်ကြားခဲ့ပြီး နိုင်ငံရေးအနည်းငယ် တီးခေါက်စိတ်ဝင်စားသူတစ်ယောက် ဖြစ်သည်။ သခင်

mgyoe.com

ဗစိန်တို့၏ တို့ဗမာဝါဒ ဓာတ်သွေးလှုံ့ဆော်ပေးတရားများသည်လည်းကောင်း၊ ကျွန်တော်၏ လူငယ်များအရေးအခင်းဆိုင်ရာ နိုင်ငံရေးတရားများသည်လည်းကောင်း၊ ရှင်အရိယ၏ နိုင်ငံရေးအတွေ့အကြုံနှင့် အယူအဆ သဘောထားများသည်လည်းကောင်း ထိုစဉ်က အခြေအနေတွင် တိုးတက်သစ်လွင်သဖြင့် ကြားနာကြသူ တက်လူအပေါင်းမှာ နှစ်ထောင်းအားရ ဖြစ်ကြသည်သာ များ၏။ သို့ရာတွင် ကျွန်တော်တို့နောက် ရန်ကုန်မှစ၍ တကောက်ကောက်လိုက်နေရသည့် စုံထောက်များအဖို့ကား အလုပ်များရှာကြရ၏။

ပြည်မြို့သို့ ရောက်သည့်အခါ ရှေးဦးစွာ သခင်ညီ၊ သခင်မခင်ခင်တို့ ဧည့်ခံပြုစုမှုဖြင့် ရွှေတောင်၊ ပေါက်ခေါင်း၊ ဆိမ်ပြီးဆွဲ စသည့် ဒေသတို့သို့ လှည့်လည်တရားဟောခွင့်ရသဖြင့် ပထမဦးစွာ သခင်ဝတင်၊ သခင်ထွန်းခင် (ဗိုလ်မြင့်ဆွေ) တို့နှင့် မိတ်ဖြစ်ကြရပြီး သူတို့ရွာ၌လည်း ဟောပြောပွဲ ပြုလုပ်နိုင်ခဲ့၏။ ပြည်မြို့၌ တို့ဗမာအစည်းအရုံးထောင်ရန် အလားအလာမှာ သခင်ညီ အမှူးပြုသဖြင့် ကောင်းမွန်နေပြီဟု ဆိုနိုင်၏။ ထို့နောက် ကျွန်တော်တို့သည် အောင်လံသို့ ခရီးဆက်ပြီး သခင်ဘစိန်၏ ကျောင်းနေဖက် သခင်ဘဝိုးအိမ် ခေတ္တတည်းခိုကာ ထိုမြို့ ဝံသာနုဆရာတော် ဦးလာဘ (ယခု လူအမည် သာသနာရေးအရာရှိ ဦးလေးမောင်) အကူအညီဖြင့် လူထုတရားဟောပွဲတစ်ရပ် ဘုရားတန်ဆောင်းအတွင်း ပြုလုပ်နိုင်ခဲ့၏။ အလားတူ အောင်လံ၏တစ်ဖက် သရက်မြို့၌လည်း ဝံသာနုဆရာတော် ဦးဝိမလဗုဒ္ဓိ၊ ဝံသာနုခေါင်းဆောင် ဦးသာညိုတို့၏ ကူညီစောင့်ရှောက်မှုအရ နိုင်ငံရေးတရား ဟောပြောခဲ့ကြ၏။ မင်းဘူးသို့ ခရီးဆက်လက် ဆိုက်ရောက်သည့်အခါ ကြိုတင် အကြောင်းကြားထားသည့်အတိုင်း သခင်ဘဂျမ်း (ယခု ဗိုလ်လရောင်) က သဘောဆိပ်ကမ်း လာရောက်ကြိုဆို၍ သူစီစဉ်ထားသည့် ရွှေဂူကြီးဘုရား လူထုအစည်းအဝေးတစ်ခုတွင် နိုင်ငံရေးတရားများ ဟောခဲ့ကြရ၏။ သခင်ဘဂျမ်းမှာ မင်းဘူးဝံသာနု ခေါင်းဆောင်တစ်ဦး၏သား ဖြစ်၏။ ရေနံချောင်းတွင်မူ ဂျီ–စီ–ဘီ–အေ သမ္မတကြီး ဦးစိုးသိန်း (တွင်းရိုးတွင်းစား) ဇနီး ဒေါ်သော့တို့အိမ်၌ တည်းခိုလျက် ရေနံမြေရပ်ကွက် အသီးသီးသို့ သခင်အောင်ဖေ၊ သခင်ခ၊ သခင်ဗတင်၊ သခင်ဘရီ စသော ရေနံအလုပ်သမား သခင်များ၏ ဆော်ဩကြပ်မတ် စည်းရုံးပေးမှုဖြင့် နိုင်ငံရေးတရားများ အနှံ့အပြား တစ်ပတ်ကျော်မျှ ဟောပြောခွင့်ရခဲ့ရာ လွန်စွာ ခရီးရောက်ခဲ့သည်ဟု ဆိုရမည်။ ထို့နောက် ကျွန်တော်တို့သည် ပခုက္ကူသို့ ခရီးဆက်ကြလျက် ထိုမြို့ ဝံသာနုသခင်ဘအုန်း၊ သခင်အုံကြီးတို့၏ ထောက်ကူအားပေးမှုဖြင့် နိုင်ငံရေးတရား ဟောပြောခွင့်ရခဲ့၏။ မြင်းခြံသို့ တစ်ဖန် ခရီးတစ်ထောက် ရောက်ကြသည့်အခါ ထိုမြို့တက်လူငယ်များဖြစ်ကြသော သခင်ဘငြိမ်း၊ သခင်အုန်းဖေ၊

mgyoe.com

သခင်တိုက်ကြီး၊ သခင်မင်းခေါင်၊ သခင်မင်းမောင်၊ သခင်မင်းလွင် စသည်တို့၏ ကူညီဆောင်ရွက်ပေးမှုဖြင့် နိုင်ငံရေးတရားပွဲ အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့၏။ ထို့နောက် တောင်သာသခင်မောင်မောင်တင်၊ သခင်မောင်မောင်သင်၊ ၎င်းနောက် မိတ္ထီလာသခင်နီ စသည်တို့နှင့်လည်း တွေ့ဆုံရကာ လူငယ်များနှင့် မိတ်ဆုံဆွေးနွေးပွဲများ ယင်းမြို့များ၌ ပြုလုပ်ခဲ့ကြ၏။ ဤသို့ ခရီးရှည်နိုင်ငံရေးချီတက်ပွဲမှာ တစ်လနီးပါးရှိသွားလျက် မန္တလေးသို့ ရတ်တရက်ခရီးဆက်ကြရင်း သခင်လေး အစရှိသူတို့နှင့် မန္တလေး၌ ရွှေဘိုမှအပြန် ဟောပြောနိုင်ရန်စီစဉ်မှုကိစ္စ ဆွေးနွေးကြပြီး ရွှေဘိုသို့ ခရီးဆက်ကြသည်။ ရွှေဘိုမြို့ ကျောင်းသားလူငယ်ခေါင်းဆောင် သခင်ချစ်ဖူး၊ သခင်ချစ်ထူး၊ သခင်တင် ညီအစ်ကိုတစ်စုတို့တိုက်၌ တည်းခိုကြကာ နိုင်ငံရေးတရားဟောပြောကြမည့်နေ့ ရွှေဘိုအရေးပိုင် မစ္စတာ လင်ဒါလက်မှတ်ဖြင့်မိမိတို့အား နိုင်ငံရေးတရား မဟောပြောရန် ပုဒ်မ ၁၄၄ အရ ပိတ်ပင်ကြောင်း အမိန့်စာရောက်လာ၏။ မိမိတို့ကား ယင်းကိစ္စမျိုး ကြုံတွေ့ဖြစ်ပေါ်နိုင်သည်ဟု ယူဆခဲ့ကြပြီးဖြစ်သည့်အလျောက် တုန်လှုပ်ချောက်ချားခြင်း မရှိကြဘဲ ညအချိန်တွင် ကြေညာပြီး အစီအစဉ်အရ တရားဟောကြ၏။ ပထမ သခင်ဗစိန်တို့က တို့ဗမာသီချင်း အဓိပ္ပာယ်ကိုအကျယ်တဝင့် ဟောပြောပြီးနောက် ကျွန်တော်က မိမိဆိုင်ရာ လူငယ်နိုင်ငံရေး၊ ရှင်အရိယကမြန်မာပြည်ဝံသာနု ဘုန်းတော်ကြီးများ၏ နိုင်ငံရေးအမြင်များကို အသီးသီးဟောပြောကြကာ ဣန္ဒြေရရဖြင့် တရားဟောပြောပွဲကို ဆယ်နာရီလောက်အချိန် အဆုံးသတ်ကြ၏။ နံနက်လင်းလျှင် ကျွန်တော်တို့အား အာဏာဖီဆန်မှုဖြင့် အရေးယူကြောင်း သမ္မန်စာလာလျက်ထိုနေ့တွင်ပင် ရုံးတင်စစ်ဆေးကာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ လစီချ၏။ ထောင်ကြီးချုပ်သို့ ဆောင်ယူခါနီး လက်ထိတ်ခတ်မည်ပြုရာ လက်ထိတ်ခတ်က မလိုက်ဟူ၍ ငြင်းဆန်မှ မခတ်ဘဲ ခေါ်ဆောင်ကြ၏။ တစ်မြို့လုံးလည်း တုန်လှုပ်ချောက်ချားသွားကာ ဈေးများပိတ်၍ ဆန္ဒပြ ကန့်ကွက်ကြ၏။ ရန်ကုန်ဝတ်လုံ ဦးချန်ထွန်းထံမှလည်း အမှုအတွက်ကူညီဆောင်ရွက်ရန် အသင့်ရှိကြောင်း ကြေးနန်းစာတစ်စောင် ထောင်တွင်းသို့ ရောက်လာ၏။ နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်တော်တို့အား ဆရာဝန်က ဆေးစစ်ပြီးနောက်ကားတစ်စီးဖြင့် မန္တလေးထောင် ဘီ–အတန်း၌ ရွှေ့ပြောင်းချထား၏။ ရှင်အရိယမှာ သင်္ကန်းဝတ်ရုံခွင့် မရသဖြင့် ထောင်ကျသည့်နေ့မှစ၍ လွတ်သည့်တိုင်အောင် ကန့်ကွက်သည့်သဘောဖြင့် ဆွမ်းမစားရာ ထောင်အာဏာပိုင်များက နှာခေါင်းမှ (ဂလူးကို့စ်) အစာကိုအတင်းသွတ်သွင်း တိုက်ကျွေး၍ အသက်ဆက်ပေးကြ၏။ ထောင်ကျနေစဉ် ဆွေမျိုးသားချင်းများ လာရောက်တွေ့ကာ မျက်ရည်စက်လက် ဝမ်းနည်းဖွယ်လက္ခဏာပြလျက် နိုင်ငံရေး

mgyoe.com

mgyoe.com


အလုပ်စွန့်လွှတ်ရန် ဖျောင်းဖျပြောကြ၏။ သို့ရာတွင် ကျွန်တော်တို့သုံးဦးကား အမိန့်ဒဏ် ပြင်းပြကြသူများပီပီ သုံးလစေ့သောနေ့ ထောင်ဘူးဝသို့ လာရောက်ကြိုဆိုကြသော ဝံသာနု ဦးဘရွှေနှင့် ဆရာတော်ဦးဝိဇယတို့၏ ဧည့်ခံပြုစုမှု ခံယူကြပြီးနောက် ထိုနေ့ည ရထားဖြင့်ပင် ရန်ကုန်သို့ ဆင်းလာခဲ့ကြ၏။

ထိုအချိန်ကား ရန်ကုန်ထောင်အတွင်း သက်န်းဝတ်ရှုခွင့် မရသဖြင့် ၁၆၈ ရက် ဆွမ်းငတ်ခံတိုက်ပွဲဝင်ရင်း အနိစ္စရောက် ပျံလွန်တော်မူသွားခဲ့သည့် ဝံသာနုနိုင်ငံရေးဆရာ တော် ဦးဝိစာရ၏ နှစ်လည်အထိမ်းအမှတ်ပွဲ ကျင်းပကြရန် စိုင်းပြင်းနေကြသည့်အချိန်၊ နိုင်ငံရေးခေါင်းဆောင်များဖြစ်ကြသော ရမ်းဗြဲဦးမောင်မောင်၊ ဦးကျော်မြင့်၊ ဒီးဒုတ်ဦးဘချို စသည်တို့မှာ ထိုအာဇာနည် ဦးဝိစာရ အလေးပြုပွဲသို့ လာရောက်ဟောပြောကြရာ၌ တက်ကြွသည့် နိုင်ငံရေးစကားသံများ ကျွန်တော်တို့ ကြားနာရသဖြင့် ရန်ကုန်အခြေအနေ ကား အတော်အသင့် တိုးတက်ပြောင်းလဲလာပြီဟု ယူဆမိ၏။

ထိုနှစ်၌ပင် ဂျပန်ပြည်မှ ဆရာတော်ဦးဥတ္တမ၏ ဒကာအရင်း သူဌေးဂျိရိုဇမွန်အိတို နှင့်ဇနီး အဖွဲ့သားတစ်စု မြန်မာပြည်အလည်လာ ကြိုဆိုဧည့်ခံပွဲတစ်ရပ် လူငယ်အစည်းအရုံး အနေဖြင့် ဝတ်လုံဦးကျော်မြင့်တို့၏ အကူအညီရယူလျက် ကျင်းပခဲ့ရာ ရန်ကုန်အပြင် အထက်အရပ် မန္တလေး၊ မြင်းခြံ လူငယ်အဖွဲ့ခွဲများကပါ သက်ဆိုင်ရာတို့၌ ဧည့်ခံသမှု ပြုလုပ်ကြခြင်းဖြင့် လူငယ်များ၏ နိုင်ငံတကာ မိတ်ဆွေဖြစ်နယ်မှာ အနည်းငယ် ကျယ်လာ ၏။

ဤသို့နှင့် တို့ဗမာအစည်းအရုံး မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံးတို့ ၏ လှုပ်ရှားမှုများမှာ လူသိများလာသလောက် ၎င်းတို့အား တိုးချဲ့စည်းရုံးရေးတာဝန်များ လည်း ကြီးမားလာ၏။ တက္ကသိုလ်ကျောင်းသားများလည်း ယခင်နှစ်ကထက်ပို၍ တို့ဗမာ နိုင်ငံရေးကို စိတ်ဝင်စားလာကြ၏။

၁၉၃၃ ခုနှစ်ကုန်လောက် ရောက်အလာ ယင်းအစည်းအရုံး ၂ ခု၏ ပြည်လုံးကျွတ် ညီလာခံတစ်ရပ် ရေနံချောင်း၌ ကျင်းပကြရန် ပူးတွဲအလုပ်အမှုဆောင်အဖွဲ့က လုပ်ငန်းစဉ် ရေးဆွဲပြုလုပ်သည့်အခါ ကျွန်တော်က မြန်မာပြည်အထက်ပိုင်း စည်းရုံးရေးတာဝန်ယူလျက် တောင်ငူမြို့ဆရာကြီး ဦးဘိုးကွန်း (ယခု ဗိုလ်ဘိုးကွန်း) အမျိုးသားကျောင်း၌ ခေတ္တ အထက်တန်းဆရာလုပ်ရင်း စည်းရုံးရေးလုပ်ခဲ့၏။ ရန်ကုန်တွင် ဝတ်လုံဦးချန်ထွန်း၊ ဦးဘဦး၊ ဦးရန်အောင်တို့အပြင် အထက်တန်းရှေ့နေ သခင်ဟန်နှင့်ဇနီး သခင်မ စောစောတို့လည်း တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ကြကာ ကိုယ်ထိလက်ရောက် အားပေးထောက်ခံလာကြ

mgyoe.com

၏။ ဝံသာနုဘုန်းတော်ကြီးများဖြစ်ကြသော ဆရာတော်ဦးကေတု (ဗားကရာဥယျာဉ်တိုက်)၊ ဦးကေသရ၊ ဦးပါမောက္ခ စသည်တို့ကလည်း အတိအလင်း ထောက်ခံအားပေးလာကြ၏။ အလုံ သခင်သိန်းအောင်၊ ကြည့်မြင်တိုင် သခင်တင်ဦး၊ သခင်ဘအုန်းတို့အပြင် ရေနံချောင်းတွင်မူ (ဂျီ–စီ–ဘီ–အေ) သမ္မတဦးစိုးသိန်း၏ ထောက်ကူအားပေးမှုကိုပါ ရလာ၏။ ဤသို့နှင့် ဝံသာနုဘုန်းတော်ကြီးများဖြစ်ကြသော ဆရာတော် ဦးပဏ္ဍဝ၊ ဆရာတော် ဦးတေဇိန်တို့အပြင် တွင်းစား သခင်ဘရွှေ၊ ရေနံအလုပ်သမားခေါင်းဆောင် သခင်ဗတင်၊ သခင်ခ၊ သခင်အောင်ဖေတို့မှာ တက်ကြွသော လုံ့လဝီရိယဖြင့် သခင်ညီလာခံကြီးကို ရေနံချောင်းတွင် ဧည့်ခံကြိုဆိုကြရန် စီစဉ်စိုင်းပြင်းနေကြ၏။

၁၉၃၄ ခုနှစ်၊ ဧပြီလ ပထမသခင်ညီလာခံ ရေနံချောင်း၌ ကျင်းပရန် အချိန်နီးကပ်လာလျှင် ဗြိတိသျှအစိုးရတွင် ကြီးစွာ ပူပင်သောကဖြစ်ရပြီး ယင်းညီလာခံအား အသို့ဖျက်ဆီးပစ်ရပါမည်နည်း ဦးနှောက်ရှုပ်နေတော့၏။ ဧပြီလ ညီလာခံမစမီ တစ်ပတ်မျှအလိုတွင် ရေနံမြေအတွင်း ဦးရေအားဖြင့် ၄၀ ရှိ ထင်ရှားသော သခင်များမဝင်ရအမိန့်ထုတ်ဆင့်လိုက်၏။ ထို့ပြင် ညီလာခံကျင်းပရန်ကိုလည်း ပုဒ်မ ၁၄၄ ဖြင့် ပိတ်ပင်လိုက်၏။ ထိုအခါ ၂၁ ဦးပါတီဝင် မျိုးချစ်ဂငယ့်ဦးစောသည် တက်ဘုန်းကြီး သခင်သိန်းဖေ (ထိုစဉ်ကကျောင်းသား)နှင့် မေမြို့ရှိ ဗြိတိသျှဘုရင်ခံထံသို့ အယူခံဝင်ကြရာ ညီလာခံ၌ ဆရာစံသူပုန်အား အလေးပြုအဆို မတင်သွင်းက ညီလာခံကျင်းပခွင့်ပြုမည်ဖြစ်ကြောင်း ပြန်ကြားချက်ပေးလိုက်၏။ ညီလာခံကိုယ်စားလှယ်များလည်း နယ်အသီးသီးမှ ရဟန်းရှောင်လူပါအတန်ရောက်နေကြလျက် ထိုအထဲ နိုင်ငံကျော်စာရေးဆရာကြီး မစ္စတာ မောင်မှိုင်းလည်း တစ်ဦးပါဝင်နေ၏။ ရေနံချောင်းမြို့လယ်ပေါ် တန်ဆောင်းကြီးမှာ ဧည့်ပရိသတ် မြိုင်ဆိုင်နေသလောက် မြို့လူထုများလည်း ဘာဖြစ်လာလိမ့်မည်နည်း တထိတ်ထိတ် စိုးရိမ်နေကြ၏။ အကြောင်းမူကား ဗြိတိသျှအစိုးရတို့က ညီလာခံပိတ်ပင်မိန့်ကို မြင်းတပ်၊ လက်နက်ကိုင်ပုလိပ်တပ်များဖြင့် မြို့တွင်းဂါတ်တဲစခန်းများ၌ ချထားကာ အမိန့်အရ အရေးရှိ ချက်ချင်းအသုံးပြုရန် အသင့်ဖြစ်နေသောကြောင့်တည်း။ ညီလာခံကို အစီအစဉ်အတိုင်း နာယကကြီး ဦးစိုးသိန်း၏ မိန့်ခွန်းဖြင့် ဖွင့်လှစ်ကြပြီးနောက် အဆိုများ ဆုံးဖြတ်ကြရန်အပိုင်းရောက်လာသည့်အခါ ဘုရင်ခံ၏အမိန့်ကို ဖော်ထုတ်တင်ပြလျက် သူ ပိတ်ပင်ချုပ်ချယ်လိုသည့် ဆရာစံသူပုန် အလေးပြုအဆိုကို ညီလာခံတက်ရောက်သူများ၏ စိတ်နှလုံးတွင်ထားရှိမြဲ ထားကြမည်ဖြစ်ကြောင်း ကြေညာလျက် ညီလာခံကိုကား အဆုံးသတ်ခဲ့ကြ၏။ ထိုညီလာခံတွင် တို့ဗမာအစည်းအရုံးဥက္ကဋ္ဌအဖြစ် သခင်ဘစိန်၊ အတွင်းရေးမှူးအဖြစ်

mgyoe.com

mgyoe.com


သခင်သိန်းမောင်၊ ကျွန်တော် ဒု–ဥက္ကဋ္ဌ စသဖြင့် ရွေးချယ်ကြလျက် ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့ဝင်များအဖြစ် သခင်ခ၊ သခင်ဗတင်၊ သခင်အောင်ဖေ၊ သခင်အုန်းမောင်၊ သခင်ဘ၊ သခင်ညီ၊ သခင်ထွန်းအုပ်၊ သခင်ဗတင်၊ သခင်ဟံ၊ သခင်လှမောင်၊ သခင်ထွန်းရွှေ၊ သခင်အေးကြည်၊ သခင်လှဘော် စသည်တို့ကိုလည်း ရွေးချယ်ဖွဲ့စည်း အစည်းအရုံး စည်းမျဉ်းနှင့် ဝါဒကြမ်းကို အတည်ပြုပြီး အလောတကြီး အဆုံးသတ်ခဲ့ကြရာ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံးအား ရှေ့သို့ မည်သို့မည်ပုံ ဆက်စည်းရုံးသွားမည်ဖြစ်ကြောင်း၊ တို့ဗမာအစည်းအရုံးနှင့် မည်သို့ ဆက်သွယ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးမှုပင် အချိန်မရခဲ့ပေ။ ညီလာခံ၏ ထူးခြားချက်မှာ အသစ်အင်အားစုများ သိသာစွာ တိုးတက်လာသလောက် တို့ဗမာအစည်းအရုံး စတင်ထူထောင်ခဲ့သော သခင်ဘသောင်း အစရှိသူ လူဟောင်းသခင်တို့ နောက်ကျန်နေရစ်ကြခြင်းပင် ဖြစ်၏။

❒

mgyoe.com

mgyoe.com

## အခန်း (၅)

# နယ်ချဲ့ဆန့်ကျင်တော်လှန်ရေးအသွင်ဆောင်သော ဒုတိယကြိမ်မြောက် သခင်ညီလာခံ

ရေနံချောင်း သပိတ်ညီလာခံအပြီး ဥက္ကဋ္ဌသခင်ဗစိန်မှာ အိန္ဒိယပြည်ရောက်နေသော ဆရာတော် ဦးဥတ္တမက ဆွေးနွေးရန်ခေါ်သဖြင့် ကာလကတ္တားသို့ သွားရောက်ရ၏။ သို့နှင့် တို့ဗမာအစည်းအရုံးလုပ်ငန်းများကို အတွင်းရေးမှူး သခင်သိန်းမောင်နှင့် အခြားအလုပ်အမှုဆောင်များက ဒိုင်ခံ လုပ်ကိုင်နေကြရ၏။ ကျွန်တော်လည်း နိုင်ငံရေးဗဟုသုတဆည်းပူးရန် အိန္ဒိယပြည်သို့ လှည့်လည်သွားရောက်ရေး ကြံရွယ်ချက်ရှိသည့်အလျောက် မန္တလေးထောင်ကျစဉ်က တစ်ဦးနှင့်တစ်ဦး မမြင်ဖူးခဲ့သော်လည်း ကြားဖူးရုံမျှရှိခဲ့သော မန္တလေးထောင်ထွက် ရဲဘော် ဂုစ် (ပ) အင်္ဂလိပ်သတင်းစဉ်အယ်ဒီတာ ရှာရီ–ဟာရီရော ဆိုသူ၏ ဖိတ်ခေါ်ချက်အရ ထိုပုဂ္ဂိုလ်နှင့်အတူ အိန္ဒိယပြည် တောင်ပိုင်းဒေသများသို့ ကာလကတ္တားမှဖြတ်၍ သွားရောက်ခဲ့၏။ သခင်ဗစိန်မှာ အိန္ဒိယပြည်မြောက်ပိုင်း၌ ဆရာတော်ဦးဥတ္တမနှင့်အတူ လှည့်လည်နေ၏။ ရှရီဟာရီရောနှင့် ကျွန်တော်တို့ ပထမရပ်နားသည့်မြို့မှာ မဒရပ်ပြည်နယ်မြောက်ပိုင်း ပင်လယ်ကမ်းမြို့တစ်မြို့ဖြစ်သော ကိုကိုနဒါမြို့ ဖြစ်၏။ ယင်းမြို့ အိန္ဒိယကွန်ဂရက်အဖွဲ့ဝင် ဆရာဝန်တစ်ဦးအိမ်၌ တည်းခိုကာ တစ်ပတ်မျှ နိုင်ငံရေး လေ့လာခွင့်ရခဲ့၏။ ထိုမြို့မှ မဒရပ်လွှတ်တော်အမတ် ဆန်ဘာမွတ်သီးနှင့် မိတ်ဆက်ရ၏။ ၎င်းမှာ ကွန်ဂရက်အဖွဲ့ဝင်ဖြစ်ပြီး လွှတ်တော်တွင် အတိုက်အခံခေါင်းဆောင်အဖြစ် အပြောကောင်းသူဟု နာမည်ကြီး၏။ တည်းခိုအိမ်ရှင် ဆရာဝန်မှာ ရိုးသားဖြူစင်၍ စကား

mgyoe.com

mgyoe.com



နည်းသူဖြစ်ပြီး ကျွန်တော့်အပေါ် ကြင်နာစွာ လေးစားမှုရှိသော်လည်း နိုင်ငံရေးဆွေးနွေးခြင်းကိုကား မပြုလုပ်ပေ။ ထို့နောက် ရာဂျာမန်ဒရီမြို့သို့ ခရီးဆက်ပြီး ယင်းမြို့အနီး ၄စ်(ပ်) သတင်းစဉ်အယ်ဒီတာ၏ ဇာတိ တောင်သူလယ်သမား တေလဂူအမျိုးသား ရွာတစ်ရွာ၌ ခေတ္တ အနားယူကြ၏။ နောက်တစ်နေ့ ဘတ်စ်ကားနှင့် ခရီးဆက်ကြရာ မူစ(လ်) ပတန်မြို့သို့ ရောက်ကြ၏။ ၎င်းမှ အိန္ဒိယပြည် အရှေ့ပင်လယ်ကမ်းရှိ ယခုအခါ ပင်လယ်ကူးသင်္ဘော တည်ဆောက်စခန်းကြီးဖြစ်နေသော ဗိုင်ဇက်ပတန်မြို့သို့ ရောက်ကြ၏။ ထိုမြို့ ကွန်ဂရက်ခေါင်းဆောင် ဒေါက်တာစီတာရာမာယားဏ၏ စံပြ အိမ်တွင်းလက်ဖြစ် ဝံသာနု ချည်ငင်ရက်ကန်းနှင့် မဟတ္တာဂန္ဒီ၏ ဗြိတိသျှအစိုးရနှင့် မပူးပေါင်းရေး၊ တိုင်းရင်းဖြစ် ထုတ်လုပ်ရေး အဟင်ဆာစခန်းတို့ကို လေ့လာခွင့်ရခဲ့၏။ ဒေါက်တာ စီတာရာမာယားမှာ အရွယ်အားဖြင့် ငါးဆယ်ကျော် ဖျတ်လတ်သွက်လက်၍ ထက်မြက်သည့် တေလဂူ အမျိုးသားပညာရှိ ခေါင်းဆောင်တစ်ဦးဖြစ်ပြီး မိမိ၏ ဝံသာနုအလုပ်၌ လွန်စွာ စိတ်ဝင်စားနေသူဖြစ်၏။ ထိုစဉ်က အိန္ဒိယတစ်ပြည်လုံးမှာ မဟတ္တာဂန္ဒီ၏ ခေါင်းဆောင်မှုအောက်ခံ ဗြိတိသျှကုန်သပိတ်မှောက်ရေး၊ ဗြိတိသျှအစိုးရနှင့် မပူးပေါင်းရေး၊ အာဏာဖီဆန်ရေး လှုပ်ရှားနေချိန်ဖြစ်သဖြင့် မြန်မာပြည်က သူတို့နှင့် ဘဝတူ လူငယ်နိုင်ငံရေးသမားတစ်ဦး လာရောက်ခြင်းကို ခင်မင်ရင်းနှီးစွာ ဆက်ဆံကြိုဆိုကြပါသည်။ ကျွန်တော်တို့သည် ထို ပင်လယ်ဆိပ်ကမ်းမြို့မှတစ်ဖန် အတွင်းရှိ ဂိုဒါဝတီမြစ်ကြောင်း သင်္ဘောကလေးနှင့် ဆန်တက်ရသော မဟတ္တာဂန္ဒီအား အမှီပြုအမည်ပေးထားသည့် ဂန္ဒီအာဝုရမ် ခေါ် စံပြရွာတစ်ရွာ တည်ရှိရာ စီကာနဂရမ်သို့ သွားရောက်ကြ၏။ ထိုရွာကလေးမှာ အိမ်ထောင်စုအနည်းငယ်ဖြင့် တည်ထောင်ထားလျက် ရွာသားအချင်းချင်း ရိုင်းပင်းကူညီဆောင်ရွက်မှု ပြေပြစ်စွာ တစ်ရွာလုံး တိုးတက်သာယာရေး ရည်စူးလျက် စုပေါင်းဆန်ဖွပ်မောင်းထောင်း၊ စုပေါင်း ဗိုင်းငင်အထည်ရက်၊ စုပေါင်းစိုက်ပျိုးခင်းလုပ်ငန်းများအပြင် ရွာဆေးရုံ၊ စာသင်ကျောင်း၊ အပန်းဖြေကစားကွင်း စသည်တို့ဖြင့် အချင်းချင်း ပြန်လှန် အမှီခိုပြုတည်ရှိရေး ဝံသာနု စံပြရွာ ဖြစ်ပါသည်။ ယင်းစံပြရွာ ရည်ရွယ်ချက်ကား အိန္ဒိယအမျိုးသားကွန်ဂရက်၏ ဗြိတိသျှအစိုးရ ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး၊ ပြည်သူ့လှုပ်ရှားမှုကြီး အကျိုးပြု လုပ်ငန်းရပ်တစ်ခုအဖြစ် စမ်းသပ်ကြည့်ရန်ပင် ဖြစ်ပါသည်။ ထို့နောက် ယနေ့ တေလဂူ အမျိုးသားများ၏ အမိအိန္ဒိယပြည်နယ် မြို့တော်ဖြစ်နေသော မဒရပ်သွား မီးရထားလမ်းဆုံရှိ ဘက်(ဇ)ဝါဒါမြို့သို့ ရောက်ကြရာ ထိုမြို့ မဒရပ်ပြည်လွှတ်တော်ကွန်ဂရက်အမတ် ဝံသာနုမဟတ္တာကောလက်ဆွာရောတိုက်၌ တည်းခိုခွင့်ရပါသည်။ ရဲဘော်ရှရီဟာရီရောကား

mgyoe.com

ကျွန်တော့်အား ဤစခန်း၌ ထားရစ်ခဲ့ပြီး သူ၏ ရွာသို့ ပြန်သွားခဲ့ရာ သူနှင့် ယနေ့အထိ ပြန်လည် မတွေ့ရတော့ပါ။ ကျွန်တော်သည် အစားအသောက်၊ အနေအထိုင် ပြောင်းလဲပြီး ခရီးလည်းပန်းသဖြင့် အနည်းငယ် ဖျားချင်သလိုဖြစ်လာသည့်အခါ ကံအားလျော်စွာ တည်းခိုအိမ်ရှင်များ၏ ကြင်နာသမှု ပြုစုစောင့်ရှောက်ကြခြင်း ခံယူရသဖြင့် ရက်အနည်းငယ်အတွင်း ပြန်လည်နေထိုင်ကောင်းလာ၏။

ဤသို့နှင့် ထိုမြို့၌ အဖျားပျောက်ပြီးနောက် တစ်ပတ်မျှ ဆက်လက်နေထိုင်လျက် အိမ်ရှင် မစ္စတာကော်လက်ဆွာရော ကိုယ်တိုင် ကွန်ဂရက်အဖွဲ့အသင်းများနှင့် မိတ်ဆက်ပေးခြင်း၊ မြို့တွင်း အထည်ရက်လုပ်ငန်းများတို့သို့ လှည့်လည်ပြသခြင်းတို့အပြင် မြန်မာပြည် လူငယ်ခေါင်းဆောင်တစ်ဦး၏ မိတ်ဆက် မြန်မာ့နိုင်ငံရေးဟောပြောပွဲတစ်ရပ်ကိုပါ မြို့တော်ခန်းမဆောင်တစ်ခုတွင် စီစဉ်ပြုလုပ်ပေးသဖြင့် တေလဂူအမျိုးသားအထက်လွှာများနှင့် ရင်းနှီးမှု ရရှိခဲ့ပါသည်။ တရားဟောသည့်အခါ အင်္ဂလိပ်လိုဟောပြောခြင်းဖြင့် အများ နားလည်ကြပါသည်။ အချို့ တွေ့ရှိရသောသူများအနက် မြန်မာစကားပြောတတ်သူများ ပါဝင်နေကြရာ ယင်းတို့မှာ မြန်မာပြည်တွင် ဒိုဘီ၊ ကူလီ၊ လန်ချား စသည့်အလုပ်များ လုပ်ခဲ့ဖူးကြောင်း သိရှိရပါသည်။

ထို့နောက် ကျွန်တော်သည် ရင်းနှီးကြင်နာလှသော အိမ်ရှင် မစ္စတာကော်လက်ဆွာရော၏ ကိုယ်တိုင်လိုက်ပါ ပို့ဆောင်ခြင်းဖြင့် ဘက်ဇဝါဒါမြို့မှ စာပို့မီးရထားစီးကာ တောင်ဘက်တွင်တည်ရှိရာ မဒရပ်မြို့တော်သို့ ရောက်ရ၏။ ထိုမြို့၌ ပထမတွင် ဒေါက်တာ လက်ရှမီးနှင့် ၎င်း၏ဇနီး (ကွန်ဂရက်) မြူနီစီပယ်လူကြီးတို့အိမ် ခေတ္တရပ်နားတည်းခိုပြီးနောက် ကျွန်တော်အား မဒရပ်ပြည်နယ်တွင် နာမည်ကျော်ကြား အမျိုးသားသတင်းစာ တိုက်ကြီးဖြစ်သည့် 'ဆွာရာဂျာ' ခေါ် လွတ်လပ်ရေးနေ့စဉ် အင်္ဂလိပ်သတင်းစာတိုက်တွင် ဆက်လက် တည်းခိုစေပါသည်။ ဤသတင်းစာမှာ တေလဂူအမျိုးသားခေါင်းဆောင်ကြီး မဒရပ်ပြည်နယ် ကွန်ဂရက်ဥက္ကဋ္ဌ ဝတ်လုံတော်ရ မစ္စတာတီပရာကာက်ဆမ်က ကြပ်မတ်ဖွဲ့စည်း ထူထောင်ထားသည့် ဝံသာနုသတင်းစာကြီးဖြစ်သည့်အလျောက် နိုင်ငံရေးသမားလူကြီးလူငယ် အစားစား ဝင်ထွက်သွားလာ ဆက်သွယ်နေသည့်ဌာနလည်း ဖြစ်၏။ ထို့ပြင် အိန္ဒိယတစ်ပြည်လုံးနှင့် နေ့စဉ် သတင်းအပေးအယူဆက်သွယ်မှု ရှိနေသဖြင့် ကျွန်တော့်အဖို့ အိန္ဒိယနိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေး ဗဟုသုတရှာမှီးစုဆောင်းနိုင်ရန်ကောင်းသော အဆောက်အအုံကြီးတစ်ခု ဖြစ်နေပါတော့သည်။ အနီးတွင်လည်း မဒရပ်မြူနီစီပယ် စာကြည့်ပိဋကတ်တိုက်မှာ ရန်ကုန် ဘားနတ်ပိဋကတ်တိုက်ထက် ပိုမိုစုံလင်သော စာပေများနှင့်

mgyoe.com

mgyoe.com


ပြည့်နှက်နေသဖြင့် ကျွန်တော်၏ မဒရပ်မြို့၌ ရပ်နားလေ့လာချိန် ငါးလအတွင်း အဖိုးမဖြတ်နိုင် ကြီးမားသော စာပေဗဟုသုတကိုလည်း ဖြစ်စေခဲ့ပါသည်။

မဒရပ်မြို့ကား အိန္ဒိယပြည်တောင်ပိုင်း အကြီးဆုံး၊ ရှေးအကျဆုံး ပင်လယ်ဆိပ်ကမ်းမြို့တော်ကြီးဖြစ်လျက် ဗြိတိသျှနယ်ချဲ့အုပ်ချုပ်ရေး ယဉ်ကျေးမှုစခန်းတည်ရာလည်း ဖြစ်သဖြင့် ပင်လယ်ကမ်းခြေ မျက်နှာပြု တည်ဆောက်ထားသော ကတ္တရာစေးလမ်းမကျယ်ကြီးများ၊ မဒရပ်တက္ကသိုလ်အဆောက်အဦကြီးများ၊ ဆေးရုံကြီးများ၊ လွှတ်ရုံးကြီးများ၊ အကောက်ရုံးများ၊ ဆိပ်ကမ်းသာ သဲသောင်စခန်းကြီးများဖြင့် သာယာလှသလောက် မြို့တွင်းလူဦးရေ သိန်းပေါင်းများစွာ ထူထပ်သော တေလဂူတမိ(လ်) အမျိုးသား လုပ်စားကိုင်စား လူထုကြီးများ၏ ရပ်ကွက်များ၌ နေထိုင်မှု အဆင့်အတန်းမှာ နိမ့်ကျလှပြီး ကျန်းမာရေးလည်း ချို့တဲ့ကြကြောင်း ယင်းရပ်ကွက်များတို့သို့ လှည့်လည်ရောက်ရှိ ကြည့်ရခြင်းဖြင့် သိရပါ၏။ ဟိန္ဒူဘာသာဝင်က ဦးရေများသဖြင့် နွားများမှာ ရပ်ကွက်အထဲ လွှတ်လပ်စွာ သွားလာလဲလျောင်းနေကြလျက် အချို့ ဆင်းရဲသားများလည်း လမ်းဘေး၌ အလုပ်မရှိ၊ အိုးအိမ်မရှိ၊ ဖျားနာလဲလျောင်းနေကြရသည်များ၊ အချို့ သေနေကြရသည်များကိုပင် မျက်မြင်ဖြစ်ရာ လူထုကြီး၏ ကျန်းမာရေးမှာ အမှန်ပင် ဆိုးရွားလှကြောင်း ထင်ရှားလှ၏။ ထို့ကြောင့် ခေတ်ပညာတတ် တက်လူအချို့ကား ဤ ကျပ်တည်းနုံချာလှသည့် လူထုဘဝ ပြဿနာအဖြေရှာရန် တစ်မျိုးသားလုံး ဗြိတိသျှနယ်ချဲ့စနစ်အောက်မှ လွှတ်မြောက်ကြရေး၊ ခေတ်သစ်နိုင်ငံရေး သဘောတရားများကို အပြင်းအထန် ရှာကြံဆည်းပူးခဲ့ကြရာမှ ဆိုရှယ်လစ် လူ့အဖွဲ့အစည်းသစ်တစ်ခု ထူထောင်ရေးသဘောတရားနှင့်အညီ လုပ်ရပ်ဖြင့်သာလျှင် အထွေထွေသော အကျပ်အတည်းများမှ ထွက်ပေါက်ရနိုင်မည်ဟု ယူဆလာကြ၏။ အချို့ တက္ကသိုလ်ကျောင်းထွက် လူငယ်များသည် ကွန်ဂရက်အဖွဲ့ချုပ်၏ ပျော့ညံ့သော နိုင်ငံရေးလမ်းစဉ်ကို မယုံကြည်၊ အားမရသဖြင့် ယင်းကွန်ဂရက်အတွင်း လက်ဝဲအင်အားစုများဖြင့် ကွန်ဂရက်ဆိုရှယ်လစ် အစုအအုပ်ကို ထူထောင်ရာ၌ ပါဝင်ကြ၏။ ထိုအုပ်စု၌ မဒရပ်ပြည်နယ်တွင် ထိပ်တန်းက ပါဝင်ခဲ့သူမှာ ယခုအခါ အိန္ဒိယ ကွန်မြူနစ်ပါတီခေါင်းဆောင်တစ်ဦး ဖြစ်နေသည့် တေလဂူအမျိုးသားရဲဘော် ဘွန်ဒရာယားဖြစ်၏။ ကျွန်တော်နှင့်တွေ့စဉ် သူသည် လယ်သမားအရေး စူးစိုက်စည်းရုံးနေရင်း ကွန်ဂရက်ခေါင်းဆောင်မှုကို အတွင်းမှ ပြင်းပြင်းထန်ထန် ဝေဖန်နေသည့် ကွန်ဂရက် ဆိုရှယ်လစ်တစ်ဦးသာ ဖြစ်သေးသည်။ အချို့သော ကျောင်းသားများမှာ မဒရပ်မြို့ မြူနီစီပယ် အလုပ်သမားစည်းရုံးရေး၊ စက်ရုံအလုပ်သမားစည်းရုံးရေး၊ သင်္ဘောကြီး အလုပ်သမား

mgyoe.com

mgyoe.com

စည်းရုံးရေးများ၌ ကိုယ်တိုင်ပါဝင်ကြလျက် အခသက်သာသည့် အမိုးမရှိ လေးထပ်ငါးထပ် တိုက်ခေါင်မိုးများတွင် အဖွဲ့ရုံးပြုလုပ်ကာ ဆင်းဆင်းရဲရဲ အလုပ်လုပ်နေကြ၏။ တစ်ချိန် တည်းမှာ ကာလ်မက္ခ (စ်) နှင့် အိန်ဂျလ် (စ်) စာပေများကိုလည်း တွင်တွင်ကြီး လေ့လာ ဖတ်ရှု ဆွေးနွေးနေကြ၏။

တစ်နေ့သောအခါ ကျွန်တော်သည် ဆွာရာဂျာသတင်းစာတိုက်တွင် အနားယူရင်း စာဖတ်နေ၏။ ထိုအချိန်ကား မဒရပ်မြို့ ကွန်ဂရက်အဖွဲ့မှာ အိန္ဒိယပြည်လုံးဆိုင်ရာ ကွန်ဂရက်အမှုဆောင် စည်းဝေးပွဲကြီးကို ခေ့ခံရန် အလုပ်များနေကြ၏။ အနယ်နယ် အရပ်ရပ်မှ ကွန်ဂရက်ခေါင်းဆောင်များ၊ အမှုဆောင်များလည်း တစ်သုတ်ပြီးတစ်သုတ် မဒရပ်မြို့သို့ ရောက်နေကြ၏။ ထိုအထဲ၌ ဘုံဘိုင်မြို့မှ ကွန်မြူနစ်ခေါင်းဆောင်တစ်ဦး ဖြစ်သည့် အင်(မ)အင်ရှိုင်းအုပ်စုဝင် လူငယ်လူရွယ်များလည်း ပါဝင်ကြ၏။ ၎င်းတို့သည် တိုးတက်သော ကွန်ဂရက်ဆိုရှယ်လစ်လူငယ်များနှင့် ချစ်ကြည်ဆက်သွယ်ရင်းနှီးရန် မဒရပ် သို့ လာရောက်ကြခြင်းဖြစ်ရာ ကျွန်တော့်အားလည်း လေးစားအပ်သည့် တက်လူငယ်တစ်ဦး အဖြစ် သတင်းစာတိုက်သို့ တကူးတက လာရောက်မိတ်ဆက် တွေ့ဆုံကြ၏။ ထိုစဉ်က မစ္စတာနင်(မ)ကာခေါ် တည်ကြည်ပြေပြစ် ကြင်နာရင်းနှီးစွာ မိတ်ဆုံဆက်ဆံခဲ့ရသော နယ်ချဲ့ဆန့်ကျင်ရေး၊ နိုင်ငံတကာ ပစ္စည်းမဲ့တော်လှန်ရေး ကွန်မြူနစ်ရဲဘော်အား ကျွန်တော် ယနေ့တိုင် သတိရလျက်ရှိပါသည်။ သူသည် မကြာသေးမီကပင် မီရွတ်သူပုန်အရေးအခင်း တွင် ဗြိတိသျှနယ်ချဲ့အစိုးရ၏ နှစ်ရှည်ချုပ်တည်းထောင်ချခံဘဝမှ လွတ်မြောက်လာခဲ့သူဖြစ် ၏။ ယခုမူ ထိုသူကား ကွယ်လွန်အနိစ္စရောက်သွားပြီဟု သိရ၏။

ကျွန်တော်၏ မဒရပ်မြို့နေစဉ် ခံယူရသည့် နိုင်ငံရေးဗဟုသုတမှာ လေးနက် မြားမြောင်လှ၏။ အမှန်စင်စစ် ထိုအတွေ့အကြုံ ဗဟုသုတများကား ကျွန်တော်၏ နောင် တိုးတက်ဖြစ်ပေါ်မှု အမြင်သစ်၊ အတွေးသစ်များကို ဖော်ထုတ်လှုံ့ဆော်ခဲ့သည်ဟုဆိုလျှင် မှားမည်မဟုတ်ပါပေ။ လူငယ်ရေးရာများနှင့် စပ်လျဉ်း၍လည်း ကောင်းသောအတွေ့အကြုံ တစ်ခု ထိုမြို့၌ပင် ရရှိခဲ့၏။ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရက်ဒီကယ် (ထက်မြက်သွက်လက် တက်ကြွသော) လူငယ်များ၏ ညီလာခံတစ်ခုကို ဘုံဘိုင်မြို့ တက်လူငယ်များနှင့်တကွ အခြားမြို့လူငယ်များ၏ ထောက်ခံအားပေးမှုဖြင့် မဒရပ်၌ ကျင်းပကြသည့်အခါ ကျွန်တော့် အား မြန်မာ့လူငယ်များ၏ ကိုယ်စားလှယ်တစ်ဦးအဖြစ် အသိအမှတ်ပြု၍ သူတို့၏ ညီလာခံ တွင် အထူးဧည့်သည်အနေဖြင့် တက်ရောက်စေ၏။ နှုတ်ခွန်းဆက်စကား ပြောကြားရန် အကြံပေးကြသဖြင့် မြန်မာလူငယ်များသည် အိန္ဒိယလူငယ်များနှင့် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်

mgyoe.com

mgyoe.com
ကြရာ၌ လက်တွဲမည်သာဖြစ်ကြောင်း ပြောကြားခဲ့ရ၏။ ယင်းပြောကြားချက်ကို ဘုံဘိုင်မြို့ ဘုံဘိုင်ကရော်နီကယ် အင်္ဂလိပ်သတင်းစာမှနေ၍ နောက်တစ်နေ့ ထင်ရှားစွာ ထုတ်ဖော်ကြေညာပေး၏။ ညီလာခံ၏ ထူးခြားချက်မှာ အိန္ဒိယပြည်အမျိုးသမီးများ ဂုဏ်ယူစရာ ခေတ်ပညာတတ် အမျိုးသမီးတစ်ဦးဖြစ်သော ဘုံဘိုင်မြို့သူ မစ္စမင်နီဘင်ကရာက ဥက္ကဋ္ဌအဖြစ် ဦးစီးလုပ်ကာ အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းပင်တည်း။

အချိန်ကား အနောက်နိုင်ငံတွင် ဖက်ဆစ်ဟစ်တလာနာဇီတပ်များ အာဏာသိမ်းပြီးနောက် တန်ခိုးသြဇာ ပျံ့နှံ့တိုးတက်နေစဉ် အီတလီပြည်၌လည်း ဖက်ဆစ်မဟာမိတ် မူဆိုလီနီ အာဏာရှင်တန်ခိုး တက်လာလျက်ရှိ၏။ အဘိဆီးနီးယားပြည်အား သိမ်းပိုက်ခြင်း၊ စပိန်ပြည်သူ့တော်လှန်ရေး ဖျက်ဆီးကြသူ ဟစ်တလာ၊ မူဆိုလီနီဘက်တော်သားများ ဖြစ်ကြသော ဖရန်ကိုဖက်ဆစ်များက စပိန်ပြည်၏ နိုင်ငံရေးအာဏာကို အတင်းလုယူသိမ်းပိုက်စ ပြုခြင်းတို့ဖြင့် ကမ္ဘာအဝန်း တုန်လှုပ်နေချိန်ဖြစ်၏။ ထိုအခါမျိုးတွင် မဒရပ်မြို့ လူငယ်များ ခရစ်ယာန်အသင်းတိုက်မှ ကြီးမှူးကျင်းပမည့် ဖက်ဆစ်ဖရန်ကို ဆန့်ကျင်ရေး အစည်းအဝေးတစ်ရပ်သို့ ကျွန်တော့်အား မြန်မာလူငယ် ကိုယ်စားလှယ်အနေဖြင့် တက်ရောက်ဟောပြောရန် တိုက်တွန်းအကြံပေးကြသည့်အခါ လိုချင်ရက်ရောစွာ လိုက်လျောခဲ့၏။ ဤသည်မှာ မြန်မာလူငယ်များကား ကမ္ဘာ့ဖက်ဆစ်ရူးကို ဆန့်ကျင်ကြလျက် ဒီမိုကရေစီရေး၊ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေးကို လိုလားကြကြောင်း ကမ္ဘာသို့ ကြေညာလိုက်ခြင်းလည်း မည်ပေ၏။

မဒရပ်၌နေစဉ် အားလပ်ချိန်တစ်ခုတွင် ကျွန်တော်သည် ပင်လယ်ကမ်း "အက်ဂျာ" ဆိုသည့် ဒေါက်တာအဲနီဘေဆင် (အိုင်ယာလန်အမျိုးသမီး)၏ သီယိုဆိုဖီကယ် အသင်းဌာနချုပ်စခန်းသို့ လှည့်လည်ရောက်ခဲ့သည့် မြန်မာပြည်မှ ဦးသေဋ္ဌိလခေါ် ရဟန်းတစ်ပါးနှင့် တွေ့ခဲ့ရ၏။ ၎င်းမှာ ထိုစဉ်က အင်္ဂလိပ်စာသင်နေလျက်ရှိ၏။ မြန်မာပြည်တွင် အင်္ဂလိပ်ဘာသာဖြင့် တရားဟောကောင်းသူ မောင်မောင်ကြီးမှာ ထိုသီယိုဆိုဖီအသင်း အမှုဆောင်တစ်ဦးဖြစ်ကြောင်း သိခဲ့ရ၏။ သီယိုဆိုဖီအသင်း၏ လုပ်ငန်းများ၊ ဘာသာမျိုးစုံ၏ ယဉ်ကျေးမှုများကို ထုတ်နုတ်လေးစား ပြုစုပျိုးထောင်ပေးခြင်းသာဖြစ်သည်ဟု သိရ၏။ ထိုစဉ်က အသင်းမှာ မြန်မာပြည်တွင်လည်း အသင်းခွဲရှိခဲ့၏။ ယခုအခါ၌မူ ထိုအသင်း၏ လှုပ်ရှားမှုများကား မကြားမမြင်ရသလောက် ဖြစ်၏။

ဤသို့နှင့် ကျွန်တော်သည် အိန္ဒိယပြည်၌ ၆ လမျှ နေ့ညမပြတ် နိုင်ငံရေးဗဟုသုတများ၊ မိတ်ဖွဲ့မှုများ အောင်မြင်စွာ စုဆောင်းရရှိပြီး ပင်လယ်ခရီးမှ မီးသင်္ဘောဖြင့် စမ်းချောင်း

မြန်မာကျောက်ကုန်သည် သခင်စံရွှေနှင့် ပြန်ခဲ့၏။ ရန်ကုန်တွင် သခင်သိန်းမောင် အမှူးပြုသော ရဲဘော်များလည်း ကမာရွတ်စွပ်ကျယ်စက် သပိတ်အလုပ်သမား အရေးအခင်းနှင့် အမျိုးသားနေ့၌ တို့ဗမာအစည်းအရုံးက ပါဝင်ဟောပြောရေးကိစ္စများဖြင့် အလုပ်ရှုပ်နေကြ၏။ ကျွန်တော်ရောက်မှ အရပ်ရပ် အတွေ့အကြုံများ ပြန်ပြောင်းပြောပြ အစီရင်ခံသည့်အခါ အားရနှစ်မြို့ကြ၏။ တစ်ချိန်တည်းမှာ သခင်ဗစိန်လည်း ပြန်လည်ရောက်ရှိနေရာ အထူးအလုပ်အမှုဆောင်အစည်းအဝေးတစ်ရပ် ကျင်းပကြ၏။ ရှေ့အဖို့ အစည်းအရုံးလုပ်ငန်းစဉ်များ ဆွေးနွေးကြ၏။ အစည်းအရုံးသို့ လူသစ်များဖြစ်ကြသော သခင်ဗိုလ် (ကွယ်လွန်သူ)၊ သခင်တင်မောင် (ကွယ်လွန်သူ) တက်ဘုန်းကြီး သခင်သိန်းဖေတို့ ဝင်ရောက်လုပ်အားပေးလာကြခြင်းကို လက်ခံလျက် အစည်းအဝေးဌာနချုပ်ရုံးကိုလည်း မြို့လယ်သို့ ရွှေ့ပြောင်းဖွင့်လှစ်ရန် ဆုံးဖြတ်ကြ၏။

အချိန်ကား ဗြိတိသျှနယ်ချဲ့အစိုးရက မိမိတို့အစီအစဉ်အတိုင်း မြန်မာပြည်အား ၉၁ ဌာနဆိုသည့် ခွဲရေးအုပ်ချုပ်မှုစနစ်ဖြင့် ပြည်လုံးကျွတ် ရွေးကောက်ပွဲသစ်တစ်ရပ် ကျင်းပရန် စီစဉ်နေချိန်၊ ဦးဘဘော အမှူးပြုသော ဗြိတိသျှအလိုတော်ရိ ၂၁ ဦးပါတီသည် ဒိုင်အာခီရာထူးများ အဝေမတည့်၍ ကွဲပြဲခဲ့ကြသော အစုအအုပ်များကို ပြန်ပေါင်းထုပ်ကာ မင်းသားထိပ်တင်ဝအား ရုပ်သေးဥက္ကဋ္ဌတင်လျက် ငါးပွင့်ဆိုင်ဟူ၍ အမည်ပေး အဖွဲ့သစ်ဖွဲ့ကာ ရွေးကောက်ပွဲအနိုင်ရရေး ကြိုးစားနေကြ၏။ ဆရာတော် ဦးဥတ္တမကိုပါ လာဘ်လာဘပြ ထောက်ကူတောင်းကြ၏။ ဦးဥတ္တမဆရာတော်လည်း တို့ဗမာသခင်များ၏ ရှင်းလင်းလျှောက်ထားချက်ကို မခံယူဘဲ ငါးပွင့်ဆိုင်သို့ လီဆယ်မှုညွှတ်ကွင်း အမိခံသည် ဖြစ်ရာ ထိုစဉ်မှစ၍ သခင်များနှင့် ဆရာတော်ဦးဥတ္တမတို့ နိုင်ငံရေး လမ်းကွဲခဲ့ကြရလေသည်။ ဒေါက်တာဘမော် အမှူးပြုသော လူတစ်စုကလည်း နိုင်ငံရေး နားမလည်ရှာကြသော တောင်သူလယ်သမား ဆင်းရဲသားမဲများရရန်အတွက် ဆင်းရဲသားဝံသာနုအဖွဲ့ဟူ၍ ဖွဲ့စည်းကာ ရွေးကောက်ပွဲအတွက် ပြင်ဆင်နေကြ၏။ တို့ဗမာအစည်းအရုံးဝါဒက မူရင်း ရွေးကောက်ပွဲကို ဗြိတိသျှနယ်ချဲ့စနစ်၏ ယုတ်မာလီဆယ်ချက် ဖော်ထုတ်ပြရင်း ပြည်သူအချင်းချင်း စစ်မှန်သည့် လုံးဝလွတ်လပ်မှု အနိုင်ရရေးအတွက် သွေးစည်းချီတက်ကြရန် လှုံ့ဆော်ပွဲအဖြစ် အသုံးပြုဖို့ကလွဲ၍ အခြားမရှိပေ။

ထို့ကြောင့် တိုင်းပြည်အတွင်း ဝိဝါဒကွဲနေကြသည့် ရွေးကောက်ပွဲကိစ္စ၊ တို့ဗမာဝါဒ လုပ်ငန်းစဉ်နှင့် စည်းရုံးရေးကိစ္စအရပ်ရပ် ဆွေးနွေးသုံးသပ် ညှိနှိုင်းတိုင်ပင် ဆုံးဖြတ်ကြရန် ဒုတိယအကြိမ်မြောက် ပြည်လုံးကျွတ် (သခင်) ညီလာခံကို အမြန်ခေါ်ဆိုနိုင်ရေး

mgyoe.com

အတွက် ပြင်ဆင်ကြရ၏။ ထိုအချိန်တွင် တို့ဗမာအစည်းအရုံးသြဇာမှာ တိုင်းပြည်အတွင်း အထက်အောက် အရပ်ဒေသတစ်လွှား ပျံ့နှံ့နေပြီဖြစ်၏။ ဌာနချုပ်၏ အကြံပေးချက်အား မြင်းခြံမြို့ တို့ဗမာအစည်းအရုံးသခင်များက လက်ခံလိုက်လျောသဖြင့် ထိုမြို့၌ ဒုတိယ အကြိမ် ညီလာခံသဘင်ကို ၁၉၃၅ ခု၊ ဧပြီလတွင် ကျင်းပခဲ့ကြ၏။

နယ်ချဲ့တို့ကား ဤအကြိမ်တွင် ညီလာခံကို တိုက်ရိုက်ဖြိုခွင်းသည့် တို့ဗမာခေါင်း ဆောင်အချို့အား ညီလာခံကိုးဆောင် တန်ဆောင်းကြီးတွင် ဖွင့်လှစ်သည့်နေ့ လူပုံအလယ်၌ မော်လမြိုင်တွင် အစိုးရ အကြည်ညိုပျက်စေသည့် နိုင်ငံရေးဟောပြောချက်တစ်ခုအတွက် ဖမ်းဆီးချုပ်နှောင်ပြလိုက်ကြ၏။ ဖမ်းဆီးခံရသူများမှာ သခင်ဗစိန်၊ သခင်ညီ၊ သခင်အောင် သန်း (ဗိုလ်စကြာ)၊ သခင်သန်း (မော်လမြိုင်)၊ သခင်ထွန်းမြင့် (ရန်ကုန်) တို့ ဖြစ်ကြ၏။

တို့ဗမာအစည်းအရုံး ညီလာခံမှာ ယင်းချုပ်ချယ် နှောင့်ယှက်မှုအား ပြင်းထန်စွာ ရှုတ်ချလျက် အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြ၏။ ညီလာခံသို့ မန္တလေးမှ ထိပ်တင် သခင်ကိုယ်တော်ကြီး၊ သာယာဝတီ သခင်မြ၊ စစ်ကွင်းသခင်စောကြီး၊ ဗိုလ်ကလေး သခင်ရှိန်၊ ရွှေဘိုမှ သခင်ချစ်ဖူး၊ သခင်ကံတင့်၊ မုံရွာမှ သခင်ဖေတင်၊ ချောင်းဦးမှ သခင်စံ၊ တောင်ငူမှ သခင်လှမောင်၊ မြောင်းမြမှ သခင်အုန်းဖေ၊ ရန်ကုန်မှ ဆရာကြီး သခင်ကိုယ်တော် မှိုင်း၊ သခင်ဟံ၊ သခင်မ စောစောအပြင် အခြားခရိုင်မှ မြောက်မြားစွာသော လူငယ်ကိုယ်စား လှယ်များ၊ လေ့လာသူများ တက်ရောက်ကြလျက် ၉၁ ဌာန အုပ်ချုပ်ရေးရွေးကောက်ပွဲအပေါ် သဘောထားကိုသာ အလေးပေးဆွေးနွေးမှု ပြုလုပ်နိုင်ခဲ့ကြ၏။ မြန်မာနိုင်ငံလုံးဆိုင်ရာ တိုးချဲ့ တို့ဗမာအမှုဆောင်အဖွဲ့သစ်ကို ဦးရေ ၄၀ ဖြင့် ဖွဲ့စည်းရွေးကောက် တင်မြှောက်ခဲ့ကြ ၏။

ညီလာခံ၏ အဓိကဆုံးဖြတ်ချက်မှာ ၉၁ ဌာနအုပ်ချုပ်ရေး ပြည်လုံးကျွတ်ရွေးကောက် ပွဲတွင် တို့ဗမာအစည်းအရုံးအနေဖြင့် မဝင်ရောက်ဘဲ အစည်းအရုံးက ဖွဲ့စည်းပေးမည့် ကိုယ့်မင်းကိုယ့်ချင်း ပါလီမန်အဖွဲ့ဖြင့် တို့ဗမာဝါဒကို ပါလီမန်တွင်း ပါလီမန်၌ဖြန့်ရင်း တကယ့်လွတ်လပ်မှုအတွက် နယ်ချဲ့ဆန့်ကျင်ရေး ပြည်သူ့လှုပ်ရှားမှု ဖော်ထုတ် စည်းရုံးကြ ရန်သာ ဖြစ်၏။ ကိုယ့်မင်းကိုယ်ချင်းအဖွဲ့ ဖွဲ့စည်းရေးနှင့် ၎င်း၏ အသေးစိတ် အစီအစဉ်ကို ဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့က တာဝန်ယူပြင်ဆင်ရန် ညီလာခံမှ အာဏာ အပ်နှင်း လိုက်၏။

ညီလာခံတွင် ကြီးမားသော ချို့ယွင်းချက်မှာ ဥက္ကဋ္ဌဖြစ်သော ကျွန်တော်ကိုယ်တိုင် က တို့ဗမာအစည်းအရုံး၏ နိုင်ငံရေးသဘောတရားမှာ ဗြိတိသျှတို့အား လူမျိုးရေးမုန်းတီး

mgyoe.com

mgyoe.com


ခြင်းအတွက်မဟုတ်၊ ၎င်း၏ ကိုလိုနီနယ်ချဲ့ ဓနရှင်သွေးစုပ်စနစ် တိုက်ဖျက်ပစ်ကာ မြန်မာပြည်တွင် ဆိုဗီယက်ဆိုရှယ်လစ်အုပ်ချုပ်ရေးဖြင့် ဆိုရှယ်လစ်လူ့နေမှုစနစ်သစ် တည်ထောင်ရန်အတွက်ဖြစ်ကြောင်း၊ သို့မှသာလျှင် တကယ်လွတ်လပ်မည်ဖြစ်ကြောင်း ဟောပြောပါလျက် ထိုမျှကြီးမားသော နိုင်ငံရေးတာဝန်ထမ်းရွက်ရန် ပြည်သူလူထုလူတန်းစား အလွှာအသီးသီး မည်သို့ စည်းရုံးသွားမည်ဖြစ်ကြောင်း၊ တို့ဗမာအစည်းအရုံးသည် ၎င်းတို့၏ တပ်ပေါင်းချုပ်ကြီးဖြစ်ပြီး ယင်းတပ်ပေါင်းချုပ်အစည်းအရုံး အထွေထွေလုပ်ငန်းစဉ်မှာ မည်သို့ဖြစ်ကြောင်း အတိအကျ မကြေညာနိုင်ခဲ့ခြင်းပင်တည်း။ ထို့ကြောင့် တို့ဗမာအစည်းအရုံးမှာ ယခင် ဝံသာနုအသင်းချုပ်များ ကွဲကြ ပြိုကြရသကဲ့သို့ပင် တူညီသည့် နိုင်ငံရေးယုံကြည်ချက်အပေါ် ခိုင်မာသော အဖွဲ့အစည်းများဖြင့် မဖွဲ့စည်းနိုင်ခဲ့ဘဲ နောက်ဆုံးနယ်ချဲ့ဘောဒဥပါယ်အောက် ပျက်ပြားခဲ့ရ၏။

❒

mgyoe.com

mgyoe.com

## အခန်း (၆)

## ၁၃၀၀ - ပြည့် အရေးတော်ပုံနှင့် တို့ဗမာအစည်းအရုံး

တို့ဗမာအစည်းအရုံးတွင် ယေဘုယျအားဖြင့် ကျဉ်းမြောင်းသော အမျိုးသားရေး လက္ခဏာ လွှမ်းခဲ့သည်မှာ တည်ထောင်စကတည်းက တို့ဗမာဆိုသည်မှာ တိုင်းရင်းသား ချင်း ကချင်၊ ကရင်၊ ရှမ်း၊ မြန်မာ၊ မွန်တို့ကို ဆိုခြင်းမှအပ လူမျိုးရေးပြဿနာကို ရှင်းလင်း တိကျမှန်ကန်စွာ အဖြေထုတ်ရန် သဘောတရားမရှိဘဲ ချို့တဲ့ခဲ့သည့်အတွက် ဖြစ်၏။ ထို့ပြင် လူထုလူတန်းစား စည်းရုံးရာ၌ သီးခြားလွတ်လပ်စွာ ဖြစ်ပေါ်ကြီးထွားမှု အားပေး သည့် လူမျိုးစုံ၊ ဘာသာစုံ၊ အလုပ်သမားအဖွဲ့ချုပ်၊ တောင်သူလယ်သမားအဖွဲ့ချုပ်၊ လူငယ် များအဖွဲ့ချုပ်၊ အမျိုးသမီးများအဖွဲ့ချုပ်ဟူ၍ အခြေခိုင်ခံ့ မြဲမြံစွာ မချနိုင်ခဲ့သဖြင့်လည်း အစည်းအရုံးအတွင်း ကျဉ်းမြောင်းသော မြန်မာလူမျိုးကြီးဝါဒ ဝင်ရောက်ရန် လွယ်ကူစေခဲ့ သည်။ တစ်ဖန် အစည်းအရုံးလုပ်ငန်းစဉ်မှာ ပါလီမန်နိုင်ငံရေး၌ အလေးပေးလာသည်။

လူမျိုးစုနှင့် လူထုလူတန်းစားတို့၏ နယ်ချဲ့ပဒေသရာဇ် ဓနရှင်စနစ် ဆန့်ကျင် တော်လှန်ရေး လှုပ်ရှားမှုလမ်းစဉ်မှာ မထွန်းကားရဘဲ မှေးမှိန်တိမ်ကောရတော့သည်။ ယင်းနှင့် တစ်ချိန်တည်း တပ်ပေါင်းစုလူတန်းစား လူထုစည်းရုံးလှုပ်ရှားမှုမှာ တစ်ခုနှင့်တစ်ခု စနစ်တကျ ဆက်စပ်အထောက်အကူပြု အားဖြည့်ကြီးထွားလာရန် အခြေအနေမကောင်း သလို ဖြစ်၍လာရသည်။

မြင်းခြံ သခင်ညီလာခံကြီး အစည်းအရုံးက ဖောက်ချလုပ်နိုင်ခဲ့သည့်အလုပ်မှာ အထွေထွေရွေးကောက်ပွဲ၌ ကိုယ့်မင်းကိုယ့်ချင်း (ပါလီမန်အဖွဲ့) အမည်ဖြင့် လုံးဝ လွတ်လပ်

mgyoe.com